# ပရိယတ္တိမှ

# ပဋိပတ္တိအောင်ပွဲသို့



ဓမ္မဒါန

မဟာစရိယ ဦးဝိဇယ

၁၀၁၀၄

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၉၉၆၉)

ဓမ္မာစရိယ ဦးဝိဇယ

၏

# ပရိယတ္တိမှ ပဋိပတ္တိအောင်ပွဲသို့

ဓမ္မာစရိယ အောင်ပွဲ အထိမ်းအမှတ်အဖြစ်
ဓမ္မဒါန ထုတ်ဝေသည်။

ထုတ်ဝေသူ

ဦးဝိဇယ
ကင်းလွတ်ခွင့်အမှတ် (၀၃၉၈၁)
လေသာရုံကျောင်းတိုက်
မလဲသာရွာ၊ မုံရွာမြို့နယ်။

ပုံနှိပ်သူ ၁၀၁၀၄

ဦးဘိုးကြွယ် (၀၂၀၂၃ မြဲ)
စန္ဒာပပဝင်း ပုံနှိပ်တိုက်
အမှတ် ၂၂၊ ၁၅၇ လမ်း၊ တာမွေ၊ ရန်ကုန်မြို့
ဖုံး ၅၀၈၅၈။

## ပဏာမ မင်္ဂလာ

ထုတ်ပြန်ရန် စာအရှိန္တယ်သမို့
ဗုဒ် ဓမ် သံ အာစရိယတို့၊ နမာမိ ဦးတင်
　　လာပါကြည့် စာမှာရှိ
မာတာပိ ဖူးမြင်သည်၊ မူးအစဉ် ထိပ်ထား
ပဏာမ ထိုအနေမှာ၊ ရှိသေစွာ ဦးချဝပ်တွား
　　စိန္နိုးပြု ရန်လုံးစု
ကံသုံးခု ရောက်ခါမှေလျှင်၊ ပျောက်ပါစေစင်သွား
ထောက်ညှာလေ သခင်များသို့၊ ထင်အရှားတောင်းပန်
　　စွန့်တွေးခါ န္တဆော်ရတာမို့
ကျွန့်ရေးစာ လွဲချော်ကျလျှင်ဖြင့်၊ တွဲခေါ်ကြ ထောက်
　　　　　　　　　　　　　　ပြ အမှန်
ဥာဏ်ရှိလှ တံဆိပ်အတည်ရုံမှုပို
ပဏ္ဍိတ ဟိတ်မည်ခံတွေကို၊ စိတ်ရည်သန် တောင်းပန်
　　　　　　　　　　　　　လိုက်ပါရဲ့
ကြောင်းမှန်ထိုက် ဆုမ္မမူ၊ လုံးဝကြည်ဖြူ
　　စာချွန်ကြည့်မှေ့ ခါမွန်ထိတွေ့
တာဝန်ရှိ၍ ရေးရသူကို၊ တွေးဆယူ သနားပါဖျလေး
　　ဤစာရေးလို့-ရည်ခါတွေးစို့
ကြည်သာအေးဘို့ ပစ္စယတကာအပြင်
　　မိဘ ဆရာရှင် ဂုဏ်ပြုပါရဲ့လေး
ကျမ်းစာရှုကြည့် ချမ်းသာသုခ
လန်းဖြာ မုဒိ ဖြိုးဝေလျှံအောင်
　　တိုးစေရန် ဆုတောင်းပါရဲ့လေး။

အောင်ပွဲဟူသည်....

လုပ်ငန်းတခုကို မဖြစ်မနေ အားနှင့် မာန်နှင့် ကြိုးစားသူတိုင်း၏ ဆုလာဘ်သာတည်း၊ တနည်းဆိုသော်....ထိုလုပ်အားရှင်၏ ပန်းတိုင်သာတည်း၊ အိပ်ပျော်နေသော ခြင်္သေ့မင်း၏ခံတွင်းဝသို့ မည်သည့်သားကောင်မျှ အလိုလို ခုန်ဆင်းကြလိမ့်မည် မဟုတ်ချေ၊ အားအင်ဗလ၊ ပြည့်ဝခိုင်ဖြိုး၊ ခြင်္သေ့မင်းကြီးသည်လည်း၊ အစာအဟာရအတွက်၊ လုံ့လကြိုးကုတ် အားမာန်ထုတ်၍ ရှာဖွေရပါသည်။

ကျွန်ုပ်တို့သည် မည်သည့်လုပ်ငန်းကိုမျှ မလုပ်ကြလျှင်၊ မည်သည့် ဆုလာဘ်၊ မည်သည့်ပန်းတိုင်ကိုမျှ၊ ရောက်ကြလိမ့်မည်၊ ရကြလိမ့်မည် မဟုတ်ပေ၊ အောင်ပွဲ (သို့မဟုတ်) ပန်းတိုင်သည် အလုပ်နှင့် ဆက်စပ်နေပေသည်။ အောင်ပွဲ ဟူသည်၊ အလုပ်လုပ်သူတိုင်း၏၊ လက်တကမ်းမှာ၊ ရှိပါသည်။ ယင်းသို့...လက်

တကမ်းလောက်မှာရှိသော အောင်ပွဲကို မလှမ်းနိုင်ခဲ့ပါမူ- ရှုံးပွဲ၊ ဆုံးပွဲ၊ ကျပွဲတို့နှင့် လက်တွဲရချေဦးမည်။

ဤသို့ဆိုလျှင်....အလုပ်လုပ်သူတိုင်း၊ အောင်ပွဲ မရနိုင်သေး၊ လုပ်ငန်းတခုကို မဖြစ်မနေ၊ အားနှင့် မာန်နှင့်၊ "သေမြေကြီး ရှင်ရွှေထီး" သဘောထားခါ၊ ကြိုးစားပါမှ၊ အောင်မြင်နိုင်သည်ဟု၊ ဆိုရာရောက်သည်၊ အလုပ်မလုပ်လျှင်ကား - အောင်ပွဲဟူသည်ကို၊ ဤဘဝ၊ ထိုဘဝ၊ မျှော်လင့်စောင့်စားသော်လည်း အရာထင်တော့မည် မဟုတ်ပါချေ။

ယနေ့ခေတ်တွင် အလုပ်လုပ်သူတိုင်းကို၊ အလုပ်သမား ဟူသော ဝေါဟာရမှ ပြုကြသည်၊ ယင်းဝေါဟာရသည် လုပ်သားပြည်သူတို့၏ အတွင်း၌၊ တွင်ကျယ်လျက် ရှိပေသည်၊ အလုပ်သမား ဟူသော ထိုဝေါဟာရကို မြင်ကွင်းကျယ်ဖြင့်၊ စစ်တမ်းထုတ်ရပါမူ—အားလုံးသော လူသားတိုင်း မိမိတို့ဘဝနှင့်၊ သင့်လျော် လျောက်ပတ်သော လုပ်ငန်းတို့ကို တန်ရာတန်ရာ လုပ်ကိုင်နေကြရသည်။ လယ်သမားသည် လယ်လုပ်ရသည်။ ယာသမားသည် ယာလုပ်ရသည်၊ ကုန်သည်သည် ကုန်သွယ်ရသည်၊ လက်သမားသည် အိုးအိမ်တည်ဆောက်ရသည်၊ ပန်းရံဆရာသည် တိုက်တာ အဆောက်အဦးကြီးများ တည်ဆောက်ရသည်၊ ကျောင်းဆရာသည် စာပေပညာသင်ကြားပေးရသည်၊အနုပညာသမားသည် အနုပညာကို ဖန်တီးထုတ်လုပ်ရသည်၊ ရဟန်းတော်များသည် ပရိယတ္တိ (စာပေကျမ်းဂန်သင်ကြားမှု)နှင့် ပဋိပတ္တိ (ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းပွားများမှု) လုပ်ရသည်၊ နိုင်ငံအစိုးရသည် နိုင်ငံတော်ကို အုပ်ချုပ်ရသည်၊ ထို့ကြောင့်....

အလုပ်သမား ဟူသော ဘွဲ့ထူးကို လူသားတိုင်း၊ လူသားတိုင်း ရရှိသင့်ကြသည်။

ထိုအလုပ်သမားတို့သည် မိမိတို့ဘဝ သာယာချမ်းမြေ့ရေး၊ (ဝါ) အောင်ပွဲရရှိရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းကြ၏။ သို့ရာတွင် လုပ်ငန်း၏ ခက်ခဲမှု၊ ထိုလုပ်ငန်းရပ်ကို ကိုင်တွယ်ရာတွင် မကျွမ်းကျင်မှု၊ ပျော့ညံ့နေမှု၊ နှေးကွေးနေမှု၊ အလျင်တဆော၊ အလောတကြီး လုပ်ကိုင်မှု၊ စသောချို့ယွင်းချက်များကြောင့်၊ အောင်ပွဲနှင့် ရင်မဆိုင်ရတော့ဘဲ၊ ရှုံးပွဲ၊ ဆုံးပွဲ၊ ကျပွဲတို့နှင့် တိုးကြရသူတွေလည်း၊ အနတက္ကမပင်၊ အောင်ပွဲသည်၊ လက်တကမ်းမှာ ရှိသည်ဟု၊ ဆိုရလင့်ကစား၊ အောင်မြင်ဘို့ရန်ကား၊ လွယ်သည်တော့မဟုတ်ပါလေ၊ ထို့ကြောင့်လည်း၊ အလုပ်လုပ်သော အလုပ်သမားတိုင်း။ အောင်မြင်မှုနှင့် ကျဆုံးမှု ဝါ—အောင်ပွဲနှင့် ရှုံးပွဲနှစ်ရပ်လုံးတို့ကို၊ ရင်ဆိုင်ရပါသည်၊ အောင်မြင်မှုနှင့် ကျဆုံးမှုနှစ်ရပ်သည်၊ တခုနှင့်တခု ဆန့်ကျင်နေသော်လည်း၊ ဆက်စပ်နေသည်၊ အောင်ပွဲကိုလက်တွဲနိုင်လျှင်၊ ကျရှုံးပွဲသည် အလိုအလျောက် လက်တွဲပြုတ်မည်ဖြစ်၏၊ အောင်ပွဲကို လက်မတွဲနိုင်ဘိမူ ကျဆုံးပွဲသည် အလိုအလျောက် လက်ဆက်လိမ့်မည်ဖြစ်သည်။

အလုပ်လုပ်သော လုပ်အားရှင်တိုင်း၊ အလုပ်သမားတိုင်း အတွက် ဆုံးရှုံးမှု မအောင်မြင်မှုသည် စိတ်ဓါတ် ကျစရာ အကောင်းဆုံး စိတ်ပျက်ဝမ်းနည်းဘွယ် အကောင်းဆုံးဖြစ်သည်မှာ ယုံမှားစရာမရှိပေ၊ လုပ်ငန်းမအောင်မြင်၍ စိတ်ပျက်ဝမ်းနည်းဘွယ်ရာ ကောင်းသလောက် လုပ်ငန်း အောင်မြင်မှုရပြန်

တော့ ဝမ်းသာကြသည်၊ ကြည်နူးကြသည်၊ ပျော်မြူးကြသည်၊ တကယ်တော့ ကျွန်ုပ်တို့လူသားတို့သည် လောကဓံနယ်မြေ လောကဓံအသိုင်းအဝိုင်းမှာ ကျင်လည်နေကြရသူတို့ဖြစ်၍၊ လောကဓံနယ်မြေတွင် အမြဲတန်းဝမ်းသာစရာချည်း ကြုံတွေ့ခံစားကြရမည်မဟုတ်သလို အမြဲတန်း ဝမ်းနည်းစရာ စိတ်ငြိုးငွေ့ မချမ်းမြေ့စရာချည်း ကြုံတွေ့ခံစားရလိမ့်မည်မဟုတ်ပေ။

ထို့ကြောင့်—မဟုတ်ပါလော—လောကဓံရှစ်ပါးတွင်—

(၁) လာဘော (ဥစ္စာပစ္စည်းပေါများခြင်း)
(၂) အလာဘော (ဥစ္စာပစ္စည်းနည်းပါးခြင်း)
(၃) ယသော (အခြံအရံများခြင်း)
(၄) အယသော (အခြံအရံနည်းပါးခြင်း)
(၅) နိန္ဒါ (ကဲ့ရဲ့ရှုတ်ချခြင်း)
(၆) ပသံသာ (ချီးမွမ်းမြှောက်စားခြင်း)
(၇) သုခံ (ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း)
(၈) ဒုက္ခံ (ကိုယ်စိတ်နှစ်သင်းဆင်းရဲခြင်း)ဟူ၍၊

အကောင်းနှင့်အဆိုး နှစ်မျိုးစီ- နှစ်မျိုးစီ- တခုတည်း သတ်သတ် လွန်လွန်ကဲကဲမဟုတ်ဘဲ ဗုဒ္ဓဘုရားရှင်က ဒွန်တွဲ၍ ဟောတော်မူခဲ့သည်၊ ကျွန်ုပ်တို့လူသားတို့သည် လောကဓံနယ်မြေ လောကဓံ အသိုင်းဝိုင်းမှာ နေပါလျှက် အသိခေါက်ခက် အဝင်နက်ကာ ဝမ်းသာစရာ ကြည်နူးစရာ ပျော်စရာချည်းကိုသာ ခံစားလိုကြ ထိတွေ့လိုကြသည်၊ ဝမ်းနည်းစရာ စိတ်မချမ်းမြေ့စရာဆိုလျှင် စိတ်မျှပင် မကူးခြင် မတွေးခြင်တော့၊ ထို့ကြောင့်

လည်း လူသားတို့သည် ယေဘုယျအားဖြင့် မိမိတို့ ဝမ်းသာကြည်နူး စိတ်ချမ်းမြေ့ရေးအတွက် အောင်မြင်မှုရရန် လုပ်ငန်းဆောင်တာတို့ကို တရားသော၊ မတရားသော၊ လုပ်ထိုက်သော၊ မလုပ်ထိုက်သော၊ သင့်သော၊ မသင့်သော၊ မဝေဘန် မစိစစ်တော့ဘဲ တိုးတိုက်တိုက်၊ ကျားကိုက်ကိုက်၊ ကြိုးရုံးလုပ်ကြတော့သည်၊ ဤနေရာတွင် ကျွန်ုပ်တို့လူသားတို့ သတိထားကြရမည်ဖြစ်၏။ မတရားသော မလုပ်ထိုက်သော မသင့်သော လုပ်ငန်းဆောင်တာတို့ကို မလုပ်သင့်ကြပေ၊ မတရားသောအလုပ်ဖြင့် မတရားသောအောင်မြင်မှုကိုလည်း မမြှော်မှန်းအပ်ပေ၊ တရားသောအလုပ်ဖြင့်သာ တရားသောအောင်မြင်မှုရရန် ကြိုးစားသင့်ကြပေသည်၊ လောကီစီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ လောကုတ္တရာရေး၊ စသောလုပ်ငန်းဆောင်တာတို့ကို။

ထိုထိုအမှု၊ ပြုပြုသမျှ၊ ကံကိုစွဥ်၊ မိန်းမ
ယောကျ်ား၊ စိတ်သွားသောလျှောက်၊ မရောက်
တချို့၊ ရောက်တချို့နှင့်၊ ကိုယ့်ဖို့ပြည့်စုံ၊ မကုံ
လည်းရှိ၊ ကုံလည်းရှိလျှက်၊ မမိလည်းဖမ်း၊ မိ
လည်းဖမ်းဖြင့်၊ ကိုယ့်စွမ်းအားကိုး၊ ဆော်ပင့်
နှိုးက၊ ကောင်းကျိုးရှိရာ စမြဲတည်း။ (ဇနကပျို့)ဟူသည့်

အတိုင်း ကိုယ့်စွမ်း ကိုယ့်အားကိုကိုးလျှက်၊ မဖြစ်–ဖြစ်အောင်၊ မရ-ရအောင်၊ မရောက်-ရောက်အောင်၊ မပိုင်-ပိုင်အောင်၊ မနိုင်နိုင်အောင်၊ တကာယ်ကြိုးစားသူတိုင်း မဖြစ်နိုင်သောအရာ၊ မရနိုင်သောအရာ၊ မရောက်နိုင်သောအရာ၊ မပိုင်နိုင်သောအရာဟူ

၍ ဘယ်မှာမှမရှိပေ၊ "ကြိုးစားက-ဘုရားဖြစ်နိုင်၏"ဟူသော ဆောင်ပုဒ်တခုရှိသည်၊ ထို့ပြင်.... ဝါယမေထေဝ ပုရိသော ယောကျ်ားအာဇာနည်ဟူသည်၊ ကြိုးစားရသည်။

နနိဗ္ဗိန္နေယျ ပဏ္ဍိတော၊ ပညာရှိ—မပျင်းမရိရာ၊ ဆန္ဒဝတော ကိံ နာမ ကမ္မံ နသိဇ္ဈတိ၊ ဝီရိယရှင်အား မပြီးနိုင်သောအလုပ်ဟူ၍ မရှိရာဆိုသော သြဝါဒကထာများလည်း ရှိသည်၊ မှန်ပါသည်။

လုပ်ငန်းတခုကို လုံးဝပြီးစီးအောင်မြင်စေလိုသော ဆန္ဒနှင့် ပြီးစီးအောင်မြင်မှုမရမခြင်း ရှေ့သို့-ရှေ့သို့ တိုးတက်အားထုတ်လုပ်ကိုင်လိုသော ဇွဲသတ္တိ ဝီရိယရှိမှသာလျှင် အရာရာကို အောင်ပွဲဆင်နိုင်ကြပါသည်၊ သို့မဟုတ်လျှင် အောင်ပွဲဆင်နိုင်လိမ့်မည် မဟုတ်ပေ၊ တရံရောအခါ သိကြားမင်းသည် သူ၏သားများ ဖြစ်ကြသော သုဝီရ-သုသိမ တို့ကိုခေါ်၍....

"ငါ့သားများ....ထကြွလုံ့လ ဝီရိယနှင့် အလုပ်မလုပ်ဘဲ ကြီးပွားချမ်းသာခြင်းကိုရသော အရပ်ဒေသ အကယ်၍ရှိငြားအံ့၊အဲဒီ အရပ်သို့ သင်တို့သွားကြပါ၊ ငါ့ကိုလည်း အဲဒီအရပ်သို့ ပို့ပေးစမ်းပါ"ဟု ပြောဆိုဆုမ္မသော ဟူ၏။ နတ်သိကြားတို့ ပင်လျှင် ထကြွလုလ္လ ရှိကြရလျက် ချမ်းသာကြီးပွါးခြင်းကို ဆောင်ရွက်ကြရသည်ဖြစ်ရာ ကျွန်ုပ်တို့ လူသားတို့မှာ ပြောစရာမလိုတော့ပေ။

ကျွန်ုပ်တို့သည် မိမိလုပ်ငန်းရပ်၏ သဘာဝ အတိမ်အနက်ကို၊ ထောက်ဆပြီး၊ ကျွမ်းကျင်စွာ ကိုင်တွယ်ခြင်း၊ လုလ္လဝီရိယ သံပတ်အားပျော့လျှင် သံပတ်တင်းပေးခြင်း၊ လုပ်ငန်းဖင့်နွှေး

မှုမရှိခြင်း၊ သွေးဆူပြီး ရေးကြီးသုတ်ပြာ ဗျာကရာမရှိဘဲ၊ ဆဆ တွေးတွေး၊ အေးအေးမှန်မှန် ဆောင်ရွက်ခြင်းတို့ဖြင့်သာ ကြိုး စားပါမှ မုချ အောင်ရမည်ဟူ၍ ကျွန်ုပ်တို့ ယုံကြည်ပါသည် သို့ရာတွင် လုပ်ငန်းသဘောတရား၏ ကြီးကျယ်လေးနက်မှုရှိ လျှင် အချိန်ကြန့်ကြာ၍ ကြီးကျယ်လေးနက်မှု မရှိလျှင် အချိန်မကြန့်ကြာဘဲ၊ မြန်မြန်ဆန်ဆန် ပြီးစီးနိုင်ခြင်း ကွာ ခြားချက် သဘောတရားသာ ရှိချေမည်။ ဆိုလိုသည်မှာ.... အနှေးနှင့်အမြန် ဒါဘဲဖြစ်သည်။ ထို့ကြောင့်လည်း စနစ် တကျ အလုပ်ကြိုးစားသူတိုင်း အောင်မြင်မှုတွေ ရနေကြသည် မဟုတ်ပါလော။

စီးပွားရေး အောင်ပွဲတွေ၊ လူမှုရေး အောင်ပွဲတွေ၊ ပညာရေး အောင်ပွဲတွေ၊ အမျိုးသားရေး အောင်ပွဲတွေ၊ သာ သနာရေး အောင်ပွဲတွေ၊ နိုင်ငံရေး အောင်ပွဲတွေ စသည် စသည် အောင်ပွဲခံနေကြသည်။ အောင်လံတော်တွေ စိုက်ထူ နေကြသည်။ တကယ်တော့ လူသားတို့အဘို့ အလုပ်ကြိုးစား သူတိုင်း စီးပွါးရေးဖြစ်ဖြစ်၊ ပညာရေးဖြစ်ဖြစ်၊ နိုင်ငံရေးဖြစ် ဖြစ်၊ ဘာဘဲဖြစ်ဖြစ် လုပ်ငန်းအောင်မြင်မှုသည် အောင်ပွဲပင် ဖြစ်သည်။ အောင်ပွဲခံပြီး၊ ချီးကျူးပြီး၊ ဂုဏ်ယူပြီးပင်ဖြစ်သည် ဟု ကျွန်ုပ်တို့ လက်ခံယုံကြည် ယူဆထားကြသည်။ အမြင် ကျယ်ကျယ်ဖြင့် သုံးသပ်ထားကြသည်။ အောင်ပွဲခံပြီး၊ ချီး ကျူးပြီး၊ ဂုဏ်ယူပြီးဖြစ်သော လုပ်အားပိုင်ရှင် ထိုလူသားကို မည်သူကမျှ အောင်ပွဲတခြိမ့်ခြိမ့် ကျင်းပပေးစရာ မလိုပေ။

သို့သော်....

ကျွန်ုပ်တို့ လူသားတို့ကား၊ "တာဝန်ကိုယ်စီ ရှိသင့်သည်၊ ရှိလဲ ရှိကြသည်" ဟူသကဲ့သို့ လူ့လောကကြီး တိုးတက်ဖွံ့ဖြိုး စည်ကားရေး၊ ငြိမ်းချမ်းသာယာရေးအတွက် တာဝန်ကိုယ်စီရှိနေကြပေသည်။ လူသားလောကကြီး တိုးတက်ဖွံ့ဖြိုးစည်ကားရေး၊ ငြိမ်းချမ်းသာယာရေး၊ အလုပ်သမား၊ တောင်သူလယ်သမား၊ စာရေးစာချီ၊ ကာယဉာဏ၊ အသိပညာရှင်၊အတတ်ပညာရှင်၊လူသားအားလုံး ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်သည်။ ညီညွတ်ရမည်၊ အားမာန်ရှိရမည်၊ ရေသာခို အချောင်လိုက်၊ သာယာစီး၊ ရေပေါ်ဆီဝေ့၊ စိတ်ထားမျိုး ကင်းရှင်းရမည်။ တာဝန်သိရမည်။ တဦးနှင့်တဦး ခွဲခြား ခွဲခြား လုပ်နေ၍ လည်း မဖြစ်ပေ။ တဦးနှင့်တဦး သူ့ကြောင့် ငါ့ကြောင့်ဟု အပြစ်တွေပုံချပြီး လက်ညှိုးထိုး ရန်ထောင်နေ၍ မဖြစ်သလို ချီးကျူး ဂုဏ်ယူစရာတွေတွေ့ခါမှ ငါ့ကြောင့် ငါ့ကြောင့်ဟု "ဝိဒေဟရာဇ် ပုတ်သင်"လို အဟုတ်ထင်ပြီးခေါင်းတငြိမ့်ငြိမ့် လုပ်ခါ ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်လုပ်နေ၍လည်း မဖြစ်ပေ။ ငါတတ်သည် ငါမြတ်သည် ဟူ၍လည်း အချင်းချင်း ဂုဏ်ခံနေ၍လည်း မဖြစ်ပေ။ ကာယ အလုပ်သမားကလည်း ကာယ တာဝန်၊ ဉာဏ အလုပ်သမားကလည်း ဉာဏတာဝန် ကျေပွန်ကြရန် အရေးကြီးသည်။ ကျွန်ုပ်တို့ လူသားတို့သည် လူသားတာဝန်ကို ရှောင်လွှဲရန် မသင့်ကြပေ။ ရှောင်လွှဲရန် မသင့်သလို ထမ်းဆောင်ရန်လည်း မမေ့သင့်ကြပေ။ သမိုင်းပေးတာဝန်ကို မမှိတ်မသုန် ယုံကြည်ချက် အသိစိတ်ဓာတ်ဖြင့် ထမ်းဆောင်ကြသော လူသားယဲ့တွင် ပြောင်မြောက်ထူးချွန်ကြ

သော ပုဂ္ဂိုလ်များလည်း ရှိကြသေးသည်။ ထိုပုဂ္ဂိုလ်များကို ကျွန်ုပ်တို့ ချောင်ထိုးထား၍ မဖြစ်ပေ။ ထိုက်ထိုက်တန်တန် ဂုဏ်ပြုရမည်။ ချီးကျူးရမည်၊ ပူဇော်ရမည်၊ မြှောက်စားရမည်၊ "ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော" ထူးချွန် ပုဂ္ဂိုလ်ကိုအသိအမှတ်ပြုရမည်၊ ဤသို့ ဆိုလိုက်ယဖြင့် ထူးချွန်ပုဂ္ဂိုလ်နှင့် မထူးချွန်ပုဂ္ဂိုလ်ကိုအဆင့်အတန်း ခွဲခြားခြင်းဟုမယူဆသင့်ပေ။ ထို့သို့ဆိုလိုက်သဖြင့် ထူးချွန်ပုဂ္ဂိုလ်များကိုမှ လေးစားနိုင်မည်၊ ကိုးကွယ်နိုင်မည်၊ "သူ့ဆိုမှသူ" "ဗူးဆို ဖရုံ မသီးခြင်ဘူး" "ဒါဆိုမှဒါဘဲ၊ နောက်ထပ်မပြောနဲ့" စသော "လှေနံဒါးထစ်" ဝါဒလုံး ဝါဒခဲကြီးများဖြင့် တခြားသော ပုဂ္ဂိုလ်များကို မလေးစားနိုင်ခြင်း၊ မကိုးကွယ်နိုင်ခြင်း၊ မယုံကြည်နိုင်ခြင်း၊ မထီတရီ မခန့်လေးစားလုပ်ခြင်း စသော တယူသန် တဖက်စွန်းရောက်လွန်းသော ပုဂ္ဂလိက ကိုးကွယ်ရေး ဝါဒများကိုလည်း အသေအလဲ အစွဲကြီးကြီး ဖက်တွယ်မထားသင့်ပေ။

အစွန်းလွတ်မဇ္ဈိမပဋိပဒါလမ်းစဉ်နှင့် ညီညွတ်ကြရလိမ့်မည်၊ အစဉ်အလာ အားဖြင့်လည်း ထူးချွန်သည့် ပုဂ္ဂိုလ်များကို ချီးကျူးမြှောက်စားလာခဲ့ကြသည့် အလေ့အထများလည်းရှိပါသည်။ ဤတွင် ပညာပြလိုခြင်း၊ မျက်နှာမော့မော့ ရင်ကိုကော့၍ ဂုဏ်ယူဝင့်ကြွားလိုခြင်း၊ ငါမှငါဟု ထင်ပေါ်စေလိုခြင်း၊ အပိုင်စိတ်ဖြင့် အနိုင်နှိပ်လိုခြင်း စသော မနော်မရိုးသဘောဆိုးဖြင့်ချီကျူးကိုထောင်ပြလို၍ ချီးကျူးခြင်း ဂုဏ်ယူခြင်း၊ မြှောက်စားခြင်းများလည်း "လောကဓာတ်ထွာဓမ္မတာ" မို့ရှိကြပေလိမ့်ဦးမည်။ ဆန့်ကျင်ဘက်အားဖြင့် အနာဂါတ်ကို

စိုးပိုင်ကြမည့် အနာဂါတ်၏ကြယ်ပွင့်လေးများ ဖြစ်ကြသော အနာဂါတ်လူငယ်လူရွယ် မောင်မယ်ကလေးများ အတုယူစေလိုခြင်း၊ စိတ်ဓာတ်တက်ကြွစေလိုခြင်း၊ "လူရည်ချွန် ဖြစ်ရမည်" ဟူသော စိတ်ထားများ၊ လူငယ်ထု၏ ရင်ဝယ် ပေါက်ဖွားစေလိုခြင်း၊ "ငါနှင့် ငါ့ပတ်ဝန်းကျင်မှ သည် ကမ္ဘာတဝှမ်းသို့တိုင် ငြိမ်းချမ်းသာယာရမည်" ဟူသော စိတ်အကြံအစီအစဥ်ဖြင့် လူသားတို့၏ ငြိမ်းချမ်းရေးဖခင် သို့မဟုတ် ပီသုကာကောင်းတယောက်ဖြစ်အောင် ကြိုးစားစေလိုခြင်း စသော မှန်ကန်သော ဦးတည်ချက် ရဲရင့်သော အတွေးအခေါ် ပွင့်လင်းသော စေတနာ ထက်မြက်သော အသိ စိတ် ဓာတ် အပြုသဘောဆောင်သော လုပ်ရပ်တို့ဖြင့် မြှောက်စားခြင်း ချီးကြူးခြင်း၊ ဂုဏ်ယူခြင်းတို့လည်း ရှိလိမ့်ဦးမည်သာ ဖြစ်သည်။ အချောအလှရှိလျှင် အကျည်းတန် အရုပ်ဆိုးသူရှိသည်၊ မိုက်သူရှိလျှင် အလိမ္မာ အိမ်ပါသူရှိသည်၊ ဖြူသူရှိလျှင် မဲသူလည်းရှိသည်၊ အကွေ့အကောက်ရှိလျှင် အတည့်အဖြောင့်ရှိသည်၊ အတက်အဆင်းအထစ်အငေါ့ရှိလျှင်၊ အတက်အဆင်း ပြေပြစ်ချောမောသည်လည်းရှိသည်၊ ဤသည်ကား လောက၏ သဘာဝ နိယာမ ထုံးစံဓမ္မတာတရပ် ဖြစ်သည် မဟုတ်ပါလား။

လူ့သမိုင်းဟူသည် လူသားတို့၏ ကောက်ကျစ်စဉ်းလဲမှု၊ ရက်စက်မှု၊ ရိုးသားမှု ကြင်နာမှု၊ မုန်းတီးမှု၊ ချစ်ခင်မှု၊ ပူဆွေးမှု၊ ဝမ်းသာမှု၊ အပြုသဘော အားသန်မှု၊ အဖျက်သဘောလွန်ကဲမှုတွေကို မှတ်တမ်းတင်ထားခြင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ.... မှတ်တန်းသန့်ရှင်းရေး၊ သို့မဟုတ် လူ့သမိုင်းကြောင်း တော်

တည့်ဖြောင့်မှန်ရေးသည် လူသားတို့၏ အဓိက တာဝန်တရပ် ဖြစ်ချေသည်။ လူ့သမိုင်းကြောင်း အစွန်းအထင်း မထင်ရေး၊ မှန်မြတ်သန့်စင်ရေးအတွက် ကျွန်ုပ်တို့သည် အပြုသဘောဆောင်သော စေတနာမှန်ဖြင့် အပြုသဘော လုပ်ရပ်တို့ကို လုပ်ဆောင်ကြရချိမ့်မည်။ ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးဖြင့် ကြိုးပမ်းကြရချိမ့်မည်။

ထူးချွန်သူများကို မြှောက်စားခြင်း၊ ချီးကျူးခြင်း၊ ဂုဏ်ယူခြင်းတို့ကို သမိုင်းပေးတာဝန်တရပ် သို့မဟုတ် လူသားတို့၏ လုပ်သင့်လုပ်ထိုက်၍ ရှောင်လွှဲမရသော မဟာတာဝန်တရပ်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။ ဤသည်ပင်လျှင် ကျွန်ုပ်တို့ အောင်ပွဲကျင်းပကြသူများ၏ ရည်မှန်းချက်ဖြစ်သည်၊ ရည်မှန်းချက်အတိုင်းလည်း ဆရာ–တကာ လက်တွဲညီညာစွာဖြင့် သိုင်းဝိုင်းပြီး သရုပ်သကောင်ပေါ်အောင် "အပြောမဟုတ် လက်တွေ့" ဖော်ထုတ် လုပ်ဆောင်လိုက်ကြပါပြီ။ သို့အတွက် ကျွန်ုပ်တို့ သမိုင်းပေး တာဝန်တရပ်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပေပြီဟု ဆိုသော် ဆိုနိုင်တန်ရာသည်။ ပြောဆိုခဲ့သော်.... ပြောနိုင်တန်ရာသည်။ လူသားပီသခြင်းဟူ၍လည်း ဆိုသင့်နိုင်တန်ရာသည်။ လူသား၏ မြင့်မြတ်သော မဟာစေတနာကို ထုတ်ဖော်ခြင်းပင် ဖြစ်သည်ဟု ဆိုသော်....ဆိုစကောင်းရာသည်။

တကယ်တော့ သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြသူတွေကား ကျွန်ုပ်တို့ချည်းသာ ရှိသည်မဟုတ်ပေ။ ကျေးလက်တိုင်း မြို့ပြတိုင်း သောသောအုတ်အုတ်၊ ရုတ်ရုတ်

သဲသဲ၊ တအားနဲ့ တအားကြဲနေကြသည်ကို လေ့လာသောနား၊ လေ့လာသော မျက်စိဖြင့် ပတ်ဝန်းကျင် အနေအထားကို သုံးသပ်သူတိုင်း သိရှိကြမည်သာဖြစ်သည်။ လောကီပညာ ထူးချွန်သူတွေ၊ လောကုတ္တရာ ထူးချွန်သူတွေ၊ စာပေ ဂီတ· ရုပ်ရှင် ဇာတ်သဘင်အနုပညာ ထူးချွန်သူတွေ၊ အားကစားထူး ချွန်သူတွေ၊ သိပ္ပံပညာ ထူးချွန်သူတွေ၊ စစ်ရေးထူးချွန်သူတွေ၊ နိုင်ငံရေးထူးချွန်သူတွေ ဗိုလ်ချုပ်အောင်ဆန်းတို့လို အာဇာနည် ပုဂ္ဂိုလ်တူးတွေ၊ လူရည်ချွန်တွေ၊ စံပြလုပ်သားကြီးတွေ စသည် စသည်ဖြင့် အသိအမှတ်ပြုကာ ဂုဏ်ပြုပွဲတွေ၊ ချီးကြူးပွဲတွေ၊ အတီးအမှုတ် အကအခုန်တို့ဖြင့် ပန်းကုံးစွပ်ပြီး ကြိုဆိုပွဲတွေ ယုတ်စွအဆုံး ပေါက်စနု-ပုလုကွေး၊ ချာတိတ်သေးသေး၊ သူငယ် တန်း ကလေးများကိုပင် ပထမဆု၊ ဒုတိယဆု၊ စသည်ဖြင့် ထူး ချွန်ဆုတွေ ပေးနေသည်ကို ကျွန်ုပ်တို့ အနီးကပ် တွေ့မြင်နိုင်ကြ ပါသည်။ လုပ်သင့်လုပ်ထိုက်၍ လုပ်ကြခြင်းဖြစ်ပါသည်။အကျိုး မရှိဘဲနှင့် အဘယ်သူသည် အရှုံးထ၍ လုပ်ပါမည်နည်း၊ ကျွန်ုပ်တို့ အနေဖြင့်အားလုံးသော လူသားတိုင်း "ရွှေသမင်ဘယ်ကထွက် မင်းကြီးတာကထွက်" မဖြစ်ကြရန် တာဝန် ကျေပွန်စေချင်ပါ သည်။ ကျောက်ရိုင်းတုံးကလေးတွေ အရည်အသွေး တောက် ပြောင်လာစေချင်ပါသည်။ ပန်းကလေးတွေ ပွင့်လန်းလာ စေ ချင်ပါသည်။ဥသြငှက်၏ တေးသံသာလို သာယာ ချိုအေး စေချင်ပါသည်။

ကျွန်ုပ်တို့သည် ထူးချွန်သူများကို ဂုဏ်ပြုခြင်း၊ ချီးကြူး

ခြင်း၊ မြှောက်စားခြင်းဖြင့် သမိုင်းပေးတာဝန် ကျေပွန်၍ လူ သားပီသခြင်း၊ လူသား၏ မြင့်မြတ်သော မဟာစေတနာကို ထုတ်ဖော်ခြင်းသည် လောကနီတိအဆိုနှင့်လည်း ညီညွတ်သည်။ နီတိဆရာက သူ၏လောကနီတိ ရာဇကဏ္ဍတွင် "နိဂ္ဂဟေ နိဂ္ဂဟာ ရဟံ၊ ပဂ္ဂဟေ ပဂ္ဂဟာရဟံ" ဟု အဆိုအမိန့်ပြုခဲ့သည်။ အနက်အ ဓိပ္ပါယ်မှာ– နိဂ္ဂဟာရဟံ၊ နှိပ်ကွပ်ထိုက်သူကို နိဂ္ဂဟေ၊ နှိပ်ကွပ် ရာ၏။ ပဂ္ဂဟာရဟံ၊ ချီးမြှောက်ခြင်းငှာ ထိုက်သောသူကို ပဂ္ဂဟေ၊ ချီးမြှောက်ရာ၏။

မှန်ပါသည် ကျွန်ုပ်တို့သည် နှိပ်ကွပ် တားမြစ်ရမည့်သူကို မတားမြစ်ဘဲ လစ်လျူရှုထားပါက ရောင့်တက်၍ အဖျက် သ ဘော လွန်ကဲသဖြင့် လူသားတွေ အကျိုးစီးပွား ထိခိုက်ပြီး လူ့သမိုင်းကြောင်းကြီး အမဲကွက်ထင်ချေတော့မည်။ ထိုကဲ့သို့ ပုဂ္ဂိုလ်မျိုးများအတွက် တရားဥပဒေ စည်းကမ်း သတ်မှတ်ချက် တွေကို ရေးဆွဲပြဋ္ဌာန်းထားကြရသည်။ ဤအထဲမှာပင်အမှုအခင်း များကို တောင်လိုပုံစေသည့် လူသားမဆန်တော့ လူသားများ ကလည်း ပေါလိုက်သည့်ဖြစ်ခြင်း။ ဤလို လူသားများကလည်း "ကမ္ဘာကုန်ကျယ်သရွေ့"ဟု ဆိုရမလို ဖြစ်နေသည်။ လူ့လော က ပန်းချီကားကြီးကို အရုပ်ဆိုး အကျည်းတန်စေသော အနှိ လူသားတို့ကား ရှေးအစဉ်အလာကလည်း ရှိခဲ့ဘူးကြသည်။ယခု လည်း ရှိနေကြဆဲ။ နောင်လည်း ရှိနေကြလိမ့်ဦးမည်၊ နူးနပ် အောင်ပြုတ်ထားသောပဲပြုတ်ထဲတွင် မနူးမနပ်သော"ပဲစုန်းပြူး" ကတော့ ရှိလိမ့်ဦးမည်သာ ဖြစ်သည်။ ပဲပြုတ်သည်, သည် ဤ "ပဲစုန်းပြူး" ကို ကြောက်လန့်ပြီး ပဲပြုတ်သည်ဘဝကို စွန့်

ဖြစ်လိုက်မည် မဟုတ်ပေ။ ထို"ပဲစုန်းပြူး" ကို ရွေးပစ်လိုက်ရုံသာ ရှိသည်။

တနည်းအားဖြင့် ကျွန်ုပ်တို့ အညာကျေးလက်တွင် တောင်သူဦးကြီးများသည် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါတို့ကိုစိုက်ပျိုးသောအခါ၊ ကျွန်ုပ်တို့အလိုရှိသော ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ အပင်များနှင့် တကွ၊ အလိုမရှိသော ပေါင်းမြက်များလည်း ပေါက်လာကြပါသည်။ သို့ရာတွင် ထိုတောင်သူဦးကြီးသည် ပေါင်းမြက်များကို ကြောက်လန့်ပြီး၊ သူ၏စိုက်ပျိုးခြင်းလုပ်ငန်းကို ပိတ်မပြစ်လိုက်ပေ။ ထိုပေါင်းမြက်များကို နုတ်ပစ်ဘိုသာလျှင် ရှိပေသည်။ သို့မဟုတ် သူ့အလိုလို ကျွတ်ထွက်သွားပေလိမ့်မည်။ ဆိုလိုသည်မှာ....လူ့လောကကြီး ငြိမ်းချမ်းသာယာစေသော လူသားများရှိသလို၊ မငြိမ်းချမ်းစေသော လူသားများကလည်း ရှိနေကြဦးမည်မှာ....ဓမ္မတာဟုဆိုလိုပါသည်။

ချီးမြှောက်ထိုက်သူကို မချီးမြှောက်ဘဲ ထားပါကလည်း လူသားတွေ အကျိုးစီးပွား တိုးတက်ဖွံ့ဖြိုးမှု၊ အထောက်အပံ့အတွက် တတပ်တအား မဖြစ်နိုင်တော့ချေ။ တိုးတက်သင့်သလောက် မတိုးတက်ဟု ဆိုလိုပါသည်။ ကျွန်ုပ်တို့သည် နေရာတကာ သာတူညီမျှ လုပ်နေ၍ မဖြစ်ပေ။ နွားထီး ငါးကျပ်၊ နွားမ ငါးကျပ်၊ တန်ဘိုးခြင်းထပ်ပြီး၊ သတ်မှတ်နေ၍ မဖြစ်ပေ။

မှန်ပါသည်။

2

အလုပ်ကို ရိုးသားမှန်ကန်စွာ မလုပ်ဘဲ၊ သူခိုးဓါးမြ၊ လူဆိုး လူမိုက်၊ လူ့ရမ်းကား လူ့အဖျက်သမားများနှင့်၊ ရိုးသားမှန် ကန်စွာ... လုပ်ကိုင် စားသောက်နေသူများကို သာတူညီမျှ၊ တတန်းစားတည်း သဘောထားလျှင် မှန်ကန်နိုင်မည် မဟုတ် ပေ။ ထို့ကြောင့်...ကာလ ဒေသ အခြေအနေပေါ် မူတည်၍ ဝိဘဇ္ဇဝါဒ လက်ကိုင်နှင့်၊ ချက်ပိုင်ပိုင် သုံးတန်သုံးရမည်။ ချင့် ချိန်ရမည်၊ ဝေဘန်ရမည်၊ ပိုင်းခြားရမည်၊ နှိုင်းနှိုင်းချိန်ချိန် သုခမိန် လုပ်ရမည်၊ ကျွန်ုပ်တို့ ဗုဒ္ဓမြတ်စွာသည်ပင်၊ နေရာတကာ နွားထီး ငါးကျပ်၊ နွားမ ငါးကျပ် မလုပ်၊ ဝိဘဇ္ဇဝါဒ အခြေ ခံ၍ အဖြေမှန်အောင် ဝေဘန်စိစစ်ပြီး၊ ချီးမြှောက်ထိုက်သူ ကို ချီးမြှောက်ခဲ့သည်။ နှိပ်ကွပ်ထိုက်သူကို နှိပ်ကွပ်ခဲ့သည်။ တနည်းအားဖြင့်.... "ဆုပေး-ဒဏ်ပေး" စနစ်ကို အသုံးပြုတော် မူခဲ့သည်။

ဥပမာအားဖြင့်....ကျွန်ုပ်တို့ ဗုဒ္ဓ၏ သာဝကထဲတွင် လက်ျာရံ လက်ဝဲရံဖြစ်သော အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် မထေရ်တို့ကို လေ့လာ ကြည့်သင့်သည်။ အရှင်သာရိပုတ္တရာ သည် ရာဇဂြိုဟ်ပြည်နှင့် မလှမ်းမကမ်းမှာရှိသော ဥပတိဿ ရွာသားဖြစ်သည်။ အရှင်မောဂ္ဂလာန်သည် ကောလိတ ရွာ သားဖြစ်သည်။ ပုဏ္ဏားရွာကဇလေးများ ဖြစ်ကြသည်။ အရှင် သာရိပုတ္တရာ၏ ငယ်နာမည်ကို ဥပတိဿရွာ ဥက္ကဋ္ဌကြီး၏သား ဖြစ်သောကြောင့် ဥပတိဿဟုခေါ်ကြသည်။ အရှင်မောဂ္ဂလာန် ၏ ငယ်နာမည်ကို ကောလိတရွာ ဥက္ကဋ္ဌကြီး၏ သားဖြစ်သော ကြောင့် ကောလိတဟု ခေါ်ကြသည်။ သူတို့၏ မိဘများ

သည့် ယခင်မှ ယခုတိုင်အောင် အစဉ်အလာကပင် မိတ်ဆွေ ရောင်းရင်း အပေါင်းအသင်းများ ဖြစ်ကြသည်။ ဥစ္စာခနေ ကြွယ်ဝသည်၊ ဆွေရိသင်းပင်းများသည်၊ သူတို့ကလည်း ရုပ်ချောသည်၊ ပညာတတ်သည်၊ ဥက္ကဋ္ဌကြီး၏ သားများဆို တော့ တန်ခိုးအာဏာ ပါဝါကလည်း မသေး။ သည်တော့ သူတို့အတွက် ဘာများ လိုတော့သနည်း၊ ရာဇဂြိုဟ်မြို့တွင် နှစ်စဉ်ကျင်းပသော တောင်ထိပ်ပွဲသဘင်ဟူ၍ ရှိသည်။ လူစည် ကားသည်၊ ပျော်စရာကောင်းသည်၊ ထို့ကြောင့်....ပျော်ခဲ့ကြ သည်၊ ရွှင်ခဲ့ကြသည်။

သို့ရာတွင် သတိသံဝေဂထင်၍ ဉာဏ်ရင့်သန်လာသော အခါ ရှေးကလို မပျော်ရွှင်နိုင်တော့ပြီ။ ပွဲလမ်းသဘင်နှင့် ပါတ်သက်၍ အနှစ်သာရ ရှိသည်ဟုလည်း မထင်မြင်နိုင်ကြ တော့ပြီ။

"ဩော်....ဒီပွဲသဘင်လာပြီး၊ ပျော်ကြရွှင်ကြနဲ့၊ အထင်ကရ အတွေးများလိုက်မယ်ဆိုလျှင် ဒီလူသားတွေဟာ အနှစ်တရာ မပြည့်ခင်၊ ကုန်ပျောက်ပျက်စီးလို့ သွားကြရမှာပါကလား" ဟု ဥပတိဿနှင့် ကောလိတတို့ သူငယ်ချင်း နှစ်ယောက်တို့ တွေးမိကြသည်၊ တွေးတောထိတ်လန့်မိကြသည်၊ သို့နှင့် တောင် ထိပ် ပွဲသဘင်မှအပြန် သိဉ္စည်းပရိဗိုဇ်ကြီးထံ သွား၍ ရဟန်းပြု ကြသည်။

ဆရာ၏ အယူဝါဒကိုလည်း သင်ယူကြသည်။ ဉာဏ်ထက် မြက်သူတွေမို့ ၂-ရက်၊ ၃-ရက်မျှဖြင့် အားကိုးတတ်မြောက် ကြသည်။ သို့သော် သူတို့၏ ပကတိ ရည်ရွယ်ချက်ဖြစ်သော

ဝဋ်မှ ထွက်မြောက်ရာ အမြှိက်တရားကိုကား မရရှိကြပါချေ။ သေတရားရှိလျှင် မသေတရားလည်း ရှိရမည်။ ဤကား သူတို့၏ ယုံကြည်ချက်ဖြစ်သည်။ ဤယုံကြည်ချက်ကြောင့်လည်း.... ရဟန်းပြုလာကြသည်။ သည်တော့ ဘယ်မှာ အားလျှော့သေးမည်နည်း။ မသေတရား ဟောတတ်သောဆရာကို ရှာပုံတော်ဖွင့်ရပါမည်။

ဤသို့ဖြင့်....သူငယ်ချင်းနှစ်ဦး၊ ဇမ္ဗူဒိပ်တကျွန်းလုံး ခြေရာခြင်းထပ်မျှ "ဆရာ ရှာဖွေရေး" လုပ်ကြသည်။ သို့သော် အချီးနှီးသာတည်း။ သေဆေးကိုကျွေးမည့် ဆရာတွေကား.... ခြေချင်းလိမ်မတတ် ပေါများသော်လည်း မသေဆေးကျွေးမည့် ဆရာကား ရှာလေ ဝေးလေ၊ လိုက်လေ ပြေးလေ၊ ကိုယ့်နားရွက်ကို ကိုယ်လိုက်ကြည့်ရသလိုပါတကား။

တနေ့....

ထိုတနေ့ကား ဥပတိဿအဖို့ မမေ့နိုင်သော အခါသမယပါပေ။ သံသရာ့ရှုံဗွက်ထဲမှ အပြီးအပိုင်.... ရုန်းထွက်နိုင်မည့် အခြေခံ အစပျိုးရသည့်အခါလည်း ဖြစ်သည်။

သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးလျက်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊အင်လေးပါးထက်၊နင်ကားရာထောင်၊မကမှောင်သော၊ ကိလေသာစက်၊ သုံးထောင်ဝက်တို့၏ ကြီးစိုးနှောက်ယှက်ရာ သံသရာ့ အမဲရောင်နယ်မြေမှ အဖြူရောင်နယ်မြေသို့ မကြုံစဘူး ထူးထူးဆန်းဆန်း၊ ဖြတ်သန်း ကျော်လွှားရတော့မည့် ညနှင့်နံနက်အကူး၊ ရောင်နီဦး၊ မူးသည့်အချိန်လည်း ဖြစ်ပေသည်။

ဥဒ္ဒံအတွင်းမှ နွတ်သီးခြေဖျားတောင်ပန်အားတို့ကိုအသုံးပြု၍ ရုန်းကန်လှုပ်ရှား အမှောင်ကြားမှ လူးလွန့်တိုးထွက်လာသော ကြက်ပေါက်စကလေးများကဲ့သို့ အဝိဇ္ဇာတည်းဟူသော အမိုက်တောမှ ကသောကမြော ပြေးထွက်နိုင်တော့မည့် အချိန်အခါ သမယဟုလည်း ဆိုနိုင်သည်။ ထိုတနေ့သည် ဥပတိဿအဖို့ မမေ့နိုင်သလို သာသနာ့အတွက်လည်း မေ့ရက်နိုင်စရာ မရှိပါချေ၊ ထိုတနေ့တွင် ဗုဒ္ဓ၏ အားအကိုးရဆုံး သာသနာ၏ ဦးစီးခေါင်းဆောင် တပည့်ကြီးများ ပေါ်ပေါက်လာကြလိမ့်မည် ဟူ၍လည်း မည်သူမျှ စိတ်တွင် တွေးတောကြလိမ့်မည်မဟုတ်ချေ၊ ပဉ္စဝဂ္ဂီ(ငါးဦးအဖွဲ့)ဝင်ဖြစ်သော အရှင်အဿဇိမထေရ်သည်၊ ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံကြွလာသည်၊ သင်္ကန်းဝတ်ရုံထားပုံကလည်း ပိပိရိရိ ညီညီညာညာဖြစ်သည်၊ မင်းသားများ ပုဆိုးကို ခြေနှင့် ခတ်၍ ခတ်၍ ကစားနိုင်လောက်အောင် ရှည်လျားစွာ ဝတ်ဆင်ထားခြင်းမျိုးလည်း မဟုတ်ချေ၊ လူတို့၏ ဘောင်းဘီတိုနံ့နံ့ပုံစံလို ဗုဒ္ဓ၏ဩဝါဒအတိုင်း ဒူးအောက် လက်ရှစ်သစ်လည်း မဟုတ်သော ဟိုဒင်းအောက် လက်ရှစ်သစ် တိုနံ့နံ့လည်းမဟုတ်ပေ၊ သွားပုံ လာပုံမှာလည်း ယောက်ယက်ခတ်မဟုတ်၊ မနှေးမမြန် ခပ်မှန်မှန်၊ မျက်နှာ အမူအရာကလည်း မကလက် တည်တည်ကြည်ကြည်၊ အရေအဆင်းကလည်း ပြိုးပြိုးပြက်ပြက် ဝင်းဝင်းလက်လက် ဤ"စံပြပုံ"ကို ဖူးတွေ့လိုက်ရသူ ဦးပတိဿအဖို့ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့သွားရပေသည်၊ ဤ"စံပြရဟန်း"မျိုးကို ဤတကြိမ်သာ ဖူးတွေ့ကြုံကြိုက်သေးသည်။

ဆောင့်ကြွားကြွား ဒေါင့်မကျိုးသော ရဟန်းမျိုး၊ ရဟန်း ပီပီ မကျင့်ကြံ မကြိုးကုတ် မနေထိုင်ဘဲ လူနှင့်သူနှင့် ရောနှော ချင်သော " ရော-ရဟန်း "မျိုး၊ ဥစ္စာဓန ရာထူး ဂုဏ်သိရ်၊ အရှိန်အဝါကြီးမားသော ကြီးကြီး·မာစတာတို့၏အထံ အောက် ကျနောက်ကျ အစေအပါး ခံလိုသော "စေ-ရဟန်း" မျိုး၊ သွားပုံလာပုံ နေပုံထိုင်ပုံ ပြောပုံဆိုပုံ အနိမ့်ဆုံးလူလောက်မှ အချိုးမကျ အဘိုးမတန် ဟန်ပန်မတင့် အဆင့်အတန်းမမှီသော "စံမမှီ-ရဟန်း"မျိုး၊ ရာဇဂြိုဟ်မြို့ထဲတွင် အကြောင်းမရှိ အခွင့် အခါမဟုတ်ဘဲ မြို့လုံးအနှံ့ စကြာက အရှုံးပေးရလောက်အောင် သွားလာ လည်ပတ်နေတတ်သော "စကြာ-ရဟန်း"မျိုး၊ ဝါဒ ဆန်း၊ ဝါဒထူးတွေထွင်ပြီး စားသာအောင် နာမည်ကြီးအောင် ရာဇဂြိုဟ်မြို့ထဲ ဝါဒဖြန့်နေကြသော ဗုံမဟုတ် ပတ်မဟုတ် ကြက် သံလည်းမပီ ကျီးသံလည်းမကျ ရှေးမဟုတ် ခေတ်မဟုတ်သော "အောက်ကလိအာ-ရဟန်း"မျိုး၊ ကီမဟုတ် ကုတ်မဟုတ် ဟို ယောင်ယောင် ဒီယောင်ယောင်နှင့် ယောင် ၆၀ မကာ ယောင် တရာ ခေါ်နိုင်လောက်သော "ယောင်တရာ-ရဟန်း"မျိုး၊ ဤ ကဲ့သို့ မျိုးပေါင်း သောင်းခြောက်ထောင် စံပြ မဟုတ်သော "စံကျ"ရဟန်းမျိုးကိုတော့ ဤရာဇဂြိုဟ်မြို့ထဲတွင် သူ ခဏခဏ တွေ့ဘူး ကြုံဘူးသည်၊ မမြင်ခြင်အဆုံး မကြားခြင်အဆုံး ဖြစ် သည်၊ ဥပတိဿကိုယ်တိုင်လည်း ရဟန်းအမည်ခံ ပရိဗိုဇ်တွေ ဝန်းကျင် အသိုင်းအဝိုင်းမှာ ကျင်လည်နေရသည်။

အရှင် အဿဇိလို ဗုဒ္ဓ၏ သားတော် "စံပြ-ရဟန်း"မျိုးကို တွေ့ကြုံရသောအခါ အဘယ်မှာ စိတ်မကြည်နူး မချမ်းမြေ့ဘဲ

ရှိအံ့နည်း၊ ဤ"စံပြ-ရဟန်း"လေးကို တွေ့လျှင်တွေ့ခြင်း ဝမ်းသာစိတ်တွေ၊ ကြည်နူးစိတ်တွေ အားရစိတ်တွေက တိုက်တွန်းနှိုးဆော်ကြသဖြင့် ဦးပတိသကြီးသည် "အို....အရှင်.... သင်ဘယ်သူ့ကို ရည်မှန်း၍ ရဟန်းပြုပါသလဲ၊ အရှင်၏ဆရာကား ဘယ်သူပါလဲ၊ အရှင်.... ဘယ်သူ့တရားကို နှစ်သက်ပါလဲ"ဟု ချက်ခြင်းလက်ငင်း အားပါးတရ မေးလိုက်ခြင်သည်၊ မေးလိုသည့် စိတ်တွေ တဖွါးဖွါးဖြစ်နေသည်၊ သို့ရာတွင်"စံပြ-ရဟန်း" လေး၏ ဆွမ်းခံချိန်ကို အနှောက်အယှက်ပေးရာရောက်မှာစိုးရိမ်၍ မမေးမြန်းသေးဘဲ နောက်ယောင်ခံပြီးလိုက်ခဲ့သည်၊ သည်လိုနှင့် "စံပြ-ရဟန်း"လေး ဆွမ်းခံပြီးမှပင် သူမေးချင်တာတွေ မေးခွင့်ရတော့သည်၊ သိချင်တာတွေ သိခွင့်ရတော့သည်။

"ဩော်....ငါ့ရှင်ရဲ့ဆရာက သာကီဝင်မင်းမျိုးမှ ရဟန်းပြုလာတဲ့ ဂေါတမဗုဒ္ဓကိုး၊ ဂေါတမ ဗုဒ္ဓရဲ့ဝါဒကို လိုက်နာတယ်ဆိုပါတော့၊ အင်း.... ကောင်းပါတယ်လေ.... ကောင်းပါတယ်၊ ဒါနဲ့....ငါ့ရှင်ရယ်.... မသိလို့ မေးစမ်းပါရစေဦး၊ ငါ့ရှင်ရဲ့ဆရာက ဘယ်လိုဝါဒတွေ ဟောပါသလဲ"

"ငါ့ရှင်.... ငါကလဲ ရဟန်းပြုတာ မကြာသေးပါဘူး၊ သီတင်းငယ်ဘဲရှိပါသေးတယ်၊ အကျယ်တဝင့် မဟောတတ်ပါဘူး၊ အနည်းအကျဉ်းဘဲ ဟောတတ်ပါတယ်"

"ကိုင်းပါ....ငါ့ရှင်ရယ်.... နည်းနည်းများများ ဟောတတ်သလောက်သာ ဟောပါ....နာစမ်းပါရစေ"

"ကဲလေ....ဒီလိုဆိုလဲ ဟောရတာပေါ့၊ နားထောင်ပါ....ငါ့ရှင်"

ယေဓမ္မာ ဟေတုပ္ပဘာဝါ၊ တေသံ ဟေတုံ တထာ
ဂတော အာဟ၊ တေသဉ္စ ယောနိရောဓော၊ ဧဝံဝါဒီ
မဟာသမဏော၊

(ဝိနည်းပိဋက-မဟာဝဂ္ဂ)

ဤသို့“စံပြ-ရဟန်း”လေးက ဟန်ကျ ပန်ကျ ဗုဒ္ဓ၏ ဒေသနာ ဓမ္မကို အသေအချာဟောပြတော်မူလိုက်သည်။

အဓိပ္ပါယ်မှာ.... အကြင်တရားတို့သည် အကြောင်းတရားလျှင် အမွန်ပဘာဝ ,ပဓါန အရင်းခံဖြစ်ကုန်၏၊ ထိုတရားတို့၏ အကြောင်းတရားကို မြတ်စွာဘုရား ဟောတော်မူ၏၊ အကြင်တရားတို့၏ ချုပ်ခြင်းသည်ရှိ၏၊ ထိုတရားတို့၏ ချုပ်ခြင်းကိုလည်း မြတ်စွာဘုရား ဟောတော်မူ၏ ဟူလို၊ ဤတွင် ဥပတိဿ ပရိဗိုဇ်ကြီး သောတာပန်ဖြစ်တော်မူသည်၊ ထိုမှတဆင့် ကောလိတ ပရိဗိုဇ်လည်း သောတာပန်ဖြစ်သည်၊ ဥပတိဿနှင့် ကောလိတ သူငယ်ချင်းနှစ်ယောက်သည် မူလက သိဉ္စည်းပရိဗိုဇ်ကြီး၏တပည့်များ ဖြစ်ကြသည်၊ နောက်မှ သာသနာ်တော်သို့ ဝင်ရောက်လာသည့် ပုဂ္ဂိုလ်များဖြစ်ကြသည်၊ မူလက မည်သည့်အခြေအနေ မည်သည့်ဂိုဏ်းဂဏ၊ မည်သည့်လုပ်ငန်းတို့ကို လုပ်နေပါစေ၊ မိမိ၏သာဝကများ ဖြစ်လာသောအခါ အရည် မှီသောပတ္တမြား၏ တန်ဘိုးကို သိသူကဲ့သို့ ဤသာဝကကြီး များ၏ တောက်ပြောင် ထက်မြက် မြင့်မြတ်သော အရည်အချင်းကို ဒေါင့်စုံ ဘက်စုံ ဝေဖန် ပိုင်းခြား၍ အရှင်သာရိပုတ္တရာကို လက်ျာရံ အဂ္ဂသာဝက၊ အရှင်မောဂ္ဂလာန်ကို လက်ဝဲရံ အဂ္ဂ

သာဝက ဘွဲ့ထူး ဂုဏ်ထူးတို့ဖြင့် ချီးမြှောက်တော်မူခဲ့သည်။ ကျွန်ုပ်တို့၏ ဗုဒ္ဓသည် မြင့်မြတ်၍ အမြော်အမြင် ကြီးသော ဥယျာဉ်မှူးကောင်း တယောက်ပါတည်း၊ ဥယျာဉ်မှူးကောင်းမည်သည် မိမိ၏ဥယျာဉ်ခြံမြေတွင် ကနဦးဖြစ်ထွန်းလာသော မျိုးစေ့မဟုတ်စေကာမူ တနည်းအားဖြင့် သူတပါး၏ ဥယျာဉ်ခြံမြေမှ တဆင့်ပေါက်ပွားယူရသော မျိုးစေ့ဟုတ်မှန်စေကာမူ မျိုးကောင်းမျိုးသန့်ဆိုလျှင် စိုက်ပျိုးတတ်စမြဲတည်း၊ဘယ်သူ့ခြံကမို့ ဘယ်သူစိုက်တာမို့ဟူသော အစွဲအလန်းမျိုးမရှိချေ၊ ဗုဒ္ဓလည်း ဤသဘောနှင့် လိုက်လျောညီထွေ ကျင့်တော်မူပေသည်၊ ဥပတိဿနှင့် ကောလိတ သူငယ်ချင်းနှစ်ယောက် ဗုဒ္ဓ၏ တပည့်သားဖြစ်လာသည့်အခါမှ အမည်နာမလည်း ပြောင်းလဲသွားကြသည်၊ ဥပတိဿသည် သာရိပုဏ္ဏေမ၏ သားဖြစ်သောကြောင့်သာ ရိပုတ္တရာဟု ခေါ်ကြသည်၊ ကောလိတကိုတော့ မောဂ္ဂလိပုဏ္ဏေမ၏ သားဖြစ်သောကြောင့် အရှင်မောဂ္ဂလာန်ဟု ခေါ်ကြသည်။

ဗုဒ္ဓသည် ချီးမြှောက်သင့်သည်ကို ချီးမြှောက်ရမည်ဟူသော မူအရ ကျင့်ကြံမှုရေးရာ၊ အဆုံးအဖြတ်ရေးရာ၊ ဟောပြောရေးရာ၊ သဒ္ဓါရေးရာ၊ လုလ္လဝီရိယရေးရာ၊တည်ကြည်မှုရေးရာ၊စသည်ဖြင့် အကြောင်းအရာတခုခု ထူးချွန်မှုရှိသူတိုင်း "တေဒဂ်"ခေါ် "ထူးချွန်မြင့်မြတ်သူ" ဘွဲ့ထူး ဂုဏ်ထူးများကို အမျိုးသားအမျိုးသမီး၊ လူ့ရှင့်ရဟန်း, "လူတန်းစား"မခွဲခြားဘဲ အသီးသီး ချီးမြှောက်တော်မူပါသည်၊ လက်နှေးတော်မမူခဲ့ပေ။

ပုံစံအချို့ကို ပြရပါလျှင်....

| | | |
|---|---|---|
| (၁) | အရှင်သာရိပုတ္တရာ | (ပညာအရာ ဧတဒဂ်) |
| (၂) | အရှင်မောဂ္ဂလာန် | (တန်ခိုးအရာဧတဒဂ်) |
| (၃) | အရှင်မဟာကဿပ | (ဓုတင်္ဂဓရ ဧတဒဂ်) |
| (၄) | အရှင်ဥပါလိ | (ဝိနယဓရ ဧတဒဂ်) |
| (၅) | အရှင်ရာဟုလာ | (သိက္ခာကာမဧတဒဂ်) |
| (၆) | အရှင်အာနန္ဒာ | (ဗဟုသုတ ဧတဒဂ်) |
| | ။ | (သတိအရာ ဧတဒဂ်) |
| | ။ | (ပညာအရာ ဧတဒဂ်) |
| | ။ | (သမာဓိအရာ ဧတဒဂ်) |
| | ။ | (ဥပဋ္ဌာကအရာ ဧတဒဂ်) |
| (၇) | ဘဒ္ဒကစ္စာနာ(ယသော်ဓရာ) | (မဟာဘိညာ ဧတဒဂ်) |
| (၈) | ဥပ္ပလဝဏ်ထေရီ | (တန်ခိုးအရာ ဧတဒဂ်) |
| (၉) | ခေမာထေရီ | (မဟာပညာ ဧတဒဂ်) |
| (၁၀) | ဓမ္မဒိန္နာထေရီ | (ဓမ္မကထိက ဧတဒဂ်) |
| (၁၁) | အနာထပိဏ်သူဌေး | (ဒါနပတိ ဧတဒဂ်) |
| (၁၂) | စိတ္တသူကြွယ် | (ဓမ္မကထိက ဧတဒဂ်) |
| (၁၃) | နကုလပိတာနှင့် နကုလမာတာ ဇနီးမောင်နှံ | (ဝိဿာသိက ဧတဒဂ်) |
| (၁၄) | ခုဇ္ဇုတ္တရာကျွန်မ | (ဗဟုသုတ ဧတဒဂ်) |

ဖေါ်ပြပါပုံစံတို့ကား "ဧတဒဂ်"ခေါ် "ထူးချွန်မြင့်မြတ်သူ" ဘွဲ့ထူး ဂုဏ်ထူးပိုင်ရှင် မြောက်များစွာထဲမှ အချို့ဖြစ်ပါသည်၊ သတိပြုမိကြရန် အမြွက်မျှ တင်ပြရခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့ ဗုဒ္ဓမြတ်စွာသည် ရှုံ့ချပြစ်တင်သင့်သူ၊ နှိပ်ကွပ်ထိုက်သူကိုလည်း အားမနာတမ်း မောဃ,တုစ္ဆ,နိရတ္ထက,အချိုးနှိုး အလကား- အကျိုးမရှိစသော စကားတို့ဖြင့် ပြင်းထန်စွာ ရှုံ့ချပြစ်တင်တော်မူသည်၊ နှိပ်ကွပ်တော်မူသည်၊ တခါသော်.... စာပေကျမ်းဂန်တတ်မြောက်ပြီး သံဃာတော်ငါးရာကို စာပေပို့ချနေသော "တိပိဋကဓရ" ဂုဏ်ရှင် ပေါဋ္ဌိလရဟန်းကြီးကို စာပေမာန်ကျ၍ အလုပ်စခန်း ပြီးစေချင်သည်၊ "ဂန္ထဓုရ" စာပေကျမ်းဂန် သင်ယူပို့ချခြင်းတာဝန်ကျေပွန်သလို, "ဝိပဿနာဓုရ" ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်း ပွားများအားထုတ်မှုတာဝန်ကိုလည်း ကျေပွန်စေလိုသည်၊ တနည်းဆိုသော်.... "ပရိယတ်မှ ပဋိပတ်သို့" တဆင့်တက်စေလိုသည်၊ဤသည်ကား၊ ဗုဒ္ဓ၏ သန့်စင်မွန်မြတ်သောဆန္ဒတော်ဖြစ်သည်၊ သို့ရာတွင်ပေါဋ္ဌိလရဟန်းကြီး၏လုပ်ရပ်သည် ဗုဒ္ဓ၏ဆန္ဒတော်နှင့်အံဝင်ဂွင်ကျ အနွှောဂဓ, မဖြစ်တော့ချေ ခုတ်ရာတခြား ရှရာတခြားဖြစ်နေသည်၊ အဖြူဆို အမဲဖြစ်နေသည်၊တောင်ဆို မြောက်,ဖြစ်နေသည်၊ပေါဋ္ဌိလရဟန်းကြီးသည် စာပေကျွမ်းသူမို့ "စာပေမာန်" ထန်နေသည်၊ စာမာန်အတွေ့ဖြင့် ဘဝင်လေခွေ့နေသည်၊ "ပိဋကမာန်" ဖြင့် ထူးဆန်းအံ့ဩဖွယ် တိုင်ပေါ်အလံစိုက်နေသည်၊ တပည့်လက်သားနှင့် ကြည်ညို မှီခိုကြသည့် တကာ တကာမ၊ ခြွေရံသင်းပင်းတွေကလည်း ကြွယ်ဝသည်၊ တောင့်တင်းသည်၊ ဘာလိုပါသလဲ၊ ဘာလုပ်ချင် ပါသလဲ၊ လိုတာအမိန့်ရှိပါ ဆိုသည့် ဖိတ်မန် စကားတွေကလည်း အသံမစဲ၊ ငါးခြောက်ဆို - ဖုတ်ပြီးသား၊ ဤအကြောင်းတရားတွေကလည်း သူ့ဘဝင်ကို ပို၍,ပို၍ မြင့်စေ

သည်၊ မီးသည် လေအရှိန်ရလျှင် ပို၍တောက်သည်၊ မီးညွန့်မီးစွယ်များသည် မိုးကောင်းကင်သို့ လူး၍လွန့်၍ တိုးတိုးပြီးတက်သည်၊။သူလည်း မီးနှင့်ပမာတူနေသည်၊ ဗုဒ္ဓအနေနှင့် ပေါဋ္ဌိလရဟန်းကြီးကို ဤအတိုင်း လက်လွှတ်ထား၍မဖြစ်ချေပြီ....ဘဝတခုလုံး ဆုံးရှုံးနိုင်တန်ရာသည် သူ့ဘဝတခုလုံး "စောက်ထိုးမိုးမျှော်"ဖြစ်နိုင်ရာသည်။

ဤလိုအခြေအနေမျိုးတွင် မြှောက်စားဘို့မသင့်ချေ၊ စာပေကျမ်းဂန်တတ်မြှောက်သူမို့ မြှောက်စားသင့်သော်လည်း ရရှိမည့်အကျိုးတရားနှင့် တက်ကြွမာန်ဖီ မထိ တရိလုပ်ရပ်ကြောင့် ဆုံးရှုံးမည့်အကျိုးတရား ဘယ်သင်းကပိုများမည်ကို စောကြောဝေဖန်သောအခါ ဆုတ်ယုတ်ဘို့က ပိုပြီး ဒလေးသာနေသည်၊ စေတနာ ဝေဒနာဖြစ်နိုင်သည်၊ "ပေးကား ပေး၏ မရ" "ကျွေးကား ကျွေး၏ မဝ" ဖြစ်နိုင်သလို၊ "စေတိုင်းလည်း မရောက် ပေါက်တိုင်းလည်း မရှင်" အဖြစ်မျိုးလည်း ဆိုးဆိုး ဝါးဝါး ကြုံတွေ့နိုင်သည်။

ထို့ကြောင့်၊ ဗုဒ္ဓသည်၊ ပေါဋ္ဌိလ ရဟန်းကြီးကို၊

"အတ္တနော ဥပဋ္ဌာနံ အာဂတကာလေ ဟေိတုစ္ဆ ပေါဋ္ဌိလ နိသီဒ တုစ္ဆ ပေါဋ္ဌိလ ယာဟိ တုစ္ဆပေါဋ္ဌိလာတိ ဝဒသ၊ ဥဋ္ဌာယ ဂတကာလေပိ တုစ္ဆပေါဋ္ဌိလော ဂတောတိ၊ ဝဒေတိ"

(ဓမ္မပဒ, အဋ္ဌကထာ, မဂ္ဂဝဂ်,ပေါဋ္ဌိလထေရ်ဝတ္ထု) စသည်ဖြင့် မိမိထံဆည်းကပ်ခစားလာသောအခါမှာလည်း၊ "လာဟ, တုစ္ဆပေါဋ္ဌိလ" ထိုင်လျှင်လည်း၊ "ထိုင်ဟ,တုစ္ဆ ပေါဋ္ဌိလ"

သွားလျှင်လည်း "သွားဟ့တုစ္ဆပေါဠ္ဌိလ" မိမိထံမှ ပြန်သွားသော အခါမှာလည်း "တုစ္ဆ ပေါဠ္ဌိလကြီး, ပြန်သွားပြီဟေ့" ဟု ရက်ရက်စက်စက် ပြစ်ပြစ်ခါခါ နာနာကျည်းကျည်း ရှုတ်ချသည် ကဲ့ရဲ့သည်၊ နှိပ်ကွပ်သည် ဤတွင် ကျွန်ုပ်တို့ သတိထားကြရပါမည် အချို့သော သဘာဝကလည်းမမိ အာဂမကလည်း မရှိ ပင်ကိုဉာဏ်ကလည်း ဗလာနတ္ထိ၊ "ကျပ်မပြည့်" သမားများက ပေါဠ္ဌိလ အတ္ထုပ္ပတ်ကို မဟုတ်မဟတ် အကာအကွယ်ယူ၍ "ဝိပဿနာဆိုတာ စာမလိုပါဘူး ခင်ဗျား မပေါက်မရောက်တာ စာခံနေလို့ စာဆိုတာ အရွတ်အဖတ်ဘဲ့ အရွတ်ဟာ ဝါးမရပါဘူး မြတ်စွာဘုရားတောင် ပရိယတ်သမား စာသမားကို အလိုမရှိဘူး၊ ပေါဠ္ဌိလ မထေရ်ကြီး အကြောင်းကို ဖတ်ကြည့်ပေါ့၊ တုစ္ဆပေါဠ္ဌိလလို့ တုစ္ဆ ဆိုတဲ့ ပါဋ္ဌိနဲ့ ဝိသေသ သုံးထားတယ်၊ တုစ္ဆကို မြန်မာလိုပြန်ရလျှင် အချိုးနှိုး သောက်သုံးမကျ သောက်လကားကောင်၊ သောက်ဖျင်းလို့ ရင့်ရင့်သီးသီး အဓိပ္ပာယ်ထွက်တယ်၊ ဒီတော့ စဉ်းစားကြည့်ပေါ့ "ကပိလငါးကြီး"ကို ကြည့်ဦး ကပိလရဟန်းကြီးဟာ စာသိတ်တတ်တယ်၊ ဟော...သေတော့ ဘာဖြစ်တယ် မှတ်လဲ အစိရဝတီမြစ်ထဲမှာ ခန္ဓာကိုယ် လှသလောက် ခံတွင်းပုတ်တဲ့ ငါးကြီးသွားဖြစ်ရတယ်"ဟု ဗလာတွယ်တွယ်ပြီး ပရိယတ်ကို ခြေကန်၍ လေထန်နေကြသည်၊ အမှန်တော့ ဤသို့ ပြောဟောနေကြ လေကနနေကြသူများသည် ဗုဒ္ဓ၏ ဆိုလိုရင်းကို မရိပ်မိ၍လည်း ဖြစ်တန်ရာသည်၊ သို့မဟုတ် "အသိခေါက်ခက် အဝင်နက်" နေကြခြင်းလည်း ဖြစ်နိုင်သည်၊ ဗုဒ္ဓသည် ပေါဠ္ဌိလ

ရဟန်းကြီး၏ "ပိဋက မာန်"နှင့် ပိဋက မာန်စွယ်နှင့်အတူ အလျှို အလျှို ထွက်ပြူလာကြသော လောဘ ဒေါသ ဒိဋ္ဌိ မောဟ စသော အစွန်းထွက် တရားဆိုးကြီးတွေအပြင် "ပရိယတ်မှ "ပဋိပတ်သို့" မဟုတ်ဘဲ၊ "ပရိယတ်မှ ပရိရုပ်သို့" ရုပ်တန်းရပ်နေမည့် အခြေအနေများကို မလိုလား၍ ဆုမွတော်မူခြင်းဖြစ်ပါသည်၊ ပရိယတ်ကို မလိုလား၍ အပြစ်ထားခြင်း မဟုတ်ပါပေ၊ ကပိလရဟန်းကြီးသည်လည်း စာတတ်ပြီး အဝိစိငရဲကျ၍ "ကပိလငါးကြီး" ဖြစ်ရသည် ဆိုသည်မှာလည်း လိုရာဆွဲ၍ "ပါးစပ် ကမြင်းကြောထ"ခြင်းဖြစ်ပါသည်၊ အမှန်မှာ ကပိလရဟန်းကြီးသည် အနှစ် နှစ်သောင်းတန်းတွင် ပွင့်တော်မူသော ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် ကဿပဘုရားရှင်၏ သာသနာတော် ပွင့်လင်းစီပင်ဆဲအခါတွင် "ကျမ်းဂန်တတ်" တဦးပိပိ စာပေမာန် လာဘ်လာဘမာန်- ချွေရံသင်းပင်းမာန် မိမိကိုယ်ကို "တော်တော်ဟုတ်တဲ့ ငါပါလား"ဟု ဘဝင်ကိုင်ခြင်း သူတော်ကောင်းအရိယာတွေကို စော်ကားပြစ်မှားခြင်း

ကျမ်းဂန်ပါ သဘောတရားတွေကို လို-လိုသလို- မလို-မလိုသလို ပြောဆိုခြင်း၊ကျင့်သုံးခြင်း"အရှိကိုအရှိအတိုင်း" မလုပ်ခြင်း၊ ဂျပိုးကို လိပ်ဖြစ်အောင် မဟုတ်မမှန်ပြောခြင်း "ဓမ္မကိုအဓမ္မ" 'အဓမ္မကိုဓမ္မ' လုပ်မိခြင်း၊ငြူတကောကောခြင်း၊ထင်ရာစိုင်းခြင်း တို့ကြောင့် အဝီစိငရဲကျပြီး ငရဲမှလွတ်လာသောအခါ အစိရဝတီမြစ်ထဲတွင် ငါးကြီးဖြစ်ရခြင်း စသော ဘဝဆိုးတို့ကို ကြုံတွေ့ရခြင်းဖြစ်ပါသည်။ တနည်းအားဖြင့်"နှာခေါင်းကျည်ပွေ့တွေ့" ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် တစုံတခုကို ပြောမည်၊ လုပ်

မည်၊ ဝေဖန်မည်ဆိုလျှင် သမိုင်းကြောင်းကို အစုံအစေ့ လေ့လာ သုံးသပ်ရမည်။ ထိုစဉ်က ပတ်ဝန်းကျင် အခြေအနေကို လည်း ထည့်သွင်းစဉ်းစားရမည်။ အချိန်ကာလကိုလည်း သတိ ထားရမည်။ သို့မှသာလျှင် တော်ကာကျမည်။ သို့မဟုတ်လျှင် "ခတောင်းကျိုက်တခြား ဟိုဒင်းကတခြား" ဖြစ်နိုင်သည်။

ဗုဒ္ဓက အမျိုးမျိုး ရှုတ်ချခြင်း၊ နှိပ်ကွပ်ခြင်း ပြုတော်မူသော အခါ ပေါဋ္ဌိလရဟန်းကြီး ကြာကြာမခံနိုင်ချေ။ တိုက်ပါများ သော သစ်ငုတ်သည်ပင် ကြွတက်လာတတ်သည် မဟုတ်ပါလော၊ ရဟန်းကိစ္စပြီးစီးရန် တပည့်ပရိသတ်နှင့်ကျောင်းကန် အဆောက် အဦးတို့ကိုစွန့်ပြစ်၍ ကမ္မဋ္ဌာန်းခွင်ဝင်ရတော့သည်။ သုံးကျိတ် သော ရဟန္တာ "ကမ္မဋ္ဌာနာစရိယ" ကြီးများကလည်း "ပိဋကမာန်" မခံစေရန် ခုနှစ်နှစ်ရွယ် သာမဏေထံမှ ကမ္မဋ္ဌာန်း ယူစေ သည်။ ပေါဋ္ဌိလရဟန်းကလည်း "ငါ့တိပိဋကရေ" "ငါ့မဟာ ထေရ်" ဟူ၍ မာနမခံတော့ပါ။ ရိုသေလေးစာ စွာဖြင့် "သား သားအရွယ်" သာမဏေငယ်ကို လက်အုပ်ချီ၍ (အဝဿယော မေ ဟောဟိသပ္ပုရိသာတိ) "အို....သူတော်ကောင်း တပည့် တော်၏ ကိုးကွယ်ရာဖြစ်တော်မူပါ" ဟု တောင်းပန်သည်။ သို့ရာတွင် ချက်ခြင်းမရသေး "ကိုယ်တွေ့စစ်ဆေးခြင်း" ခံရသေး ၏။ သာမဏေငယ်သည် ကမ္မဋ္ဌာန်းကျောင်းအနီးရှိ ရေအိုင်ကို ညွှန်ပြ၍ "အရှင်ဘုရား သင်းပိုင်စွတ်ရုံ ရေထဲဆင်းပါ" ဟု ဆို လျှင် ပေါဋ္ဌိလကြီး ရေထဲဆင်းရသည်၊ ပြန်တက်နိုင်ပါပြီ ဟု ဆို လျှင် ပြန်တက်ရပြန်သည်။ သာမဏေငယ်သည် ကျေနပ်အား ရရှိပြီးမှ "အရှင်ဘုရား ဥပမာအားဖြင့် တောင်ပို့ကြီးတခုဟာ

အပေါက် ၆ ပေါက်ရှိပါတယ်၊ အဲဒီထဲမှာ အပေါက်တပေါက်ကနေ ဝင်နေတဲ့ ဖွတ်တကောင်ရှိပါတယ်၊ အဲဒီဖွတ်ကို မိအောင်ဖမ်းလိုလျှင် အပေါက် ၅ ပေါက်ကို ပိတ်ပြီး ဝင်သည့် တပေါက်ကနေ စောင့်ဖမ်းလျှင် ဖွတ်ကိုမိပါလိမ့်မယ်၊ အဲဒီဥပမာလိုပါဘဲဘုရား ဒွါရ ၆ ပေါက်မှာ ဝင်ထွက်နေတဲ့ အာရုံတွေကို ဒွါရ ၅ ပေါက်ကိုပိတ်ပြီး မနောဒွါရ တပေါက်ကနေ စောင့်ဖမ်းပါဘုရား" ဟု ကမ္မဋ္ဌာန်းပေးလိုက်သည်။ အကျဉ်းသင်္ခေပ ပြောလိုက်လျှင်ပင် အကျယ်ဝိတ္ထာရ သိပြီးဖြစ်သော "တိပိဋကဓရ" မို့ ကြိုးစားအားထုတ်၍ မကြာမီပင် ရဟန္တာဖြစ်လေတော့သည်။

ဤသို့လျှင် ဗုဒ္ဓသည် အချိန်မရွေး၊ ဒေသမရွေး၊ ပုဂ္ဂိုလ်မရွေး၊ မျက်နှာကြီးငယ်မရွေး၊ နှိပ်ကွပ်ရမည့်သူကို နှိပ်ကွပ်တော်မူသည်။ အထူးအားဖြင့် ဗုဒ္ဓသည်၊ ဝါဒရေးရာနှင့် ပတ်သက် ဆက်နွယ်လာလျှင် ထောက်ထားငဲ့ညှာတော် မမူချေ။ ထိထိမိမိ၊ တိတိကျကျ ကျင့်သုံးတော်မူသည်၊ တပည့်သာဝကတွေကိုလည်း လမ်းညွှန်သည်၊ ကြောင်းကျိုးဆက်ပြသည်၊ မူဝါဒကို ထင်မြင်စေသည်၊ မိမိတို့ဝါဒအပေါ် မဟုတ်မမှန် ထိကပါး-ရိကပါး မတော် မတရား စွပ်စွဲလာသော ဝါဒတို့ကို တွန်းလှန်ချေပစေသည်၊ တော်လှန်စေသည်၊ နှိပ်ကွပ်စေသည်၊ ပုံစံအားဖြင့် ဒီဃနိကာယ် သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ်ကို ကြည့်ပါ။

"မမံဝါ ဘိက္ခဝေပရေ အဝဏ္ဏံ ဘာသေယျုံ၊ ဓမ္မဿဝါ အဝဏ္ဏံ ဘာသေယျုံ၊ သံဃဿဝါ အဝဏ္ဏံ ဘာသေယျုံ၊ တတြ တုမှေဟိ နအာဃာတော နအပ္ပစ္စယော နစေတသော အန

ဘိရဒ္ဓိ ကရဏီယာ။ တတြစေ တုမှေ အဿထ ကုပိတာ ဝါ၊ အနတ္တမနာ ဝါ၊ တုမှံ ယေဝဿ တေန အန္တရာယော အပိနု တုမှေ ပရေသံ သုဘာသိတံ၊ ဒုဗ္ဘာသိတံ အာဇာနေယျာထာတိ နော ဟေတံ ဘန္တေ။

မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျုံ၊ ဓမ္မဿ ဝါ ဝဏ္ဏံ ဘာသေယျုံ၊ သံဃဿ ဝါ ဝဏ္ဏံ ဘာသေယျုံ၊ တတြ တုမှေဟိ န အာနန္ဒော (ပ) ကရဏီယံ။ တုမှံ ယေ ဝဿ တေန အန္တရာယော” အဓိပ္ပာယ်မှာ ရဟန်းတို့ ဗုဒ္ဓ ဓမ္မ သံဃ ကို အစစ်အမှန် မဟုတ် ဘယ်လိုအကျိုးတရားကိုမှလည်း ပေးနိုင်မည်မဟုတ်၊ မဂ်ဖိုလ်နိဗ္ဗာန် ကောန်ရောက်ကြောင်းလည်းမဟုတ် စသည် စသည် ပုတ်ခတ်စွပ်စွဲလာလျှင် အမျက်မထွက်နဲ့ စိတ်မချမ်းမသာ မဖြစ်နဲ့ မနှစ်သက်ခြင်းမဖြစ်နဲ့ ဖြစ်လာခဲ့သော်– ဈာန်မဂ်ဖိုလ် အန္တရာယ်ရှိနိုင်ပြီး အကျိုးစီးပွား ဆုတ်ယုတ်မည်၊ ပြီးတော့ ဒီစကားဟာ အကောင်းလား....အဆိုးလားလို့လဲ သတိထားနိုင်မှာ မဟုတ်ဘူး၊ အမျက်မထွက် စိတ်မချမ်းမသာ မဖြစ်ဘဲ၊ မမှန်သည်ကို မမှန်သလို ပြန်ပြီး ဖြေရှင်းချက်ထုတ်ပါ၊ (တတြတုမှေဟိ အဘူတံအဘူတတော နိဗ္ဗေဌေတဗ္ဗံ)ဤအကြောင်းတရားကိုထောက်ပြီး ဤဟာ မဟုတ်ဘူး မမှန်ဘူး ဒီဝါဒ င ါတို့မှာ မရှိကိုမရှိဘူး စသည်ဖြင့် အမှန်ကိုထောက်၍ ရဲရဲတောက်တောက် ဖြေရှင်းပါလေ ဗုဒ္ဓ-ဓမ္မ-သံဃ ကို ချီးမွမ်းစကားပြောပြီး အမြောက်အကြွားတွေပါလာလျှင်လဲ စိတ်ကြီးမဝင်ကြနဲ့ မာန်မတက်ကြနဲ့ ဝမ်းမသာကြနဲ့ ဒီလိုဖြစ်လာတာဟာ ဗုဒ္ဓ-ဓမ္မ-သံဃကို အစစ်ကြည်ညိုပြီး ဖြစ်လာတာမဟုတ်ဘူး၊ ရာဂ ပေမ ,နဲ့ စပ်ပြီး ဖြစ်

ပေါ်တာမို့ သင်တို့အကျိုးစီးပွား ဆုတ်ယုတ်နိုင်စရာရှိတယ်၊ ဒါပေမဲ့ ဤအကြောင်းကိုထောက်ပြီး ဤဟာ ဟုတ်တယ်၊ ဤဟာ မှန်တယ်၊ ဒီဝါဒ ဒို့မှာ ကောန်ရှိတယ် စသည်ဖြင့် (တတြ တုမ္ဟေ ဟိ ဘူတံ ဘူတတော ပဋိဇာနိတဗ္ဗံ) ဝန်ခံလိုက်ပါ စိတ်လဲ မဆိုးနဲ့ ဝမ်းလဲမသာနဲ့ အမှားစွပ်စွဲလာလျှင် ငုံ့ခံမနေနှင့် ဖြေရှင်းပါ အမှန်ကို ဖွင့်ဟလာလျှင်လဲ ဝန်ခံပါဟု ဆိုလိုပါသည်။

ကျွန်ုပ်တို့သည် ဤဒေသနာကို သေချာစွာ စိစစ်လေ့လာဝေဘန်ပါလျှင် မှုနှင့် လူကို ခွဲခြားထားသည်၊ မှုဝါဒကို အထိခိုက်မခံနှင့် ပြတ်ပြတ်သတ်သတ် တိုက်ခိုက်ပါ၊ သို့ရာတွင် လူကို အသားလွတ် တိုက်ခိုက်လာလျှင် သီးခံနိုင်သမျှ သီးခံစေချင်သည့် သဘောမှာ သိသာထင်ရှားလှသည်၊ ဗုဒ္ဓသည် ယထာဝါဒီ တထာကာရီ (ပြောသလို·လုပ်) ယထာကာရီ တထာဝါဒီ (လုပ်သလို·ပြော)သည့် ပုဂ္ဂိုလ်ဖြစ်သည်၊ အပြောနှင့် အလုပ် အလုပ်နှင့်အပြော ညီညွတ်တော်မူသည်၊ ထပ်တူထပ်မျှ ဖြစ်တော်မူသည်၊ သာမည သူလိုငါလို ပုဂ္ဂိုလ်မျိုးမဟုတ်ချေ၊ ကျွန်ုပ်တို့ သာမည လူသားတွေကား အလုပ်နှင့် အပြော မညီညွတ်ကြ၊ အပြောတမျိုး အလုပ်တမျိုးသမားတွေဖြစ်ကြသည်၊ ပြောတော့ သောတာပန် လုပ်တော့ ကောကလံဆိုသည့်သဘောတရားတွေ အနန္တဖြစ်သည်။

ကျွန်ုပ်တို့ လူသားတို့သည် အပြောဆိုလျှင် ကျောက်ဆင်းတုကိုယ်တော် ခေါင်းငြိမ့်အောင်ပြောနိုင်၏၊ လက်တွေ့မှာမူ ကျောက်ဆင်းတု ကိုယ်တော်ပင်ထ,ပြီး ခြေတော်နှင့် ကန်စရာ

ပင် ကောင်းလွန်း၏၊ ထို့ကြောင့်လည်း ကျွန်ုပ်တို့လူသား တွေ ကမောက် ကမနှင့် အရာရာ ချောက်ကျနေကြရသည် မဟုတ်ပါလား၊ ကျွန်ုပ်တို့ဗုဒ္ဓသည် အပြောနှင့်အလုပ် ညီညွတ် ပုံသာဓကတရပ်ကို တင်ပြလိုပါသည်၊ ဗုဒ္ဓသည် ကောသမ္ဗီ ပြည်၌ သံဃာတော်များစွာနှင့် ဆွမ်းခံ ကြွတော်မူစဉ်ကဖြစ် သည်။

ထိုအခါ သာသနာမကြည်ညိုသော တိတ္ထိတွေက ဘုရားရှင်၏ နောက်မှ တကောက်ကောက်လိုက်ပြီး ခွေးကြီး-နွားကြီးစသည် ဖြင့် ရင့်ရင့်သီးသီး ဒုတ်ဓါးတွေကိုင်ဆောင်လျက် ဆဲကြဆိုကြ သည်၊ အကြောင်းကလည်းရှိသည်၊ ဥတေနမင်းတရား၏ မိဖုရား မာဂဏ္ဍီသည် သူ၏ဖခင် ပုဏ္ဏားကြီးက ဂေါတမဗုဒ္ဓနှင့် သူ့ကို ပေးစားအပ်နှင်းစဉ်ကာလက ကျင်ကြီးကျင်ငယ် အပုတ်အသိုး တို့ဖြင့် ပြည့်နေသော သင့်သွီးကို ခြေဖျားနှင့်တောင်မှ မထိလို ဟူသော ဗုဒ္ဓဂေါတမ၏စကားကို ရန်ငြိုးဖွဲ့၍ သူမ အထွဋ်အထိပ် ရောက်၍ လက်စားချေနိုင်လောက်သည့် အဆင့်အတန်းရောက် လာသောအခါ အထက်ပါ တိတ္ထိတို့ကို တစိုးလက်ဆောင်ပေးပြီး၊ "ကျောင်းတော်ကရန်စ"ကို အပြတ်ရှင်းခြင်းပင်ဖြစ်သည်၊ ခန္တီ ပါရမီရှင် ဗုဒ္ဓကတော့ မည်သို့မျှအမှုထားတော်မမူပါ၊ နုကမှုတိ မတုံ့မလှုပ်၊ အသောကံစိုးရိမ်ခြင်းလည်းမရှိပါပေ၊ ဗုဒ္ဓက အေး မြသလောက် အရှင်အာနန္ဒာကိုယ်တော်ကတော့ သွေးကြွခဲ့ပါ ပြီ၊ ဘုရားထိတော့ မခံချိအောင်နာပါလေပြီ၊ ထို့ကြောင့် မြက်စွာ ဘုရားကို ဤသို့လျှောက်ထားလိုက်သည်။

"အရှင်ဘုရား ကောသမ္ဗီပြည်သားတွေဟာ ရိုင်းစိုင်းလှပါ

သည်၊ နှုတ်အာကြမ်းထမ်းလှုပါသည်၊ ဆွမ်းခံရန်မသင့်တော်ပါ သာဝတ္ထိပြည်သို့ကြွတော်မူပါ” “အာနန္ဒာ...သာဝတ္ထိပြည်သား တွေကလည်း ဆဲကြဆိုကြနဲ့ ကောသမ္ဗီပြည်သားတွေလို ရိုင်းရိုင်း စိုင်းစိုင်းတွေဖြစ်နေလျှင် ဘယ်လိုလုပ်မလဲ” ဒီလိုဆိုလျှင် ကပ္ပိလ ဝတ်ကို ကြွပါမည်”

“အာနန္ဒာ....အဲဒီလိုမလုပ်ရဘူး၊ ဒီနေရာမှာ အဓိကရုဏ်းဖြစ် လျှင် ဒီနေရာမှာပြီးစီးအောင် ငြိမ်းသတ်ခဲ့ရတယ်.... မပြီးစီးဘဲ မပြောင်းရွှေ့သင့်ဘူး လူမိုက်ဆိုတာ နေရာတိုင်းမှာရှိတယ်ကွဲ့၊ အပြစ်ပြောသူ၊ ဆဲဆိုသူ၊ ကြိမ်းမောင်းသူတွေ ခုနှစ်ရက်ထက်မပို နိုင်ပါဘူး၊ ကွဲ့ရှဲ ခုနှစ်ရက် ချီးမွမ်း ခုနှစ်ရက်ပေါ့ကွယ်၊ ကဲ... အစွမ်းကုန်သည်းခံလိုက်ပါ အာနန္ဒာ....သည်းခံလိုက်ပါ....”

ဤသို့ပင် ဗုဒ္ဓမြတ်စွာသည် မူမဟုတ်ဘဲ လူကိုသာဆိုပါက အယ်လောက်ဘဲ အယုတ္တ အနုတ္တ၊ ညစ်တီးညစ်ပတ်၊ ယုတ်တီး ယုတ်မာ၊ ဆဲဆိုကြိမ်းမောင်းခံရစေ သည်းခံတော်မူခဲ့သည် တုန့် ပြန်တော်မမူခဲ့ပေ။

ဗုဒ္ဓသည် အပြောနှင့် အလုပ်ကို “သဟဇာတ”ဖြစ်စေသည်၊ “အညမည”ဖြစ်စေသည်၊“ငါပြောသလိုလုပ် ငါလုပ်သလိုမလုပ် နဲ့”ဆိုသည့် သဘောမဟုတ်ချေ၊ သည်းခံခြင်းနှင့် ပတ်သက်၍ ဒဏ္ဍာရီတပုဒ်ကို မှတ်သားမိဘူးသည်၊တခါတုန်းက လူတယောက် သည်၊ အရာအားလုံးနှင့်ပတ်သက်၍ သည်းခံနိုင်သည်ဟု အထင် ကြီးထားသည်၊ သူများကိုလည်း အရာရာသည်းခံဘို့အကြောင်း အခွင့်အခါသင့်တိုင်း အာဘောင်အာရင်း သန်သန်နှင့် သည်းခံ ခြင်းတရားကို ဟောပြောတတ်သည်။

တခါတခါ....“ခန္တ၂၁ ဘိယျော နုဝိဇ္ဇတိ”ခန္တ၂၁+သည်းခံခြင်းထက် ဘိယျော၊ သာလွန်ကောင်းမြတ်သော တရားသည် နုဝိဇ္ဇတိ မရှိ၊ “ခန္တီပရမံတပေါတိတိက္ခာ”တိတိက္ခာ၊ လွန်စွာချုပ်တီးမှုဟူသော ခန္တီ၊ သည်းခံခြင်းသည် ပရမံ မြတ်သော၊ တပေါ၊ အကျင့်တည်း၊ဤသို့သော ပါဠိပါဠ်သားတွေကိုလည်း ဟန်ပါပါ ရွတ်ဖတ်ပြီး အာဂုံယူကို၊ ထုံးပုံညိပြီး၊ ထိထိမိမိ လေကန်တတ်သည်၊ အာရိုက်တတ်သည်၊ သူနှင့်တွေ့သူတိုင်း သည်းခံခြင်းတရားကို မနာဘူးသည်မရှိတော့၊ သူများကိုဟောရုံနှင့် မပြီးသေး၊ သူ့ကိုယ်ကို တကယ့်ရောမ ခန္တီပါရမီရှင်ကြီးတယောက်အလား အထင်မှားအောင်“သည်းခံနိုင်သည်”ဟူသောဆိုင်းဘုတ်ကိုလည်း အိမ်အမြင့်တွင် တပ်ဆင်ထားလိုက်သည်။

လမ်းသွား လမ်းလာများကလည်း ဤဆိုင်းဘုတ်ကိုဖတ်ပြီး ကျိတ်ပြုံး ပြုံးသွားကြသည်၊ အချို့ကလည်း တော်တော် ပေါ ကြောင်ကြောင်နိုင်တဲ့လူဘဲဟု အထင်သေးကောင်း သေးကြပေလိမ့်မည်။

တညသောအခါ လက်တွေ့စမ်းသပ်မှု၌ ဝါသနာထုံကြသော လူငယ်များစုပေါင်း၍ ခေလးဘက်လေးတန်မှ ခဲမိုးများရွာသွန်းကြတော့သည်၊ စာနှင့်ပေနှင့် ကိုက်သလား မကိုက်ဘူးလားဆိုသည့်သဘောပင်ဖြစ်သည်။

တကယ်လုပ်တော့လည်း ထိုလူ သည်းမခံနိုင်ရှာပါ၊ ပါးစပ်ပြောတွင် တရားပြည့်ဝကြသလောက် လက်တွေ့တွင် တရားပြည့်ဝသူ ရှာမှရှားလှသည်ကို ထိုလူကသက်သေခံနေပေသည်၊ ထိုလူသည် နံနက်လင်းသောအခါ ပထမဆိုင်းဘုတ်ကိုဖြုတ်၍ နေရာ

ဘိုင်း သည်းမခံနိုင်ဘူး၊ ခံသင့်လျှင်ခံမည်၊ မခံသင့်လျှင် မခံဘူး ဆိုသောသဘောဖြင့် ဒုတိယဆိုင်းဘုတ်အသစ်ကို တင်လိုက်သည်၊

ဆိုင်းဘုတ်၏အမည်မှာ....

"ခံသင့်မှခံမည်"တဲ့ များသောအားဖြင့် ကျွန်ုပ်တို့သည် ခန္တီ မနိုင်၍ သည်းခံနေကြရသူတို့သာ များသည်မဟုတ်ပါလား၊ ဗုဒ္ဓ ကား အရာရာကို သည်းခံတော်မူသော ခန္တီပါရမီရှင်ကြီးစစ်စစ် ဖြစ်တော်မူချေသည်။

သည်းခံခြင်းနှင့်ပတ်သက်၍ သိကြားမင်းကြီး၏ သည်းခံပုံမှာလည်း မှတ်သားဘွယ်ရာကောင်းသည်၊ အခါတပါး၀ယ် တာ၀တိံသာနတ်တို့နှင့် အသုရာနတ်တို့စစ်ဖြစ်ကြရာ အသုရာတို့စစ်ရှုံး၍ အသုရာတို့၏ စစ်ဦးစီး ဗိုလ်ချုပ်ကြီးဖြစ်သော ဝေပစိတ္တိ အသုရာနတ်မင်းကြီးကို တာ၀တိံသာနတ်စစ်သည်တို့က လည်ပင်း၌ ကြိုး ငါးဆင့်ချည်၍ သုဓမ္မာဇရပ်၌ ချုပ်နှောင်ထားကြ၏၊ တာ၀တိံသာနတ်စစ်သည်တို့၏ စစ်ဦးစီး ဗိုလ်ချုပ်ကြီးဖြစ်သော သိကြားမင်းကြီး သုဓမ္မာဇရပ်သို့ ဝင်သည် ထွက်သည်ကို မြင်တိုင်းမြင်တိုင်း အသုရာကြီးက ဆဲဆို ကြိမ်းမောင်းလျက်နေ၏။

သိကြားမင်းကြီး၏ စစ်ရထားကို မောင်းနှင်သူ ဒရိုင်ဘာလည်းဖြစ် ကိုယ်ရံတော် တပ်မှူးလည်း ဖြစ်သော မာတလိက မြင်၍....

"အရှင်.... သိကြားမင်း အသုရာကြီးကို ကြောက်၍လို့ သည်းခံနေပါသလား" ဟု မေးမြန်းသဖြင့်....

"အမောင်....မာတလိ အသုရာကြီးသည် ငါ့လက်တွင်းသို့ ရောက်နေပေပြီ၊ ငါပြုတိုင်းခံရမည့်အခါဖြစ်၍ ငါမကြောက်

တော့ပါ၊ နိုင်ပါလျက် သည်းခံခြင်း ခန္တိမင်္ဂလာအစစ်ကို ဖြစ်စေသောအားဖြင့် သူတော်ကောင်းတို့၏ နှလုံးရည်ဖြင့် ငါ.... သည်းခံပေသည်၊ အားရှိလျက် အားမဲ့သူ အပေါ်၌ သည်းခံခြင်း မျိုးကို သူတော်ကောင်းများ ချီးမွမ်းကြပေသည်”ဟု ပြန်ကြား ပြောဆိုဘူးသည်။

ဗုဒ္ဓသည် မူဝါဒနှင့်ပတ်သက်၍ ဝေသာလီပြည်သား နိဂဏ္ဌ၏ သားဖြစ်သော သစ္စကပရိဗိုဇ်ကြီးနှင့် ထိပ်တိုက်ဆုံဘူးကြသည်။ (မဇ္ဈိမနိကာယ်မူလပဏ္ဏာသ-စူဠသစ္စက သုတ်ကိုကြည့်ပါ) သစ္စက ပရိဗိုဇ်ကြီးက ရုပ်ဝေဒနာ သညာ,သင်္ခါရ,ဝိညာဏ်ကို အတ္တဟု တင်ပြသည်။ ဗုဒ္ဓက အနတ္တဟု တင်ပြခါ အတ္တဝါဒကို ပြတ်ပြတ် သားသား ပယ်ချသည်။

သစ္စက ပရိဗိုဇ်ကြီးကလည်း ခေသူမဟုတ် အမိဖက်မှ ဝါဒ ငါးရာ၊ အဖဘက်မှ ဝါဒငါးရာ ပေါင်း ဝါဒတထောင် ဆောင်ထားနိုင်သူဖြစ်သည်။ ဝါဒရေးရာနှင့် ပတ်သက်လာ လျှင် မည်သူ့ကိုမျှ ဗိုလ်မထား၊ “ဟေ့....လူကိုမပြောနဲ့ကွ အ သက်မရှိတဲ့ သစ်ပင် တုန်းတိုင်တွေတောင် ငါ့ဝါဒတင်လျှင် တုံလှုပ်ရတယ် မခံနိုင်ဘူး၊ မင်းတို့လို သာမညကောင်တွေအသာ ထားဦး ဘုရားအမည်ခံတွေတောင် ချွေးပြိုက်ပြိုက် ထွက်စေရ မယ်....“

ဤကဲ့သို့သော အခြိမ်းအခြောက်၊ အဟိန်းအဟောက် က လည်း ပြောင်မြောက်သည်။ လိစ္ဆဝီမင်းသားတို့၏ အတတ်ပညာ သင် ဆရာသမားဖြစ်သောကြောင့်လည်း “သမားဂုဏ်” ဝင့်ပြ လိုဟန်ရှိသည်။ ဩဇာအာဏာကလည်းကောင်းသည်။

ထို့ကြောင့် မည်သည့်ပုဂ္ဂိုလ်ကမှသူ့ကို မတုနိုင်၊ သည်တော့ မီးလောင်ရာလေပင့်သည့်နှယ် သူ့ကိုယ်သူ အတိုင်းထက်အလွန် အထင်ကြီးထားသည်။ ဆန်းစပါး၊ သဲ၊ ကျောက်၊ စသည်ကို ဆန့်သည်ထက် ပိုလွန်း၍ အိတ်ထဲထည့်ထားလျှင် အိတ်များ ပေါက်သည်၊ ကွဲသည်ကို သစ္စကပရိဗိုဇ်ကြီး သိထားသည်။ ထို့အတူ သူ့မှာလည်း ပညာတွေ များပြားလွန်းနေ၍ သူ့ဗိုက် ထဲ မဆန့်အောင်ဖြစ်နေသည်။ ကြာလျှင် သူ့ဝမ်းဗိုက်ကြီး ပွင့် ထွက်သွားမှာ စိုးရိမ်ရသည်။

ထို့ကြောင့် သူ့ဝမ်းဗိုက်ကြီးကို အမြဲတန်း သံပြားကြီးပတ် ထားလိုက်သည်။ အာဂ ကြီးကျယ်သော ပုဂ္ဂိုလ်ကြီး ပေတကား။

ဤကြီးကျယ်သော ပုဂ္ဂိုလ်ကြီးသည် ဗုဒ္ဓနှင့်တွေ့တော့ မခံ နိုင်ရှာ....

"အို.... အရှင်ဂေါတမ ခန္ဓာငါးပါးသည် အတ္တာဖြစ်သည်၊ အနာရာကို အတ္တက စီမံသည်။ ဥပမာအားဖြင့် မြေပေါ်မှာ စီပင်ပေါက်ရောက်နေကြသော သစ်ပင်များသည်။ မြေကိုမှီ၍ တည်၍ ပေါက်ရောက်ကြသည်၊ ကြီးပွားကြသည်၊ ထို့အတူ သတ္တဝါတို့သည် ခန္ဓာငါးပါးကို တည်၍—မှီ၍ ဆင်းရဲချမ်းသာ ဤနှစ်ဖြာကို ခံစားကြရသည်၊ ကုသိုလ် အကုသိုလ်ကို ပြုလုပ် ကြရသည်။

"အို....ပရိဗိုဇ်–အတ္တ မရှိ- ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ,ဟူသော ခန္ဓာ ၅ ပါးသည် အားလုံးအနတ္တာဖြစ်သည်၊ ခန္ဓာ ၅ ပါးသည် အမြဲတန်း ထာဝရ တည်တန့် ခိုင်မြဲနေသည့်

သဘောတရားမဟုတ်ဘူး၊ အမြဲမပြတ် ဒလစပ် ပြောင်းလဲနေတယ်၊ ချမ်းသာဆိုတာလဲ မြဲမြံမှုမရှိ၊ ကိုယ့်သဘောကျလဲ မလိုက်၊ ကိုယ်ဖြစ်စေချင်သလိုလဲ ဖြစ်ကြတာမဟုတ်ဘူး၊ ဒါကြောင့် အနတ္တ အစစ်အမှန်ဘဲ ဖြစ်တယ်"

"အို....အရှင်ဂေါတမ အတ္တ အယူဝါဒဟာ ကျွန်ုပ်တယောက် ထဲမဟုတ်ပါဘူး- ဒီဝါဒပြိုင်ပွဲကို ရောက်လာကြတဲ့ ပရိသတ် အားလုံးလဲ ယူကြပါတယ်"

"အို....ပရိဗိုဇ် သူများကို ဆွဲထည့်မနေပါနဲ့ မလိုချင်ဘူး ကိုယ့်ဝါဒ ကို–ကိုယ် ရဲရဲဝန့်ဝန့် ပြောစမ်းပါ...."

"အို....အရှင်ဂေါတမ ဒီလိုဆို စိမ်လိုက်ပါ ကျွန်ုပ်ဟာ ခန္ဓာ ၅ ပါးကို အတ္တ ဟု ယူပါတယ်–အတ္တဝါဒက တပြားသားမှ မလျော့နိုင်ဘူး ဒါဘဲ"

"ကိုင်း....ဒီလိုဆို သင့်ကို တခုမေးမယ်(မေးပါလေ မေးပါ) ပြည့်ရှင်မင်းတပါးဟာ သူ့တိုင်းနိုင်ငံအတွင်းမှ နိုင်ငံသူ နိုင်ငံသားတွေကို ဒါဏ်ပေးစရာရှိလျှင် ပေးမယ်၊ ဆုချစရာရှိရင်လဲ ဆုချမယ် သူ့သဘောကျ စီရင်ပိုင်တဲ့ တန်ခိုးအာဏာ မရှိဘူး လား....ရှိသလား"

"အို....ဒါကတော့ ဖြေစရာတောင် မလိုပါဘူး ရှင်းနေသားဘဲ"

"ကောင်းပြီ စီရင်ပိုင်ခွင့် တန်ခိုးအာဏာ ရှိတယ်ဆိုလျှင် သင့်ကိုယ်ကို သင်လဲအစိုးရနိုင်ရမယ်၊ အတ္တ အစစ်အမှန်ဖြစ်လျှင် သင်သဘောကျ ဖြစ်စေနိုင်ရမယ် သင့်ကိုယ်ကို မအိုအောင် မနာအောင် စီမံခိုင်းပါ နုပျိုအောင် လုပ်ခိုင်းပါ"

သစ္စက ပရိဗိုဇ်ကြီး မလှုပ်နိုင်တော့ချေ၊ လက်မြှောက်အရှုံးပေးရချေပြီ မထွေးနိုင် မအန်နိုင် လည်မျို အညှစ်ခံရသော ကြက်နာကြီးကဲ့သို့ ငေးမှိုင်နေရချေပြီ၊ နုပျိုအောင် လှပအောင် လုပ်ခိုင်းနိုင်ပါသည်ဟု ဆိုလျှင်လဲ တကယ်လက်တွေ့တွင် လုံးဝ မဖြစ်နိုင်ချေ၊ လုပ်ခိုင်း၍ မရပါဟုဆိုလျှင်လည်း မိမိကိုယ်ကို အစိုးမရ ကိုယ့်သဘောကျ မဖြစ်နိုင်သော ဗုဒ္ဓဂေါတမ၏ အနတ္တဝါဒကို ထောက်ခံရာ ကျချေတော့မည်၊ "အငိုလွယ်၍ အရှိုက်ခက်သည်"ဟု တချို့က ဆိုကြပါသည်၊ သစ္စက ပရိဗိုဇ်ကြီး အဘို့မှာတော့ "ငိုလည်းခက်ခက် ရှိုက်လည်းခက်ခက်" ပါတကား....။

စင်စစ် ဆိုရပါမူ အိုးမင်း ရင့်ရော်နေပြီဖြစ်သော သူ၏ ခန္ဓာကြီးကို နုပျိုလှပ အချိုးကျလာအောင် သူ၏ အတ္တက မည်သို့ လုပ်နိုင်ပါမည်နည်း၊ သူ၏ အတ္တကို စေခိုင်းလို့ကော ဘယ်သို့တတ်နိုင်ပါအံ့နည်း၊ နောက်ဆုံးတော့ ဗုဒ္ဓကို အရှုံးပေး၍ အညံ့ခံ လက်နက်ချလိုက်ရပါသည်။

ပညာရှိ အခေါ်ခံ၍ ဝင့်ချင်-ဝါချင် "ငါသိ-ငါတတ်" လုပ်ချင်သော အပြင်ဟန်ပန် အသွင်သဏ္ဌာန် ဟုတ်မယောင်နှင့် အတွင်းအနှစ်သား မပါသော "ဗူးသီးခြောက်"လို ပုဂ္ဂိုလ်များ ဤသာဓကနှင့် ပါရမီတော်ခန်းပျို့ကို သီကုံးတော်မူသော တောင်တွင်းစာဆိုအကျော် အရှင်မဟာသီလဝံသက အင်းဝ ဒုတိယ ဘုရင်မင်းခေါင်ထံ ဆက်သွင်းသည့် ကေပိုဒ်ချတုပါ "ငါသာ ငါ့သက်၊မာန်မတက်နှင့်၊ အထက်နေမင်း၊လေးကျွန်း ခြင်းလည်း၊မလင်းတိမ်တိုက်၊တကျွန်းမိုက်၍၊ နှိုင်းလိုက်သည်သာ၊

ဤအရာကို၊ ပညာရှိက၊ သတိရလိမ့်” ဟူသော လင်္ကာပိုဒ်ကို အထူးသတိပြုထိုက်လှပေသည်တကား။

ဗုဒ္ဓသည် မူဝါဒနှင့် ပါတ်သက်၍ ပြတ်ပြတ်သားသား နှိပ်ကွပ်သလောက် သူ၏ မူဝါဒအတိုင်းကျင့်ကြံပြောဟောကြသော သာဝကတွေကိုလည်း ချီးမြှောက်တော်မူလေ့ရှိသည်။

ပုံစံအားဖြင့် မူလပဏ္ဏာသ ပါဠိတော် စူဠဝေဒလ္လသုတ်တွင် ဝိသာခ သူဌေးကြီးကမေး၍ ဓမ္မဒိန္နာထေရီမက နက်နဲသော ဓမ္မရေးရာ ပြဿနာများကို ဖြေဆိုသည်။ ဖြေဆိုပြီးက “တကာကြီး ဝိသာခ၊ ကျွန်ုပ်ဖြေဆိုသည်ကို မကျေနပ်သေးပါက မြတ်စွာဘုရားကို မေးလျှောက်ဦးလော့” ဟု ဆရာဖြစ်သူ မြတ်စွာဘုရားကို ညွှန်ပြပေးသည်။ “ဆရာစားချန်သည်” ဆိုသည်မှာ ဒါမျိုးဘဲ ဖြစ်ရချိမ့်မည်။

“မံစေပိ ဝိသာခ ဧတမတ္ထံ ပုစ္ဆေယျာသိ၊အဟံပိတံ ဧဝမေဝံ ဗျာကရေယျံ”

“သာဓု-သာဓု- ကောင်းလေစွ၊ ကောင်းလေစွ၊ တကာတော် ဝိသာခ၊ ဓမ္မဒိန္နာသည် ပညာအမြော်အမြင်ရှိပြီး ငါဘုရား၏ တပည့်မ ပီသပါပေသည်၊ ငါဘုရားကို မေးလျှင်လဲ သူ့အတိုင်း ဖြေရမှာဘဲ” ဟု မိန့်တော်မူသည်။

ကျွန်ုပ်တို့၏ ဗုဒ္ဓသည်သာလျှင် ချီးမြှောက်ထိုက်သူကို ချီးမြှောက်ခြင်း၊ နှိပ်ကွပ်ထိုက်သူကို နှိပ်ကွပ်ခြင်း ပြုလုပ်တော်မူသည် မဟုတ်သေး၊ ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် သံဂါယနာတင်သမိုင်း တလျှောက်၌လည်း၊ ဗုဒ္ဓကဲ့သို့ပင် ဗုဒ္ဓ၏သားတော် တပည့်သာဝကကြီးများသည် နှိပ်ကွပ်ထိုက်သူကို နှိပ်ကွပ်ခြင်း၊ (နိဂ္ဂဟကံ)

ချီးမြှောက်ထိုက်သူကို ချီးမြှောက်ခြင်း(ပဂ္ဂဟကံ) တို့ဖြင့် အနုအကြမ်း စခမ်းစုံစွာ သာသနာတော် အရောင်ကို ထွန်းပြောင်စေခဲ့ကြသည်။ သာသနာ့ အညစ်အကြေးကို ဆေးကြောသုတ်သင်ခဲ့ကြသည်။ သာသနာ့သမိုင်း မှတ်တိုင်သစ်တွေကို တတိုင်ပြီးတတိုင် စိုက်ထူခဲ့ကြပြီး သာသနာ့အောင်ပွဲတွေကို ခြိမ့်ခြိမ့်သဲသဲ ခံယူခဲ့ကြသည်။ သာသနာသက်ကို ရှည်စေခဲ့ကြသည်။ သာသနာတော်အကျိုး၊ လောကအကျိုးကို သည်ပိုးထမ်းရွက်ခဲ့ကြသည်။

[သံဂါယနာတင်သမိုင်းကို ပါရာဇိကကဏ် အဋ္ဌကထာပဋ္ဌမတွဲ သံဂါယနာတင် ကဏ္ဍမှရင်း။ ဗုဒ္ဓမြတ်စွာ၏ သာသနာတော် စီပင်ပြန့်ပွားပုံ သမိုင်းအကျဉ်း(ဗုဒ္ဓဝင်ပြပွဲကျင်းပရေးကော်မီတီ (၁၉၇၄)ရန်ကုန်မြို့ စာအုပ်ငယ်မှရင်း၊ ကျီးသဲလေးထပ်ဆရာတော်၏ ဇိနတ္ထပကာသနီကျမ်းမှရင်း ကိုးကား ရေးသားပါသည်။]

ယင်း....သံဂါယနာတင် သမိုင်း၏ နိဂုံးမှ နိဒါန်းသို့ ပြန်လှန်သုံးသပ်ကြည့်ရပါလျှင် သို့မဟုတ် သံဂါယနာတင် သမိုင်း၏ စာမျက်နှာတို့ကို တရွက်ခြင်း တရွက်ခြင်း လှန်၍ လှန်၍ ကြည့်ကြမည်ဆိုပါလျှင် တနည်းအားဖြင့် သံဂါယနာတင် သမိုင်းအတိတ်ကန့်လန့်ကာကို ဖွင့်လှစ်၍ စေ့စပ်သေချာစွာ လေ့လာကြည့်ကြမည်ဆိုပါသော်....

ဗုဒ္ဓပရိနိဗ္ဗာန်စံလို့မှ ရက်မလည်သေး၊ အုတ်အရောရောကျောက်အရောရောရှိတတ်သည့် လောကသဘာဝအတိုင်း သာသနာအတွင်းမှ "အသားထဲက လောက်ထွက်" "ကျေးဇူးရှင်

ကျေးစွပ်” “သားရေပေါ်အိပ် သားရေနားစား”ဆိုသည့်ပမာ သုဘဒ္ဒရဟန်းကြီး၏....“ဟားဟားဟား ငါ့ရှင်တို့ ငါ့ရှင်တို့... ဘုရားပရိနိဗ္ဗာန်စံလို့ ငိုကြွေး ပူဆွေးမနေကြစမ်းပါနဲ့ ပျော်ပျော်နေ သေခဲသတဲ့၊ ဘုရားရှိစဉ်ကဆိုလျှင် ဟိုဟာမလုပ်ရဘူး၊ ဒီဟာမလုပ်ရဘူးနဲ့ တားမြစ်ပိတ်ပင်ချက်တွေ ဥပဒေတွေ အရမ်းဘဲ၊ ဟော...ခုတော့ ပြောမဲ့ဆိုမဲ့လူမရှိဘူး၊ ရဟန်းကြီး ဂေါ တမလက်တွင်းမှ ငါတို့လွတ်ပြီ ကျွတ်ပြီလုပ်ချင်သလိုလုပ်နိုင်ပြီ” ဟူသော ပြောဆိုသံကို ဘုရားရှင် ပရိနိဗ္ဗာန်စံရာဌာနသို့ စည်းဝေးရောက်လာကြကုန်သော ရဟန္တာခုနစ်သိန်းတို့၏ အကြီးမှူးဖြစ်သော အရှင်မဟာကဿပ ရဟန္တာကြီး ခတ်စောစောကပင် ကိုတင်ကြားထားပြီးဖြစ်သည်။

ဤအကြောင်းကိုလည်း အစည်းအဝေးလာ ရဟန်းပရိသတ်တိုင်း တောမီးလောင်သလို တမဟုတ်ချင်း သတင်းပြန့်နှံ့ပြီးဖြစ်နေသည်။

“လူ့သတင်း လူချင်းဆောင် ပန်းသတင်း လေညှင်းဆောင်” ပြီးပင်ဖြစ်သည်၊ ဤသတင်းဆိုးကြီးများကြောင့် တပည့်သာဝကကြီးများ စိတ်နှလုံးမရွှင်ပြုံး မချမ်းမြေ့နိုင်ကြတော့ပြီ၊ ဗုဒ္ဓပရိနိဗ္ဗာန် စံလို့မှမကြာသေး သာသနာတော်ပျက်စီးရာ ပျက်စီးကြောင်းစကားတို့ကို ကြားရချေပြီ ဤအတိုင်းသာဆိုပါ(ပ) “အနာဂါတ်သာသနာ”အရေး မတွေးဝံ့တော့ပါပြီ၊ အင်း.... ရင်လေးဘွယ်ရာပါကလား၊ ငါတို့မျက်စိမမှိတ်ခင် အသက်နှင့်ခန္ဓာ အိုးစားမကွဲခင် တခုခုတော့လုပ်ကြမှဖြစ်မည်။

“ဗုဒ္ဓ၏ ဒေသနာတော်တွေကို စုပေါင်း၍ သံဂါယနာတင

ရလျှင် ကောင်းမှာဘဲ” အရှင်မဟာကဿပကြီး၏ နှုတ်မှလည်း တိုးတိုးလေးအသံထွက်မိသေးသည်။

သံဂါယနာတင်ထားလျှင် သာသနာ အရှည်တည်တန့်ရေး အတွက် အထောက်အပန့်မှုနိုင်တန်ရာသည်၊ ရဟန်းဆိုး ရဟန်းယုတ်တို့ကိုလည်း သုတ္တန်ဝိနည်း အဘိဓမ္မာတို့ကို ထောက်ဆ၍ လက်ဆုပ်လက်ကိုင် သက်သေသာဓကတို့ဖြင့် တင်ပြဆုံးမနိုင်သည်၊ နှိပ်ကွပ်နိုင်သည်။

အသားလွတ်မဆိုနိုင်တော့ပြီ၊ သူခိုးကို ခိုးထုပ် ခိုးထည်နှင့် ဖမ်းဆီး၍ တရားမှန်အတိုင်း စီရင်နိုင် စီရင်ပိုင်သူကဲ့သို့တည်း၊ မိမိတို့ သာဝကကြီးများလည်း ကျေးဇူးရှင်ဗုဒ္ဓကို ကျေးဇူးတုံ့ပြန်ရာရောက်သည်၊ ပိဋကတ်တော်များ တည်တန့်နေသရွေ့ ဗုဒ္ဓလည်း ရှိတော်မူသည်ပင်။

ဤစကားရပ်ကို ဗုဒ္ဓကိုယ်တော်တိုင်ပင် မိန့်တော်မူခဲ့ပါသည်၊ ဗုဒ္ဓသည် သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်တွင်....

“ယောဝေါ အာနန္ဒမယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော သောဝေါ မမစ္စယေနသတ္ထာ”

“အာနန္ဒာ ငါဘုရားသည် ကျင့်စဉ်ဖြစ်သော သုတ္တန်ဒေသနာကိုဎင်း၊ နက်နဲသိမ်မွေ့သော အဘိဓမ္မာ ဒေသနာကိုဎင်း၊ ဟောကြားအပ်ပြီ ပညတ်အပ်ပြီ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ဤသုံးဖြာသည် ငါဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ သင်တို့၏ဆရာဘုရား ဖြစ်ရစ်လိမ့်မည်”ဟု ဟောမိန့်တော်မူခဲ့သည် မဟုတ်တုံလော....

ထို့ကြောင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ဤသုံးဖြာသော

ပရိယတ္တိမကွယ်သေးသရွေ့ ဘုရားမရှိတော့ဟုမဆိုသင့်ပြီ ဆရာမရှိ ဟု မဆိုနိုင်တော့ပြီ၊ "ပရိယတ်သည် ဘုရား"ဟု ဆိုသင့်နိုင်ပါ လေပြီ၊မြတ်ဘုရားနှင့်တကွ သာသနာတော်ကြီး အရှည်တည်တန့် နေသည်ကို မြင်လိုပါလျှင် ပရိယတ္တိကို မပျောက်ကွယ်ရန် ထိမ်း သိမ်းထားရပေမည်။

ပရိယတ္တိသမားတွေကို ချီးမြှောက်ရပေမည်၊ စောင့်ရှောက် ထိမ်းသိမ်းရပေမည်၊ ပရိယတ္တိကို ပြန့်ပွားအောင်လုပ်ရပေမည်၊ ပရိယတ္တိကို ပြန့်ပွားအောင်လုပ်ခြင်း၊ ပရိယတ္တိကိုအရှည်တည်တန့် ခိုင်မြဲအောင် သံဂါယနာတင်ခြင်းသည် ငါ့အတွက် အဓိကလုပ် ရမည့် "မဟာတာဝန်"တရပ်ဖြစ်ချေတော့သည်ဟု အရှင်မဟာ ကဿပ ထေရ်ကြီး စဉ်းစားတော်မူမှသည်။

အ ရှင် မဟာ က ဿ ပ ထေရ်ကြီး စဉ်းစားတော်မူသကဲ့သို့ ပင် ပရိယတ္တိသည် သာသနာတော်၏ အဓိကမဏ္ဍိုင်လည်းဖြစ်သည်၊ အသက်သွေးကြောသည်းမှန်သည်၊ သာသနာတော်သည် ပရိယတ္တိ သာသနာတော်၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟု သုံး မျိုးရှိသည်၊ ထိုသုံးမျိုးတွင် ပရိယတ္တိသာသနာသည် အဓိကဖြစ် သည်။

ဥပမာဆိုသော် ကြာမျိုးငါးပါးတို့ဖြင့် တင့်တယ်လှပသော ရေကန်နှင့် နှိုင်းယှဉ်နိုင်သည်၊ကြာသည် ရေကိုအမှီပြုရမှ ဖြစ်ထွန်း နိုင်သည်၊ စီပင်နိုင်သည်၊ ရေများပေါက်မထွက်၊ လျှံမထွက်နိုင် ရန်လည်း ခိုင်ခန့်ကြီးမားသော ကန်ဘောင်ရှိရန်လိုသည်၊ ကန် ဘောင်မခိုင်ခန့်လျှင် ရေများလျှံထွက်နိုင်သည်၊ ကျိုးပေါက်နိုင်

သည်၊ ရေနေမည်မဟုတ်ချေ၊ ရေမရှိဘဲလျက်လည်း ကြာများ စီပင်ပေါက်ပွားနိုင်မည်မဟုတ်ချေ။

ထို့အတူ ပရိယတ္တိရှိမှသာလျှင် ပဋိပတ္တိရှိနိုင်သည်၊ပဋိပတ္တိရှိမှလည်း ပဋိဝေဓရှိနိုင်သည်၊ ပရိယတ္တိက ညွှန်ပြသော ဤသို့ကျင့်ရသည်၊ ဤသို့ပွါးရသည်၊ ဤသို့ အာရုံပြုရသည် စသည်ဖြင့် ညွှန်ကြားမှု ဥပဒေသရှိမှသာ ပဋိပတ္တိတည်း ဟူသော လုပ်ငန်းကို လုပ်ရသည်၊ အရမ်းကာရော လုပ်နေ၍ ဖြစ်သည်မဟုတ်ပေ၊ ညွှန်ကြားသည့်အတိုင်း တသွေမတိမ်း လုပ်နိုင်လျှင် ပဋိဝေဓတည်း ဟူသော မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတို့ကို ရရှိနိုင်သည်၊ ဤ၌ ဥပမာ ဥပမေယျ စပ်ဟပ်ကြည့်လျှင်....

ပရိယတ္တိသည်....ကန်ဘောင်နှင့်တူသည်၊
ပဋိပတ္တိသည်....ရေနှင့်တူသည်၊
ပဋိဝေဓသည်....ကြာနှင့်တူသည်၊

ပရိယတ္တိတည်း ဟူသော ကန်ဘောင်ကြီး တောင့်တင်းခိုင်မာမှသာလျှင် ပဋိပတ္တိတည်း ဟူသော ရေများ ကြာရှည်တည်တန့်နေပါမည်၊ ပဋိပတ္တိတည်း ဟူသောရေများ မခမ်းခြောက်ဘဲတည်နေသရွေ့ ပဋိဝေဓတည်းဟူသော ကြာများ စည်ပင်ပြန့်ပွါးနေပါလိမ့်ဦးမည်။

တနည်းအားဖြင့် သစ်ပင် ဥပမာနှင့်လည်း လေ့လာသုံးသပ်နိုင်ပါသည်၊ သစ်ပင်တပင်ကို အမြစ်ပိုင်း ပင်စည်ပိုင်း အသီးအပွင့်ပိုင်း ဟူ၍ သုံးပိုင်း ပိုင်းသည်ဆိုပါစို့ အမြစ်အားကောင်းမှ ပင်စည်အားကောင်းမည်၊ ပင်စည်အားကောင်းမှ အသီးအပွင့်

ဝေဆာမည်၊ အသီးအပွင့်သည် ပင်စည်နှင့် မကင်းနိုင်ပါ၊ ပင်စည်သည် အမြစ်နှင့် မကင်းနိုင်ပါ။

အမြစ်သည်....ပရိယတ္တိ
ပင်စည်သည်....ပဋိပတ္တိ
အသီးအပွင့်သည်....ပဋိဝေဓ

ဟူ၍ ဥပမာ ဥပမေယျ ယှဉ်တွဲနိုင်သည်၊ ပရိယတ္တိတည်းဟူသော အမြစ်များ မသေသေးသရွေ့ ပဋိပတ္တိတည်းဟူသော ပင်စည်ကြီး ကြီးထွား စည်ပင်နေမည်၊ ပဋိပတ္တိတည်းဟူသော ပင်စည်ကြီး ကြီးထွားတုတ်ခိုင်နေသမျှ ပဋိဝေဓတည်းဟူသော အသီးအပွင့်များကို စားသုံးနေကြရပါဦးမည်၊ ပရိယတ္တိ အမြစ်သေလျှင် ပဋိပတ္တိ ပင်စည် လဲလိမ့်မည်၊ ပဋိပတ္တိ ပင်စည်လဲလျှင် ပဋိဝေဓ အသီးအပွင့်ကို လုံးဝ မြော်သင့်ဘွယ်မရှိတော့ချေ။

ထို့ကြောင့် သာသနာသုံးရပ်တွင် ပရိယတ္တိသည် မူလ ပဓာနဖြစ်ကြောင်း ထင်ရှားလှပေသည်။

ယင်းသို့ ပရိယတ္တိသည် မူလ ပဓာနဖြစ်သည့်အတွက် မြို့ပြနှင့် ကျေးလက်မကျန် ပရိယတ္တိ စာပြန်ပွဲကြီးများ၊ ပရိယတ္တိ စာမေးပွဲကြီးများကို ခြိမ့်ခြိမ့်သဲသဲ ယခုထက်တိုင် ဆင်နွှဲနေကြပေသည်။

ယခုလည်း ကျင်းပဆဲ၊ နောင်လည်း ကျင်းပကြပေလိမ့်ဦးမည်၊ မြန်မာနိုင်ငံတွင် ထင်ရှားသော အမျိုးသား စာမေးပွဲများမှာ မန္တလေးမြို့ သကျသီဟ စာမေးပွဲ၊ ရန်ကုန်မြို့ စေတိယင်္ဂဏ စာမေးပွဲ၊ မော်လမြိုင်မြို့ သုသမာစာရ စာမေးပွဲ၊ သတို့

မြို့ သုဝဏ္ဏဘူမိ ပရိယတ္တိစာမေးပွဲ၊ ညောင်တုန်းမြို့ နိုင်ငံလုံးဆိုင်ရာ သုမမ္မာ ပရိယတ္တိစာမေးပွဲစသည်တို့ဖြစ်သည်။

ဤစာမေးပွဲများလောက် မထင်ရှားသော်လည်း မိမိတို့မြို့နယ်အလျောက် အသီးသီး စာပြန်ပွဲများ၊ စာမေးပွဲများလည်း များစွာရှိနေပါသေးသည်။

ပရိယတ္တိသာသနာကို အားပေးစောင့်ရှောက် ချီးမြှောက်နေသည်မှာ ဝမ်းသာဘွယ်ရာကောင်းလှပါသည်။

မြို့တိုင်း နယ်တိုင်းမှ စာပြန်ပွဲများ၊ စာမေးပွဲများကို စာရင်းကောက်ပြီး တင်ပြရမည်ဆိုပါလျှင် ကျမ်းတစောင် ပေတဖွဲ့ပင်ဖြစ်နိုင်ရာသည်။

တိုင်းသား ပြည်သူတို့က ကြည်ဖြူ ရက်ရောစွာဖြင့် အမျိုးသား ပရိယတ္တိစာမေးပွဲကြီးများကို သူ့ထက်ငါ အံ့ချီးဘွယ်ရာ ကျင်းပကြဘိသကဲ့သို့ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတနိုင်ငံတော်အစိုးရကလည်း ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးဟု အတန်း ၃ တန်း ခွဲခြားပြီး ပါဠိ ပထမပြန် စာမေးပွဲကိုရင်း၊ "သာသနဓဇ ဓမ္မာစရိယ" "သာသနဓဇ သိရိပဝရ ဓမ္မာစရိယ" "သာသနဓဇ ဓမ္မာစရိယ ပါဠိပါရဂူ"ဘွဲ့တို့ကို သတ်မှတ်ထားသည့်အတိုင်း ချီးမြှင့်သော ဓမ္မာစရိယ စာမေးပွဲကိုရင်း၊ အမြင့်ဆုံး အဆင့်အတန်းဖြစ်သော "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့ထူးတံဆိပ်များဖြင့် ချီးမြှင့်သော တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကိုရင်း နှစ်စဉ် ကျင်းပလျက် ရှိပေသည်။

ပဋိယတ္တိ သာသန အာဇာနည်များကို မွေးထုတ်ပေးလျက် ရှိပေသည်။

ဤတွင် အလျဉ်းသင့်၍ နိုင်ငံအစိုးရ၏ ပရိယတ္တိ စာမေး ပွဲများ ကျင်းပပေးပုံ၊ ဆုများ ချီးမြှင့်ပုံ၊ စာမေးပွဲတွင် ပြဋ္ဌာန်းချက် ဘာသာများ၊ စာမေးပွဲ ကျင်းပရာ မြို့များတို့ကို ပရိယတ္တိ အသိုင်းအဝိုင်း နှင့် ဝေးနေသူများ ပရိယတ္တိ အခြေ အနေနှင့် ဗဟုသုတ လိုလားကြသော သူတော်သီမျိုးအတွက် လေ့လာနိုင်ရန်၊ ၁၃၃၆(၁၉၇၅) ခုနှစ်ထုတ် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပြည်ထဲရေးနှင့် သာသနာ ရေး ဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာန၏ ဓမ္မာစရိယ စာမေးပွဲ ဘွဲ့ရပုဂ္ဂိုလ်တို့၏ထေရုပ္ပတ္တိများ စာအုပ်နှင့် ပါဠိပထမ ပြန် စာမေးပွဲ၌ ပထမကျော်နှင့် ပညာတော်သင် အထူးဆု အပူဇော်ခံရသော ပုဂ္ဂိုလ်များ၏ ထေရုပ္ပတ္တိများ၊ စာအုပ်တို့မှ ထုတ်နှုတ်၍ တင်ပြလိုပေသည်။

ဓမ္မာစရိယ စာမေးပွဲ၌ ပြဋ္ဌာန်းသော ကျမ်းစာ-ကျမ်းရင်း ၃ ကျမ်းမှာ....

(၁) ပါရာဇိကဏ် ပါဠိတော်နှင့် အဋ္ဌကထာ။
(၂) သုတ်သီလက္ခန်ပါဠိတော်နှင့်အဋ္ဌကထာ။
(၃) ဓမ္မသင်္ဂဏီ ပါဠိတော်နှင့် အဋ္ဌကထာဖြစ်သည်။

တကျမ်းလျှင် ပထမနေ့၊ ဒုတိယနေ့ဟု ၂ ရက်မေးသည်။ ကျမ်းရင်း ၃ ကျမ်းလုံး၌၊ ပထမနေ့ အတွက်၊ ပါဠာနုသာရီ အနက် ယောဇနာနည်း၊ အာကာရ ငံ့၍ ထုတ်၍ အနက် ယော

ဇနာနည်း၊ ဝါကျ အပြန်အလှန် အနက်ယောဇနာနည်း၊ သဒ္ဒတ္ထ အဓိပ္ပါယတ္ထ အနက် ယောဇနာနည်းများ ထည့်သွင်း မေးနိုင်သည်။ ကျမ်းရင်း ၇ ကျမ်းလုံး ဒုတိယနေ့အတွက် တကျမ်းလျှင် စည်းမျဉ်း ၁၀ ချက်ဖြင့် သတ်မှတ်ထားသည့် အတိုင်း ပုစ္ဆာ ထုတ်သည်။ စည်းမျဉ်း ၁၀ ချက်အကျယ်သိလိုပါလျှင် အထက် ပါ ထေရုပ္ပတ္တိ စာအုပ်များကို ကြည့်ရှုနိုင်ပါသည်။

"မြန်မာဂုဏ်ထူး ၇-ကျမ်း"

(၁) ပါစိတျာဒိ ပါဠိတော်နှင့် အဋ္ဌကထာ။
(၂) သုတ်မဟာဝါသုတ်ပါထေယျ ပါဠိတော်နှင့် အဋ္ဌကထာ။
(၃) မဇ္ဈိမနိကာယ ပါဠိတော်နှင့်အဋ္ဌကထာ။
(၄) သံယုတ္တ နိကာယ ပါဠိတော်နှင့် အဋ္ဌကထာ။
(၅) အင်္ဂုတ္တရ နိကာယ ပါဠိတော်နှင့် အဋ္ဌကထာ။
(၆) ဝိဘင်္ဂါဒိ ပါဠိတော်နှင့် အဋ္ဌကထာ။
(၇) ပဋ္ဌာနသမ္မိုဒါမဂ္ဂ ပါဠိတော်နှင့် အဋ္ဌကထာ။

"မြန်မာဂုဏ်ထူးကျမ်းများအတွက်ပုစ္ဆာထုတ်ရန်စည်းမျဉ်း" အနက်မေးခြင်း။

ပါဠိတော်၌ ခက်ခဲရာပါဠိတို့ကို ထုတ်၍ အနက် ယောဇနာ စေခြင်း....၁ ပုစ္ဆာ

အဋ္ဌကထာ၌ ခက်ခဲရာပါဠိတို့ကို ထုတ်၍ အနက်ယောဇနာ စေခြင်း....၁ ပုစ္ဆာ

အဓိပ္ပါယ်အဆုံးအဖြတ်မေးခြင်း။

ပါဠိတော်လာ အဓိပ္ပါယ်တို့ကိုမေးခြင်း.... ၂ ပုစ္ဆာ
အဋ္ဌကထာလာ အဓိပ္ပါယ်တို့ကိုမေးခြင်း.... ၄ ပုစ္ဆာ
ဋီကာလာ အဓိပ္ပါယ်တို့ကိုမေးခြင်း.... ၂ ပုစ္ဆာ
ပေါင်း....၁၀ ပုစ္ဆာ ဖြစ်သည်။

အဓိပ္ပါယ်ဆိုသည်မှာ၊ ဝါကျ သဒ္ဒါရေး မပါမူ၍ စာသား အဓိပ္ပါယ်အဆုံးအဖြတ်၊

ဝိနိစ္ဆယချ မေးနည်း၊ ဝါဒကွဲရာ၌ ကျမ်းညှိနည်း၊ စသည် ပါဝင်သော အဓိပ္ပာယ်ဆိုလိုသည်၊ ဋီကာကျမ်းတို့တွင် ပါစိတျာဒိအတွက် တေရသကဏ်၊ ဝိဘင်္ဂါဒိအတွက် မူလဋီကာ၊ ကြွင်း ဂုဏ်ထူးများအတွက်၊ ဆိုင်ရာဋီကာကျမ်းတို့ကို သတ်မှတ်၍ ပုစ္ဆာထုတ်ရန်....

မှတ်ချက်။ ။မြန်မာဂုဏ်ထူးအတွက် တကျမ်းကို တနေ့ တည်းဖြင့် အထက်စည်းမျဉ်းအတိုင်း မေးပါသည်။

မြန်မာ ဂုဏ်ထူး ၇-ကျမ်းဖြစ်သလို ပါဠိပါရဂူဂုဏ်ထူးမှာ လည်း ၇-ကျမ်းပင် ဖြစ်ပါသည်၊ ပါဠိပါရဂူ ဂုဏ်ထူးကျမ်း အတွက် ကျမ်းစာသီးခြား သတ်မှတ်ချက် မရှိပါ မြန်မာဂုဏ် ထူး ၇-ကျမ်းကိုပင် ဖြေဆိုကြရပါသည်။

ထူးခြားသည်မှာ ပါဠိဂုဏ်ထူးအတွက် ပါဠိဘာသာဖြင့် ပုစ္ဆာထုတ်၍ ပါဠိဘာသာဖြင့် ဖြေဆိုရခြင်း တကျမ်းလျှင် ပဌမနေ့ ၁-ရက်၊ ဒုတိယနေ့ ၁-ရက် ပေါင်း ၂ ရက်ဖြေဆိုရခြင်း ပဌမနေ့အတွက် လိုအပ်သော အဋ္ဌကထာ ဝါကျတို့ကို ထုတ်ပြ၍ တုလျတ် လိင်္ဂတ်ရသော ဌာနများ၌ ပကတိ၊ ဝိကတိ၊ နိယမ၊ အနိယမ၊ အနက်ယောဇနာစေခြင်း၊ ရသင့်သော ပါဠိဝါကျ၌

ပါဠိတော်ဖြစ်လျှင် အဋ္ဌကထာဖွင့်နည်း သက်ဝင်အောင် အဋ္ဌကထာဖြစ်လျှင် ဋီကာဖွင့်နည်း သက်ဝင်အောင် အနက်ယောဇနာနည်း၊ ပါဠာနုသာရီသမ္ဗန်၊ ဥပမာသမ္ဗန်၊ ဥပမာဟောတုသမ္ဗန် ဟူသော အနက်သမ္ဗန်နည်း ဝါကျ အပြန်အလှန် အနက်ယောဇနာနည်း၊ အာကာရ ငုံ၍ထုတ်၍ ယောဇနာနည်း ဥပမာ ဥပရိက္ခ၂ ခုထုတ်၍ အနက်ယောဇနာနည်း၊သဒ္ဒတ္ထ၊သင်္ကေတတ္ထ၊ ပညတ္တ၊ ဝေါဟာရတ္ထ၊ အဓိပ္ပာယတ္ထအားဖြင့် အနက်ယောဇနာ နည်းများကိုမေးခြင်း၊ ဒုတိယနေ့ အဋ္ဌကထာမေးခွန်းအတွက် စည်းမျဉ်း ၁၀-ချက်ဖြင့် မေးခြင်း (စည်းမျဉ်း ၁၀-ချက်ကို ထေရုပ္ပတ္တိ စာအုပ်များဘွင် အကျယ်လေ့လာနိုင်ပါသည်) တို့သာ မြန်မာဂုဏ်ထူးနှင့် ထူးခြားသွားပါသည်။

၁၃၃၆ (၁၉၇၅)ခုနှစ်၊ ဓမ္မာစရိယ စာမေးပွဲ၌ စာဖြေဌာနများမှာ ရန်ကုန်မြို့၊ ညောင်တုန်း၊ ပုသိမ်၊ မော်လမြိုင်၊ ထားဝယ်၊ ပြည်၊ မဲခူး၊ ရေနံချောင်း၊ မြင်းခြံ၊ မိတ္ထီလာ၊ တောင်ကြီး ပခုက္ကူ၊ စစ်ကိုင်း၊ မန္တလေး(က)နယ်၊ မန္တလေး (ခ)နယ်၊ မန္တလေး(ဂ)နယ်၊ ရွှေဘို၊ မုံရွာ၊ စစ်တွေ၊ မြောင်းမြ ဟူ၍ ဌာနပေါင်း ၂၀ ရှိပြီး စုစုပေါင်း စာရင်းသွင်းသူ ၂၃၀၆၊ ဖြေဆိုသူ ဦးရေ ၁၇၇၀၊ ၃-ကျမ်းအောင် ၁၅၇၊ ၂—ကျမ်းအောင် ၁၅၆၊ ၁-ကျမ်းအောင် ၁၀၆၊ မြန်မာဂုဏ်ထူးအောင် ၃၇၊ ပါဠိဂုဏ်ထူးအောင် ၁-ပါးဖြစ်သည်။

(၁) ကျမ်းရင်းဖြေဆိုသူ ဦးရေ ၁၅၉၆၊ကျမ်းရင်း ၃-ကျမ်းပြီးဆုံးအောင်မြင်သူ ၁၅၇။ (၉.၉)ရာခိုင်နှုန်း။

(၂) မြန်မာဂုဏ်ထူးဖြေဆိုသူ ဦးရေ ၂၁၁၊ အောင်မြင်သူ ၃၇ (၁၇. ၅၃) ရာခိုင်နှုန်း။

(၃) ပါဠိဂုဏ်ထူးဖြေဆိုသူ ဦးရေ ၂၅၆၊ အောင်မြင်သူ ၁၊ (၀.၃၉) ရာခိုင်နှုန်း။

ကျမ်းရင်း ၃ ကျမ်း အောင်မြင်သူကို "သာသနဓဇဓမ္မာစရိယ" ဘွဲ့ မြန်မာဂုဏ်ထူးအောင်ပုဂ္ဂိုလ်ကို "သာသနဓဇသိရီပဝရဓမ္မာစရိယ" ဘွဲ့ ပါဠိဂုဏ်ထူးအောင်ပုဂ္ဂိုလ်ကို "သာသနဓဇဓမ္မာစရိယပါဠိပါရဂူ" ဘွဲ့တို့ဖြင့် ချီးမြှင့်သည်။

**မှတ်ချက်။** ။ကျမ်းရင်း ၁ ကျမ်း၊ ၂ ကျမ်း အောင်မြင်သူများ၊ မြန်မာဂုဏ်ထူး သို့မဟုတ် ပါဠိဂုဏ်ထူး သက်သက်အောင်မြင်၍ ကျမ်းရင်း၃ ကျမ်းမအောင်မြင်သေးသော ပုဂ္ဂိုလ်တို့ကို ဘွဲ့တံဆိပ်မဆက်ကပ်ပါ။ ဓမ္မာစရိယတန်း အမှတ်အများဆုံး နံပါတ် ၁ ရသူကို "အဂ္ဂမဟာအကျော်" ဟုခေါ်သည်။

**"ပါဠိပထမပြန်စာမေးပွဲဆိုင်ရာ ဘာသာရပ်နှင့် ကျမ်းစာများ"**

၁။ ပထမငယ်တန်းအတွက် အောက်ပါ ကျမ်းစာများကို ပြဋ္ဌာန်းပါသည်။

(က) ဘိက္ခုပါတိမောက်ပါဠိ အနက်အဓိပ္ပါယ်(အဓိပ္ပါယ်ဆိုသည်မှာ- ဘိက္ခုပါတိမောက်လာ အဓိပ္ပါယ်နှင့် ကင်္ခါဝိတရဏီဒီပနီလာသောအဓိပ္ပါယ်)။ [လူနှင့်သီလရှင်များသည် ပထမငယ်တန်း၌ ဘိက္ခုပါတိမောက်အစား ဓမ္မပဒပါဠိတော် (အစမှ ဗာလဝဂ်ကုန်အထိ ပါဠိအနက်အဓိပ္ပါယ်) ကို ဖြေဆိုလိုက ဖြေဆိုနိုင်သည်]

(ခ) ကစ္စည်းသဒ္ဒါပ ါဠိ၊အနက်၊ရုပ်၊အဓိပ္ပါယ် (အဓိပ္ပာယ် ဆိုသည်မှာ- ကစ္စည်းသဒ္ဒါကြီးလာ အဓိပ္ပါယ်၊ သန္ဓိ ပုဒ်စစ်၊ သုတ်စစ်လာအဓိပ္ပါယ်နှင့် ရူပသိဒ္ဓိ-အောက် နှစ်ပိုင်းမှလာသောအဓိပ္ပါယ်)။

(ဂ) အဘိဓမ္မတ္ထသင်္ဂဟပ ါဠိ၊ အနက်၊ သရုပ်၊ အဓိပ္ပါယ် အဓိပ္ပါယ်ဆိုသည်မှာ-သင်္ဂဟလာအဓိပ္ပါယ်နှင့် ဋီကာ ကျော် အောက်သုံးပိုင်းမှလာသောအဓိပ္ပါယ်)။

(ဃ) အဘိဓမ္မာ မာတိကာ၊ ပဋ္ဌာနပစ္စယ အဆုံးတိုင်အောင် သော ဓာတုကထာပ ါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်။

(င) ဘာသာပြန်၊ အင်္ဂုတ္တရ ပ ါဠိတော်။

ပထမလတ်တန်းအတွက် အောက်ပါ ကျမ်းစာများကို ပြဋ္ဌာန်းသည်။

(က) ဒွေမာတိကာပ ါဠိ၊ အနက်၊အဓိပ္ပါက်(အဓိပ္ပါယ် ဆို သည်မှာ–ဒွေမာတိကာလာအဓိပ္ပါယ်နှင့်ကင်္ခါနိဒါန်း ဒွေသမှ နိဿဂ္ဂိယဝဏ္ဏနာ အကုန်အထိ လာသော အဓိပ္ပါယ်) [လူနှင့်သီလရှင်များသည် ပထမလတ် တန်း၌ဒွေမာတိကာအစား ဓမ္မပဒပ ါဠိတော်(ပဏ္ဍိတ ဝဂ်မှ ဗုဒ္ဓဝဂ်ကုန်သည်အထိ ပ ါဠိ၊အနက်၊အဓိပ္ပါယ်) ကို ဖြေဆိုလိုက ဖြေဆိုနိုင်သည်]

(ခ) ကစ္စည်းသဒ္ဒါပ ါဠိ၊အနက်၊ရုပ်၊အဓိပ္ပါယ်(အဓိပ္ပါယ် ဆိုသည်မှာ–ကစ္စည်းသဒ္ဒါကြီးလာ အဓိပ္ပါယ်၊ သန္ဓိ

ပုဒ်စစ်၊ နာမ်ပုဒ်စစ်၊ ကာရကပုဒ်စစ်၊ သုတ်စစ်လာ အခိပ္ပါယ်နှင့် ရူပသိဒ္ဓိ အောက်ငါးပိုင်းမှ လာသော အဓိပ္ပါယ်)။

(ဂ) အဘိဓမ္မတ္ထသင်္ဂဟပါဠိ၊ အနက်၊ သရုပ်၊ အဓိပ္ပါယ် (အဓိပ္ပါယ်ဆိုသည်မှာ- သင်္ဂဟလာ အဓိပ္ပါယ်နှင့် ဋီကာကျော် အောက် ၆ ပိုင်းမှလာသောအဓိပ္ပါယ်)

(ဃ) အဘိဓမ္မာ မာတိကာ၊ ဓာတုကထာပါဠိ၊ အနက်၊ အရကောက်၊အဓိပ္ပါယ်။

(င) အောက်ယမိုက် ၅ ကျမ်းပါဠိ၊ အနက်၊ အရအောက် အဓိပ္ပါယ်။

(စ) ဘာသာပြန်အင်္ဂုတ္တရ ပါဠိတော်။

၃။ ပထမကြီးတန်းအတွက် အောက်ပါ ကျမ်းစာများပြဋ္ဌာန်းပါသည်။

(က) ဒွေမာတိကာပါဠိ၊ အနက်၊ အဓိပ္ပါယ်(အဓိပ္ပါယ်ဆိုသည်မှာ ဒွေမာတိကာလာ အဓိပ္ပါယ်နှင့် ကင်္ခါ အကုန်မှာ လာသော အဓိပ္ပါယ်) [လူနှင့် သီလရှင်များသည် ပထမကြီးတန်း၌ ဒွေမာတိကာအစား ဓမ္မပဒပါဠိတော်(သုခဝဂ်မှအဆုံးအထိ ပါဠိ၊အနက် အဓိပ္ပါယ်) ကို ဖြေဆိုလိုက ဖြေဆိုနိုင်သည်။]

(ခ) ကစ္စည်းသဒ္ဒါပါဠိ၊အနက်၊ရုပ်၊အဓိပ္ပါယ်(အဓိပ္ပါယ် ဆိုသည်မှာ—ကစ္စည်းသဒ္ဒါကြီးလာ အဓိပ္ပါယ်၊ ပုဒ်

စစ်၊ သုတ်စစ်လာသော အမိပ္ပါယ်နှင့် ရှုပသိဒ္ဓိ တကျမ်းလုံးမှလာသော အမိပ္ပါယ်)

(ဂ) အဘိဓမ္မတ္ထသင်္ဂဟပါဠိ၊ အနက်၊ သရုပ်၊ အမိပ္ပါယ် (အမိပ္ပါယ်ဆိုသည်မှာ- သင်္ဂဟလာ အမိပ္ပါယ်နှင့် ဋီကာကျော် တကျမ်းလုံးမှ လာသော အမိပ္ပါယ်)

(ဃ) အထက်ယမိုက် ၅ ကျမ်းပါဠိ၊အနက်၊ အရကောက်၊ အမိပ္ပါယ်။

(င) ဆန္ဒ၊ အဘိဓာန၊ အလင်္ကာရ၊ ပါဠိ၊ အနက်၊ အမိပ္ပါယ်။

(စ) ပဋ္ဌာန်း ကုသလတိက်၊ အနက်၊ အရကောက်၊ အမိပ္ပါယ်။

(ဆ) ဘာသာပြန် အင်္ဂုတ္တရ ပါဠိတော်။

မှတ်ချက်။ ။

(၁) ပထမငယ်၊ ပထမလတ်နှင့် ပထမကြီး စာမေးပွဲ သုံးခုလုံး၌ ဝိနည်းဘာသာကို ရဟန်းတော်နှင့် သာမဏေများ မုချဖြေရမည်။

(၂) လူနှင့် သီလရှင်တို့သည် ဝိနည်းကို ဖြေဆိုလိုက ဖြေဆိုနိုင်သည်။ မဖြေလိုလျှင် ဝိနည်းအစား ပြဋ္ဌာန်းထားသော ဘာသာကို ဖြေဆိုနိုင်သည်။

(၃) အတန်းတိုင်း၌ မည်သည့်ဘာသာ၌မဆို သတ်ပုံမှားလျှင် ၅ လုံးအတွက် တမှတ်လျှော့မည်။

ဘာသာပြန်ကျမ်းစာအတွက် မှတ်ချက်။

(က) ဘာသာပြန် ကျမ်းစာကို အင်္ဂုတ္တရ ပါဠိတော်မှ အတန်းလိုက် သင့်လျော်သလို ၃ ပိုင်း ပိုင်းခြား၍ ၃ နှစ်လျှင်တကြိမ်ကျစီ လှည့်၍ မေးမြန်းပါမည်။ မည်သို့ပိုင်းခြားကြောင်းကို အချိန်မီ ကြေညာပါမည်။

(ခ) ပါဠိဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုရာ၌ နိဿယ ပြန်နည်းမဟုတ်ဘဲစကားပြေရေးနည်းဖြင့်သာပြန်ဆိုရပါမည်။

ဆက်လက်၍-ပါဠိ ပထမပြန် စာမေးပွဲကျင်းပပြုလုပ်ရာ စာဖြေဌာနများကိုလည်း တင်ပြပါဦးမည်။

# ၁၃၃၆(၁၉၇၅) ခုနှစ် ပါဠိ ပထမပြန်စာမေးပွဲ စာဖြေဌာနများ
## (တိုင်းနှင့်ပြည်နယ် အလိုက် ခွဲခြားထားပါသည်)

### ရန်ကုန်တိုင်းအတွင်းရှိ စာဖြေဌာနများ

၁။ ရန်ကုန်မြို့
၂။ လှည်းကူးမြို့
၃။ တိုက်ကြီးမြို့
၄။ သံလျင်မြို့
၅။ ခရမ်းမြို့
၆။ ကွမ်းခြံကုန်းမြို့
၇။ တွံတေးမြို့
၈။ သုံးခွမြို့

### ပဲခူးတိုင်းအတွင်းရှိ စာဖြေဌာနများ

၉။ ပဲခူးမြို့
၁၀။ ညောင်လေးပင်မြို့
၁၁။ တောင်ငူမြို့
၁၂။ ဖြူးမြို့
၁၃။ ပြည်မြို့
၁၄။ ပေါင်းတည်မြို့
၁၅။ ကြို့ပင်ကောက်မြို့
၁၆။ လက်ပံတန်းမြို့

## ရောဝတီတိုင်းအတွင်းရှိ စခန်းပြောင်းနေသူများ

| | |
|---|---|
| ၁၇။ ပုသိမ်မြို့ | ၂၆။ မအူပင်မြို့ |
| ၁၈။ ငါးသိုင်းချောင်းမြို့ | ၂၇။ ဓနုဖြူမြို့ |
| ၁၉။ ရေကြည်မြို့ | ၂၈။ ညောင်တုန်းမြို့ |
| ၂၀။ မြောင်းမြမြို့ | ၂၉။ ဟင်္သာတမြို့ |
| ၂၁။ လပွတ္တာမြို့ | ၃၀။ မြန်အောင်မြို့ |
| ၂၂။ ဖျာပုံမြို့ | ၃၁။ ဇလွန်မြို့ |
| ၂၃။ ဒေးဒရဲမြို့ | ၃၂။ ပန်းတနော်မြို့ |
| ၂၄။ ကျိုက်လတ်မြို့ | ၃၃။ ဝါးခယ်မမြို့ |
| ၂၅။ ဘိုကလေးမြို့ | ၃၄။ မော်လမြိုင်ကျွန်းမြို့ |

## မကွေးတိုင်းအတွင်းရှိ စခန်းပြောင်းနေသူများ

| | |
|---|---|
| ၃၅။ မကွေးမြို့ | ၄၁။ တောင်တွင်းကြီးမြို့ |
| ၃၆။ စလင်းမြို့ | ၄၂။ နတ်မောက်မြို့ |
| ၃၇။ စကုမြို့ | ၄၃။ ချောက်မြို့ |
| ၃၈။ ဆင်ဖြူကျွန်းမြို့ | ၄၄။ ပခုက္ကူမြို့ |
| ၃၉။ အောင်လံမြို့ | ၄၅။ ရေစကြိုမြို့ |
| ၄၀။ ရေနံချောင်းမြို့ | ၄၆။ ဂန့်ဂေါမြို့ |

## မန္တလေးတိုင်းအတွင်းရှိ စခန်းပြောင်းနေသူများ

| | |
|---|---|
| ၄၇။ မန္တလေးမြို့ | ၅၀။ အမရပူရမြို့ |
| ၄၈။ မေမြို့ | ၅၁။ မိုးကုတ်မြို့ |
| ၄၉။ မတ္တရာမြို့ | ၅၂။ ကျောက်ဆည်မြို့ |

၅၃။ မိတ္ထီလာမြို့
၅၄။ ဝမ်းတွင်းမြို့
၅၅။ မလှိုင်မြို့
၅၆။ မြင်းခြံမြို့
၅၇။ တောင်သာမြို့
၅၈။ ရမည်းသင်းမြို့
၅၉။ ပျဉ်းမနားမြို့
၆၀။ ကျောက်ပန်းတောင်းမြို့

### စစ်ကိုင်းတိုင်းအတွင်းရှိ စာဖြေဌာနများ

၆၁။ စစ်ကိုင်းမြို့
၆၂။ မြင်းမူမြို့
၆၃။ ရွှေဘိုမြို့
၆၄။ ရေဦးမြို့
၆၅။ ကန့်ဘလူမြို့
၆၆။ ကသာမြို့
၆၇။ ကောလင်းမြို့
၆၈။ မုံရွာမြို့
၆၉။ ချောင်းဦးမြို့

### မွန်ပြည်နယ်အတွင်းရှိ စာဖြေဌာနများ

၇၀။ မော်လမြိုင်မြို့
၇၁။ မုဒုံမြို့
၇၂။ ရေးမြို့
၇၃။ သထုံမြို့
၇၄။ ကျိုက်ထိုမြို့

### တနင်္သာရီတိုင်းအတွင်းရှိ စာဖြေဌာနများ

၇၅။ ထားဝယ်မြို့
၇၆။ မြိတ်မြို့

### ရခိုင်ပြည်နယ်အတွင်းရှိ စာဖြေဌာနများ

၇၇။ စစ်တွေမြို့
၇၈။ မြို့ဟောင်းမြို့
၇၉။ မင်းပြားမြို့
၈၀။ ကျောက်ဖြူမြို့
၈၁။ ရမ်းဗြဲမြို့
၈၂။ သံတွဲမြို့
၈၃။ တောင်ကုတ်မြို့

## ရှမ်းပြည်နယ်အတွင်းရှိ စာဖြေဌာနများ

၁၄။ တောင်ကြီးမြို့ ၁၈။ လားရှိုးမြို့
၁၅။ ညောင်ရွှေမြို့ ၁၉။ ကျောက်မဲမြို့
၁၆။ ကလောမြို့ ၄၀။ မိုးမိတ်မြို့
၁၇။ ပင်လုံမြို့

## ကချင်ပြည်နယ်အတွင်းရှိ စာဖြေဌာနများ

၄၁။ မြစ်ကြီးနား ၄၂။ ရွှေကူမြို့

## ကရင်ပြည်နယ်အတွင်းရှိ စာဖြေဌာနများ

၄၃။ ဘားအံမြို့ ၄၄။ ကော့ကရိတ်မြို့

## ကယားပြည်နယ်အတွင်းရှိ စာဖြေဌာနများ

၄၅။ လွိုင်ကော်မြို့

ပေါင်း.... ပထမပြန်ဌာနပေါင်း.... ၄၅ ဌာန ရှိပါသည်။

၁၃၃၆ (၁၉၇၅) ခုနှစ်၊ ပါဠိ ပထမပြန် စာမေးပွဲ ပထမကြီးတန်း၌ စုစုပေါင်း စာရင်းသွင်း ဦးရေ ၂၆၂၀၊ ဖြေဆိုသူ ၂၀၃၂၊ အောင်မြင်သူ ၃၁၃ ဖြစ်သည်။ ပထမကြီးတန်းတွင် ပါဠိဘာသာဖြင့် ၄၅ ပါး ဖြေဆိုတော်မူကြသည့် အနက် ၁၀ ပါး အောင်မြင်သည်။ ပထမကြီးတန်းတွင် ပထမရသူကို "ပထမကျော်" ဟု ဂုဏ်ပြု ခေါ်ဝေါ်သည်။ ဒုတိယ ရသူကို "ပထမကျော်အောက် ပထမ" ဟု ခေါ်ပြီး၊ တတိယရသူကို "ပထမကျော်အောက်ဒုတိယ"ဟု ဂုဏ်ပြုခေါ်ဝေါ်သည်။

ပထမလတ်တန်းတွင် စုစုပေါင်း စာရင်းသွင်းဦးရေ ၃၃၅၅၊ ဖြေဆိုသူ ၂၀၉၀၊ အောင်မြင်သူ ၅၇၇၊ ဖြစ်ပြီး၊ ပါဠိဘာသာဖြင့် ၃၁ ပါး ဖြေဆိုသည့်အနက် ၆ ပါးအောင်မြင်သည်။

ပထမငယ်တန်းတွင် စုစုပေါင်း စာရင်းသွင်းဦးရေ ၅၃၃၀၊ ဖြေဆိုသူ ၄၂၅၉၊ အောင်မြင်သူ ၁၃၉၀၊ ဖြစ်ပြီး၊ ပါဠိဘာသာဖြင့် ၂၉ ပါး ဖြေဆိုသည့်အနက် ၁၄ ပါး အောင်မြင်သည်။

အတန်းတိုင်းတွင် ပထမ၊ ဒုတိယ၊ တတိယ ရွေးချယ်ပြီး၊ သီလရှင်များကိုတော့ အတန်းတိုင်းတွင် ပထမတဦးတည်းရွေးချယ်ပါသည်။ ရဟန်း သာမဏေများနှင့် ခွဲခြားပြီး သီလရှင်ချည်းသတ်သတ် ရွေးချယ်သည်။

## ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်က လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆုစာအုပ်များ။

ဓမ္မာစရိယ ရိုးရိုးသုံးကျမ်း အောင်မြင်လျှင် ကျပ် ၃၀၀နှင့် ဘွဲ့တံဆိပ်တုံး၊ အောင်လက်မှတ်၊ ထေရုပ္ပတ္တိစာအုပ် ၂ အုပ်၊

ဓမ္မာစရိယ မြန်မာဂုဏ်ထူးကျမ်း အောင်မြင်လျှင်.... ကျပ် ၂၀၀။

ဓမ္မာစရိယ ပါဠိပါရဂူ ဂုဏ်ထူး အောင်မြင်လျှင် ကျပ်၃၀၀ ဆွမ်းဆန်တော်အဖြစ် သာသနာရေးဌာနမှ လှူဒါန်းပါသည်။

ပထမကျော်။

ပထမကျော် ပုဂ္ဂိုလ်အား ဆွမ်းဆန်တော် ၁၅၀ ကျပ် လှူဒါန်း၍ ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်လျှင် ၂၅ ကျပ် ပိုမို လှူ

ဒါန်းသည်။ စာချဆရာတော်အတွက် ဆွမ်းဆန်တော် ၃၆ကျပ် လှူဒါန်းသည်။

ပထမကြီးတန်း။

ပထမကြီးတန်း အောင်မြင်လျှင် ဆွမ်းဆန်တော် ၁၀၀ ကျပ် လှူဒါန်း၍ ပါဠိဘာသာဖြင့် အောင်မြင်လျှင် ၂၅ ကျပ် ပိုသည်။ စာချဆရာတော်အတွက် ဆွမ်းဆန်တော် ၃၆ ကျပ် လှူဒါန်းပါသည်။

ပထမကျော်နှင့် ပထမကြီးတန်းအောင် ပုဂ္ဂိုလ်များအတွက် ဓမ္မာစရိယစာမေးပွဲ စာလိုက်ရန် ပါရာဇိကဏ်အဋ္ဌကထာပထမတွဲတအုပ်၊ ဒုတိယတွဲတအုပ်၊ သီလက္ခန္ဓအဋ္ဌကထာ တအုပ်၊ အဋ္ဌသာလိနီအဋ္ဌကထာတအုပ် ပေါင်း ၄ အုပ်စီ လှူဒါန်းပါသည်။

ပထမလတ်တန်း။

ပထမလတ်တန်းအောင်မြင်လျှင် ဆွမ်းဆန်တော် တပါး ၇၅ကျပ် ပါဠိဘာသာဖြင့် အောင်မြင်လျှင် ၂၀ ကျပ် ပိုလှူသည်။ စာချဆရာတော်အတွက် ဆွမ်းဆန်တော် ၂၄ ကျပ် လှူဒါန်းသည်။ ပထမကြီးတန်းအတွက် စာလိုက်ရန် စာအုပ်ဆုမှာ ပဋ္ဌာန်းအရကောက် တအုပ်၊ အဘိဓာန် အလင်္ကာဆန်းပါဠိတအုပ် ပေါင်း ၂ အုပ်စီ လှူဒါန်းသည်။

ပထမငယ်တန်း။

ပထမငယ်တန်းအတွက် ဆွမ်းဆန်တော် ၅၀ ကျပ်စီ၊ ပါဠိဖြင့် ဆိုလျှင် ၁၅ ကျပ် ပိုလှူ၍ စာချဆရာတော်အတွက် ဆွမ်းဆန်

တော် ၁၂ ကျပ် လျှုဒါန်းသည်။ ပထမလတ်အတွက် စာလိုက်ရန် ယမိုက် ဆယ်ကျမ်း အရကောက်တအုပ်စီ လျှုဒါန်းသည်။

နိုင်ငံတော်အစိုးရက လှူဒါန်းသော ဆုများအပြင်၊ အထူးအောင်မြင်ကြသော ပုဂ္ဂိုလ်များကို လုပ်သားပြည်သူ စေတနာရှင်များက တနှစ်လျှင် ဘယ်ငွေ ဘယ်မျှ စသည်ဖြင့် လှူဒါန်းသော "ပညာတော်သင်အထူးဆု" များလည်း ရှိပါသေးသည်။ နိုင်ငံ အစိုးရ၏ ဓမ္မာစရိယ နှင့် ပါဠိ ပထမပြန် စာမေးပွဲမှ ၁၃၃၆(၁၉၇၅) ခုနှစ် အတွက် အောင်မြင်သူများကို စာချင်းချုပ်မည်ဆိုသော်....

ဓမ္မာစရိယတန်း....၄၅၈ (ကျမ်းပြီး-ကျမ်းစွဲ)
ပထမကြီးတန်း.... ၃၁၃
ပထမလတ်တန်း....၅၇၇
ပထမငယ်တန်း....၁၃၉၀ ပေါင်း....၂၇၃၈ ပါးဖြစ်သည်။

တော်လှန်ရေးအစိုးရ တက်လာသော ၁၉၆၂ ခုနှစ်မှ၊ ယခုတင်ပြသော ၁၉၇၅ ခုနှစ် အထိ၊ ၁၀ နှစ်ကျော်ကာလအတွင်း သာသနာ့အာဇာနည်ဘယ်လောက်မွေးထုတ်နိုင်ခဲ့သည်ကိုခန့်မှန်းနိုင်တော့ပြီဖြစ်သည်။

ဤပရိယတ္တိစာမေးပွဲကြီးများသည်၊ ကျွန်ုပ်တို့လက်ထက်ကျမှ ပေါ်ပေါက်လာသည့် "ပေါက်ကရ လျှော်ပင်ကဲ့သို့ နောက်မှ ပေါ်ထင်လာသည့် "ရွှေကြာပင်" မဟုတ်တော့ပါ၊ ရှေးမြန်မာဘုရင်များ လက်ထက်ကပင် အစပြုခဲ့သည်ကို၊ သမိုင်းကြောင်းအရ ကျွန်ုပ်တို့သိရှိရပါသည်။

* ရှေးရှေး မြန်မာမင်းများသည်၊ ဗုဒ္ဓသာသနာပြုမင်းများ ဖြစ်ကြသည့်အတိုင်း၊ ဝါဆိုလအခါတွင် ပဥ္စင်းခံပွဲများ ကျင်းပလေ့ ရှိရာ၊ ရဟန်းလောင်း သာမဏေရွေးချယ်ရာ၌ အရည်အချင်း စစ်ဆေးရန်လိုအပ်သဖြင့်၊ အင်းဝခေတ် နှောက်ပိုင်း သာလွန်မင်းတရားကြီး(၉၀၀-၁၀၁၀) လက်ထက်၌ စာမေးပွဲကျင်းပရေးကို စတင်စီစဉ်ခဲ့လေသည်။

ရဟန်းလောင်းအတွက် သဒ္ဒါရှစ်စောင်, သုတ် ၃ ကျမ်းနှင့် အဘိဓမ္မာ သင်္ဂြိုဟ်ကျမ်းများကို ပြဋ္ဌာန်း၍ ရှင်လောင်းအတွက် သဒ္ဒါရှစ်စောင် ပြဋ္ဌာန်းပြီး ပညာရှိ အမတ်များ ကြီးကြပ်ခါ နယုန်လတွင် ပထမစာတော်တို့ကိုအာဂုံပြန်၍ ဒုတိယတွင် နှုတ်မေးခွန်းတို့ကို ဖြေရ သဖြင့် ပထမ စာတော်ပြန်ပွဲဟု အမည်တွင်သည်။

မူလကပင် ရဟန်းလောင်း သာမဏေလောင်းတို့ကိုရည်စူး၍ ကျင်းပသောကြောင့်၊ရဟန်းတော်များဝင်ခွင့်မရှိပေ။ စာတော်ပြန်ပွဲဝင်သူ ရဟန်းလောင်း တို့လည်း လူဝတ်လဲ၍ မင်းသား အဆောင်အယောင်ဖြင့် ဝင်နိုင်ကြရသည်။

## ပထမကျော် အောင်စံထား

ဟံသာဝတီရောက်မင်းတရား (၁၀၇၅-၁၁၁၆) လက်ထက် ပထမ စာပြန်ပွဲတွင် ရှင်ဥာဏဝရသည် ပထမကျော်အောင်၏။ ထိုရှင်ဥာဏဝရသည်၊ပထမကျော်လည်းအောင်၊ ရဟန်းလည်းခံ၊ ကျောင်းရုံ တရာ ရှိသော ကျော်အောင်စံထားတိုက်ကိုလည်း အလှူခံရ၊ ဤသုံးချက် တခါတည်းဖြစ်သဖြင့် ထူးခြားသော

ပုဂ္ဂိုလ်ဖြစ်တော့သည်။ ယင်းသို့ဖြင့် ပထမပြန်သဘင်သည် နယုန်လဘွင် အစဉ်မပျက် မင်းဆက်တိုင်း ကျင်းပခဲ့သည်မှာ၊ ပဥ္စမသံဂါယနာတင် မင်းတရားကြီးလက်ထက်၌၊ အသိုက်အမြိုက်အကြီးအကျယ်ဆုံးဖြစ်သည်ဟုအဆိုရှိလေသည်။

ပထမငယ်၊ ပထမလတ် အောင်မြင်သူများအား ဒေါင်းဒင်္ဂါး ၁၀၀ဝိနှင့် အဝတ်အထည်များ၊ ပထမကြီး အောင်မြင်သူများအား ကျောက်နီလက်စွပ်နှင့် ဒေါင်းဒင်္ဂါး ၁၅၀၀ ချီးမြှင့်သည့်အပြင် မိဘစသည့် နီးစပ်ရာ ဆွေမျိုးတို့အား ဆဲ့နှစ်မှုမင်းတိုင်း လွတ်ငြိမ်းခွင့်ပြုကြောင်း သိရပေသည်။

သီပေါမင်းလက်ထက် ပထမဆုံး စာတော်ဥပဒေကို ပုံနှိပ်ခဲ့လေသည်။ ၁၂၄၅ ခု ပြာသိုလ်လဆန်း ၅ ရက်နေ့စွဲဖြင့် ရတနာပုံနေပြည်တော် နန်းတွင်း စာပုံနှိပ်စက်ရုံမှ ပထမစာတော်ပြန်ဥပဒေစာတမ်းကို ပုံနှိပ်ခဲ့သည်ဟု အမှတ်အသား တွေ့ရ၏။ သီပေါမင်းကား သူကိုယ်တိုင် ပထမ ၃ ခါပြန်ခဲ့သဖြင့် အထူးချီးမြှောက်မည်မှာ ယုံမှားစရာမရှိပေ။ သို့ရာတွင် ၁၂၄၇ ခုနှစ်တွင် အင်္ဂလိပ်လက်သို့ ပါတော်မူရသဖြင့် ပထမ စာတော်ပြန်ပွဲများ ပျက်ပြားသွားရလေတော့သည်။

## အင်္ဂလိပ်ခေတ် ပထမပြန်

သီပေါမင်းပါတော်မူပြီးနောက် ၉ နှစ်တိတိ ပထမစာတော်ပြန်ပွဲများ ကွယ်ပျောက်ခဲ့ရ၏။ သို့သော်.... ၁၈၈၉ ခုနှစ်တွင် မြန်မာနိုင်ငံ ပညာမင်းကြီး ဖြစ်လာသော မစ္စတာ ဂျန်ဝင်ဆို

မရန်ပုပ်သည် ပထမစာတော်ပြန်ပွဲများကို ပြန်လည် အသက်သွင်းခဲ့သူ ဖြစ်လေသည်။

မစ္စတာ ဂျန်ဝင်ဆိုမရန်ပုပ်သည် သီပေါမင်း၏ ဆရာတော်၊ သာသနာပိုင်ဆရာတော်၊ ပခန်းဆရာတော်၊ လှထွေဆရာတော်နှင့် ကင်းဝန်မင်းကြီး စသော ပုဂ္ဂိုလ်ကြီးများနှင့် ဆွေးနွေး၍ ၁၈၉၁ ခု မတ်လ(၁၂၅၃ ခု တပေါင်းလ)တွင် ပထမစာတော်ပြန် စာမေးပွဲများပြန်လည်ကျင်းပသင့်ကြောင်း အစီရင်ခံစာကို အစိုးရထံ တင်သွင်းခဲ့လေသည်။

၁၈၉၄ ခု ဒီဇင်ဘာလ(၁၂၅၆ ခု နတ်တော်လ)တွင် အစိုးရက ရဟန်းရှင်လူမရွေး ဝင်ရောက်ဖြေဆိုနိုင်သော ပထမစာတော်ပြန်ပွဲများကို ကျင်းပရန်အမိန့်ချလိုက်သဖြင့် အင်္ဂလိပ်လက်ထက်တွင် ပထမဆုံး စာတော်ပြန်ပွဲကို ၁၈၉၅ ခု ဇွန်လ(၁၂၅၇ ခုနှစ် နယုန်လ)တွင် စတင် ကျင်းပခဲ့လေသည်။

## ပထမကျော်များ

၁၈၉၇ ခု ဇွန်လ(၁၂၅၉ ခု နယုန်လ)စာမေးပွဲ ပထမကျော်တန်းတွင် ရဟန်းတော် ၁၂ ပါး ဝင်ရောက်ဖြေဆိုခဲ့ရာ ရန်ကုန် သရက်တောတိုက်မှ ဦးကေတုသည် ပထမကျော် အောင်မြင်ခဲ့သည်။ ဦးကေတု(နောက် မော်လမြိုင် ဘုံပျံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အသျှင်ကေတု)သည် အင်္ဂလိပ် လက်ထက်တွင် ပထမဆုံး ပထမကျော်အောင် ပုဂ္ဂိုလ်ဖြစ်လေသည်။

ထို့နောက် ကျောက်စာဝန် တော်စိန်ခို၏အကြံပေးချက်အရ ၁၉၀၁(၁၂၆၃)ခုနှစ်မှစ၍ သီလရှင်များလည်း ပထမစာတော်

ပြန်ပွဲ ဝင်ရောက်ဖြေဆိုခွင့်ရလေရာ စစ်ကိုင်းသမိဒ္ဓေါဒယချောင်မှ ဒေါ်ပါရမီသည် (၁၂၄၈)ခုနှစ်တွင် ပထမဆုံး ပထမကျော် အောင်မြင်သဖြင့် ပထမကျော် သီလရှင်များလည်း ပေါ်ထွက်ခဲ့လေသည်။

၁၉၄၁ ခုနှစ် (၁၃၀၃) ခုတွင် မေးခွန်းများ ပေါက်ကြားသဖြင့် အငယ်နှင့် အလတ်အောင်စာရင်းများသာ ကြေညာနိုင်ပြီး၊ ပထမကြီးတန်း အောင်စာရင်းကို မကြေညာဘဲဖြစ်နေစဉ် ဒုတိယယမ္ဘာစစ်ကြီး ဖြစ်ပွားလာသဖြင့် ပဋ္ဌမစာတော်ပြန်ပွဲများ ရပ်စဲ၍သွားရပြန်တော့၏။

ဂျပန်ခေတ် ၁၉၄၂-ခုနှစ်မှ ၁၉၄၅ ခုတိုင် ပထမပြန်စာမေးပွဲများ မကျင်းပနိုင်ဘဲ ဝိနည်းစာပြန်ပွဲများသာ ဖြစ်ပေါ်ခဲ့ပြီး ၁၉၄၆(၁၃၀၈)ခုနှစ် စစ်ပြီးခေတ်၏ ဤမှာဘက်တွင် ပြန်လည်ကျင်းပခဲ့လေသည်၊ ပထမတွင် ရွှေးမြန်မာရိုးရာ ထုံးတမ်းစဉ်လာမပျက် နယုန်လတွင် ကျင်းပခဲ့သော်လည်း ဤခေတ်တွင် ပဋ္ဌမစာတော်ပြန်ပွဲများကျင်းပရာ၌ နေရာ ပြဿနာပြေလည်ရန်အတွက် အစိုးရအထက်တန်းကျောင်းများပိတ်သော နွေရာသီ (မတ်–ဧပြီ)တပေါင်း တန်ခူးသို့ ရွှေ့ပြောင်းကျင်းပခဲ့သည်။*

---

**ဝန်ခံချက်**

* ပရိယတ္တိစာမေးပွဲ သမိုင်းဖြစ်စဉ်ကို ရဝေထွန်း၏ ရတနာစာပေ အမှတ် ၂ "နယုန်လနှင့် စာတော်ပြန်ပွဲ" ဆောင်းပါးမှ ဖော်ပြသည်။

ဤသို့ဖြင့် ပရိယတ္တိ စာမေးပွဲကြီးများသည် နောက်မှပေါ် ပေါက်လာသည့် ရွှေကြာပင်မဟုတ်တော့ပါပေ၊ ရှည်လျားသော ခရီးရှည်ကြီးကို ဖြတ်သန်းခဲ့ရပေပြီ၊ နားသည့်အခါနား၊ သွား သည့်အခါသွားဖြင့် ခရီးကြမ်းကြီးကို ပင်ပန်းတကြီး လှမ်းခဲ့ရ သည်ကိုလည်း ကျွန်ုပ်တို့ လေ့လာသိရှိရပါပြီ၊ ဤမျှကြာရှည်လှ စွာ ပရိယတ္တိစာမေးပွဲ သမိုင်းလမ်းကြောင်းကြီး ပျောက်ကွယ် မသွားအောင် လက်ဆင့်ကမ်း ထိမ်းသိမ်းစောင့်ရှောက် ပြုပြင် လာခဲ့ကြသော ပုဂ္ဂိုလ်ကြီးငယ် အပေါင်းကိုလည်း လေးစား ချီးကျူးဘွယ်ဖြစ်ပေသည်။

ပရိယတ္တိတည်းဟူသော ဆီမီးတိုင်များကို တတိုင်ပြီးတတိုင် ထွန်းညှိခဲ့ကြပြီး ဘဝအမိုက်မှောင်ကို ပရိယတ္တိ ဆီမီးတန်ဆောင် ဖြင့် ပယ်လှင့်ဖျက်ဆီးပြီး ဘဝငြိမ်းချမ်းရေးစခန်းကို လမ်းပြခဲ့ ကြပေသည်၊ ဤပရိယတ္တိ စာမေးပွဲသမိုင်းကို အလျဉ်းသင့်သဖြင့် သာ တဆက်တည်း တင်ပြရခြင်းဖြစ်သည်။

စစ်စစ်အားဖြင့် ဤပရိယတ္တိစာမေးပွဲ သမိုင်းအစဉ်သည်၊ ယခု တင်ပြဆဲဖြစ်သော ပထမ သံဂါယနာတင်သမိုင်း၏ နောက် နှောင်းကာလမှ ပေါ်ပေါက်လာခြင်းဖြစ်သည်၊ ထို့ကြောက် တင်ပြပုံ ရှေ့နောက် အစီအစဉ်မတွဲ၊ ချွတ်ယွင်းသည်ဟု အထင် မမှားဘဲ အစဉ်သနားသောအားဖြင့် ကြည့်ရှု လေ့လာသွားကြ ပါရန် မေတ္တာရပ်ခံပါသည်။

အ ရှင် မ ဟာ က သ ပ ကြီးသည် မိမိစဉ်းစားတော်မူမှိသည့် အတိုင်း ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူရာ ဌာနဖြစ်သော မလ္လာမင်းတို့ ၏ ကုသိနာရုံပြည်သို့ ကြွရောက်တော်မူလာကြကုန်သော သံဃာ

တော်အပေါင်းကို အစည်းအဝေးခေါ်တော်မူ၍ ထိုအစည်းအဝေး ဆုံးဖြတ်ချက်အရ ရာဇဂြိုဟ်ပြည်ကို သံဂါယနာတင်ဌာန သတ်မှတ်ခြင်း၊ သံဂါယနာတင်ရန် သံဃာတော်များကို ရွေးချယ်ခြင်း၊ ရာဇဂြိုဟ်ပြည်ရှိ ကျောင်းပေါင်း ၁၈ ကျောင်းကို ပြန်လည်မွမ်းမံခြင်း အဇာတသတ်မင်းက "အရှင်ဘုရားတို့ ရဲရဲဝန့်ဝန့် သာလုပ်ပါ၊ အရှင်ဘုရားတို့က ဓမ္မစက်တာဝန်ယူသလို တပည့်တော်က အာဏာစက်တာဝန်ယူပါတယ်ဘုရား" ဟု အာဏာစက်တာဝန်အပြင် သာသနာဒါယကာခံယူခြင်း စသော သံဂါယနာတင်ကိစ္စ၏ ပဏာမလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ပရိနိဗ္ဗာန်စံပြီး ၃ လကြာ (ဘီစီ-၅၄၃) တွင် မာဂဓတိုင်းရာဇဂြိုဟ်ပြည် ဝေဘာရတောင်ရှိ Sattapanni (သတ္တပဏ္ဏိလိုဏ်ဂူ)တွင် အရှင်မဟာကဿပကြီးက ဦးစီးခါ အရှင်အာနန္ဒာ အပါအဝင် လက်ရွေးစင် ရဟန္တာ ၅၀၀ တို့ ဗုဒ္ဓ၏ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကသုံးဖြာတို့ကို တိုက်ဆိုင်ညှိနှိုင်း သုံးသပ်ဆုံးဖြတ်ပြီး သဘောတူ စုပေါင်း ညီညာစွာ ရွတ်ဖတ်ကြလျက် "ပထမ သံဂါယနာ" တင်တော်မူကြသည်။

ဤပွဲသည် အချိန်အားဖြင့် ခုနစ်လကြာမြင့်ပြီး၊ အရှင်မဟာကဿပသည် သံဂါယနာတင် ပုစ္ဆက(အမေး)အဖြစ် တာဝန်ယူဆောင်ရွက်လျက် ဥပါလိမထေရ်သည် ဝိနည်းဝိသဇ္ဇက(အဖြေ) အရှင်အာနန္ဒာသည် သုတ္တန်နှင့် အဘိဓမ္မာ၊ ဝိသဇ္ဇက(အဖြေ) တာဝန်ယူ ဆောင်ရွက်ခဲ့ကြသည်။

သံဂါယနာတင်ထေရ်ကြီးများကလည်း ယင်းကဲ့သို့ ခက်ခဲကြီးလေးသော တာဝန်ကြီးများကို တာဝန်သိသိဖြင့် ချီးမြှောက်

ထိုက်၊ ချီးမြှောက်သင့်သော ပုဂ္ဂိုလ်တို့ကို ထိုက်ထိုက်တန်တန် ချီးမြှောက်ခဲ့ကြပေသည်။

အရှင်မဟာကဿပ စသော သံဃါယနာတင်မထေရ်တို့ သာသနာ့တာဝန် ကျေပွန်ခဲ့ကြပေသည် တကား။

ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီး၍ နှစ်ပေါင်း ၁၀၀ ကြာသောအခါ ယင်းကဲ့သို့ နိဂ္ဂဟကံ-ပဂ္ဂဟကံများ ပြုလုပ်ရန် အခြေအနေက ပေးလာပြန်သည်။ ဝိနည်းနှင့်စပ်၍ ဖြစ်၏။ ရဟန်းအချို့က ဗုဒ္ဓ၏ ဝိနည်းတော်ကို မိမိတို့လိုသလို အဓိပ္ပါယ်ဆွဲယူပြီး၊ ကျင့်သုံးကြသည်၊ ဝါဒဖြန့်ကြသည်။

အမှန်ကို အမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း၊ တိတိပပမပြော၊ မိမိတို့၏အတ္တနောမတိအတိုင်းတင်ပြကြသည်။ တနည်းဆိုသော် မိမိတို့စားသာအောင် တီထွင်ဖန်တီးကြသည်၊ ပုံသွင်းကြသည်။ မမှန်ကို အမှန်လုပ်ကြသည်။ အစစ်ကို အတုဖြင့် ပုံမှားရိုက်ကြသည်။

ထိုရဟန်းတို့ကား ဝေသာလီပြည်၌ နေကုန်သောဝဇ္ဇီတိုင်းသား အလဇ္ဇီရဟန်းများပင်ဖြစ်သတည်း။ ထိုရဟန်းတို့ တီထွင်ဖန်တီးသော အကြောင်းအရာမှာ ဆယ်မျိုးရှိသည်။ အဓမ္မဝါဒ ဆယ်ပါးဟုလည်း ခေါ်နိုင်သည်။

ၒင်းတို့မှာ....

(၁) သားချိုဖြင့် သိုမှီး၍ထားသော အကပ်ခံပြီးသော ဆားကို နောက်တနေ့ ဆွမ်းနှင့်ရော၍ သုံးဆောင်နိုင်သည်။ သန္နိဓိမဖြစ်နိုင်။

(၂) နေရိပ် လက်နှစ်သစ် မွန်းလွဲသည်တိုင်အောင် ဆွမ်းစား နိုင်သည်။
(၃) ရွာတပါးသို့ သွားလိုသော ရဟန်းသည် ပဝါရိတ်သင့် လျက်၊ အတိရိက်ဝိနည်း ကံမပြုဘဲ ဆွမ်းစားခြင်းသည် အပ်သည်။
(၄) တသိမ်တည်း၌ နှစ်စု သုံးစုသော သံဃာတို့က ကံပြုနိုင် သည်၊ ဝဂ်မဖြစ်။
(၅) မလာသေးသော ရဟန်းတို့၏ ဆန္ဒကို လာမှ ယူအံ့ဟူ၍ မလာမီကပင် သံဃကံပြုခြင်းငှာ အပ်သည်။
(၆) ဥပဇ္ဈာယ်တို့၏ အလေ့အကျင့်ဟူသမျှ အပ်သည်။ လုပ် ကောင်းသည်။
(၇) နို့ရည်အဖြစ်မှ လွန်၍ နို့ဓမ်းအဖြစ်သို့ မရောက်သေး သော နို့ကို ဘုဉ်းပေး၍ ပဝါရိတ်သင့်သောရဟန်းသည် အတိရိက်ဝိနည်းကံ မပြုဘဲ သုံးဆောင်ခြင်းငှာ အပ် သည်။
(၈) မရင့်သေးသော သေနကို သောက်ခြင်းငှာ အပ် သည်။
(၉) အဆာမရှိသော နိသီဒိုင်သည် အပ်သည်။
(၁၀) သံဃာကို ရည်ရွယ်၍ လှူသော ရွှေငွေသည် အပ်သည်၊ ခံယူကောင်းသည်။

ဤဆယ်ပါးသော အဓမ္မဝါဒကို လူရဟန်းတို့အား ပြကြ သည်၊ ဝါဒဖြန့်ကြသည်၊ ဤအတိုင်းလည်း ကျင့်သုံးကြသည်၊ ဤအတိုင်းသာဆိုသော် သာသနာတော်ကြီး ရေစုံမျောချေ

တော့မည်၊ ဝိနည်းအစစ်အမှန်များ ကွယ်ပချေတော့မည်၊ သူတော်ကောင်းတရားများ တိမ်မြုပ်၍ မသူတော်တို့၏ တရားများ ထွန်းကားချေတော့မည်၊ ဝဇ္ဇီတိုင်းသား အလဇ္ဇီရဟန်းများသာ အစုလိုက် အပြုံလိုက် ထွန်းကားခဲ့ချေသော် သာသနာတော်ကြီး မကြာမီ ကွယ်ပချေတော့မည်၊ ဤအခြေအနေကို ဗုဒ္ဓ၏ သာဝကကြီးများ လက်ပိုက်ကြည့်မနေရက်ကြချေ။

ထို့ကြောင့် ကောသမ္ဗီပြည်၌ သီတင်းသုံးတော်မူသော ကာကဏ္ဍက ပုဏ္ဏား၏ သားဖြစ်သော အရှင်မဟာယသ သည် ဝေသာလီပြည်သို့ ကိုယ်တိုင်ကွင်းဆင်းလေ့လာကာ အဖြစ်မှန်ကို သိရှိရလျှင် ပါဝေယျကတိုင်း အဝန္တိတိုင်း စသော ထိုထိုတိုင်းနိုင်ငံ၌ သီတင်းသုံးတော် မူကြကုန်သော လဇ္ဇီသူမွန်သီလဝန် ဂုဏဝန် ရဟန္တာတို့ကို ပင့်ဖိတ်စည်းရုံး၍ သံဂါယနာတင်ရန် ကြိုးစားကြသည်။

သို့ရာတွင် ထိုအခါက ဝေသာလီပြည်ကို အစိုးရသော သုသုနာဂမင်း၏ သားဖြစ်သော ကာလသောကမင်းသည်၊ အဓမ္မဝါဒီရဟန်းတို့၏ လိုက်ကိုင်တုတ် ဖြစ်နေခြင်းကြောင့် အရာမထင်ခဲ့ကြချေ နောက်မှ ကာလာသောကမင်းကြီး၏ နှမတော် ရဟန္တာမဖြစ်သော နန္ဒာထေရီ ဘိက္ခုနီမ၏ ဆုမ္မသတိပေးချက်ကြောင့် သတိတရားရပြီး ဝါဒမှန်ကို ဆုံးဖြတ်ရန် သံဃာတော်တို့ကို ပန်ကြားသည်။

သံဃာ၏ ဆန္ဒအရ ရေဝတထေရ်နှင့် သဗ္ဗကာမိထေရ်တို့က တရားမှန်အတိုင်း ဆုံးဖြတ်ခါ အဓမ္မဝတ္ထုကို ပယ်လှန်ကြသည်။ ထို့နောက် အစည်းအဝေးသံဃာ၏ ဆုံးဖြတ်ချက်အရ အရှင်

မဟာယာသ အမှူးရှိသော ရဟန္တာ ခုနစ်ရာတို့သည် အဓမ္မဝါဒ ရဟန်းတို့ကို နှိပ်ကွပ်တားမြစ်၍ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီး အနှစ်(၁၀၀) (ဘီစီ-၄၄၃)တွင် သာသနဒါယကာအဖြစ် ကာလာသောကမင်းက ခံယူလျက် ဝေသာလီပြည်၌ ဝါလိကာရုံကျောင်းတော်ဝယ် (ဒုတိယ သံဂါယနာ)တင်တော်မူကြရပြန်သည်၊ ၎င်းပွဲသည် ရှစ်လတိုင်တိုင် ကြာမြင့်မှ ပြီးစီးအောင်မြင်သည်။

ဒုတိယ သံဂါယနာတင်ရှုနှင့် ပြီးစီးခဲ့သည်ကား မဟုတ်ချေ၊ သီရိဓမ္မာသောကမင်းကြီး လက်ထက်တွင်လည်း အယူဝါဒရေးရာများ ရှုတ်ထွေးလာခြင်း၊ အခြားသော ဂိုဏ်းဂဏများမှပစ္စည်း လာဘ်လာဘပေါများသော သာသနာတော်အတွင်းသို့ စီးပွားရေးအခြေအနေအရ ဝင်ရောက်လာကြပြီး မိမိတို့၏ ပင်ကိုယ်အယူဝါဒကို ဗုဒ္ဓ၏ ဓမ္မ ဝိနယ ဝါဒ ဟု လှည့်ပတ်ကာ ဝါဒဖြန့်ကြခြင်း၊ အချို့ကလည်း ကိုယ်ကိုယ်တိုင် ခေါင်းတုံးသင်္ကန်းဝတ်ပြီး သာသနာတော်အတွင်းသို့ အရေခြုံဝင်ရောက်လာကြခြင်း၊ သံဃာတော်များ၏ ဥပုသ်ပဝါရဏာ သံဃကံတို့၌ ဝင်ရောက်စွက်ဖက်ခြင်းကြောင့် သံဃာစစ် သံဃာမှန်များ ဥပုသ် ပဝါရဏာ ခုနစ်နှစ်တိုင်တိုင် ပျက်ပြယ်ဆိတ်သုံးခဲ့ရခြင်း။

မင်းကြီးကိုယ်တိုင် ခုနစ်ရက်ပတ်လုံး ဗုဒ္ဓ၏ အယူဝါဒကို မောဂ္ဂလိပုတ္တတိဿမထေရ်ထံမှ သင်ယူပြီး၊ ကန့်လန့်ကာများ ကာရံလျက် အယူဝါဒကို စစ်ဆေးမေးမြန်းပြီး၊ မမှန်ကန်သော "ရဟန်းတု"များကို ပိတ်ဖြူဝတ်စေလျက် အာဏာစက်သုံးပြီး၊ လူထွက်ခိုင်းခြင်း။

သံဃာတု၊ သံဃာယောင်တို့ကိုဖယ်ရှားပြီး၊ သံဃာစင်ကြယ်မှ ဥပုသ်ပြုစေတော်မူရခြင်း၊ ဤကဲ့သို့ သာသနာတော်တွင် အယုဝါဒ အရှုတ်အထွေး၊ ရဟန်းတု၊ ရဟန်းယောင်များ ဖောင်းပွနေခြင်း စသော အကြောင်း အမျိုးမျိုးတို့ကြောင့်၊ သာသနာသက္ကရာဇ် (၂၃၅) ခု (ဘီစီ-၃၁၅) သီရိဓမ္မာသောကမင်း (ခ) အသောကမင်းလက်ထက်၊ ပါဋလိပုတ်ပြည်တွင် အရှင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ဦးစီးသော ရဟန္တာ (၁၀၀၀)တို့သည် ၉-လပတ်လုံး တတိယသံဂါယနာ တင်တော်မူကြရသည်။

ဤတတိယ သံဂါယနာပွဲသဘင်တွင် သံဂါယနာဝန်ဆောင်ထေရ်ကြီးဖြစ်သော အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရေးသောအဘိဓမ္မာပါဠိတော် "ကထာဝတ္ထုကျမ်း" ထွက်ပေါ်လာသည်။

ဤပွဲအပြီးတွင် ဗုဒ္ဓ၏ သာသနာတော်ကြီး ကျယ်ပြန့်စီပင်ရေး ဒေသအနှံ့ သာသနာပြန့်ရေးအတွက် တတိယ သံဂါယနာဝန်ဆောင် မထေရ်ကြီးနှင့် တတိယ သံဂါယနာဝန်ဆောင်ဒါယကာ သီရိဓမ္မာသောကမင်းကြီးတို့ လက်တွဲ ညီညာစွာဖြင့် "ကိုးတိုင်း ကိုးဌာန" သာသနာပြုလုပ်ငန်းစဉ် အစီအစဉ်သစ်တရပ်ကိုလည်း တိုးချဲ့ ဆောင်ရွက်ခဲ့ကြသည်။

ထို "ကိုးတိုင်း ကိုးဌာန" သာသနာပြု အရပ်ဒေသများကိုရှေးခေတ်အခေါ်၊ ယခုအခေါ်များနှင့် ထိုထိုတိုင်းများသို့သာသနာပြုတာဝန်ခံအရှင်မြတ်များတို့ကိုဖော်ထုတ်တင်ပြရမည်ဆိုပါလျှင်....

| အမှတ်စဉ် | သာသနာပြု မထေရ်များ | ရှေးအခေါ် တိုင်းများ | ယခုအခေါ် တိုင်းများ |
| --- | --- | --- | --- |
| ၁။ | မဇ္ဈန္တိကထေရ်နှင့် အခြားလေးပါး | ကသ္မီရ ဂန္ဓာရတိုင်း | ကရှ်မီးယား နှင့် အာဖဂန်နစ္စတန်နယ် |
| ၂။ | မဟာဒေဝထေရ်နှင့် အခြားလေးပါး | မဟိံသကတိုင်း | မိုက်ဆိုးနယ် |
| ၃။ | ရက္ခိတထေရ်နှင့် အခြားလေးပါး | ဝနဝါသီတိုင်း | ကန္နဒနယ် |
| ၄။ | ယောနက ဓမ္မရက္ခိတထေရ်နှင့် အခြားလေးပါး | အပရန္တကတိုင်း | ဘုံဘေနယ် |
| ၅။ | မဟာဓမ္မရက္ခိတနှင့် အဖွဲ့ | မဟာရဋ္ဌတိုင်း | မဟာရပ်ရှ်တရာနယ် |
| ၆။ | မဟာရက္ခိတနှင့် အခြားလေးပါး | ယောနကတိုင်း | ယူနန်နယ် |
| ၇။ | မဇ္ဈိမထေရ်နှင့် အခြားလေးပါး | ဟိမဝန္တာရပ် | ဟိမဝန္တာရပ် |
| ၈။ | သောဏမထေရ်နှင့် အခြားလေးပါး | သုဝဏ္ဏဘူမိ | သထုံပြည်၊ အရှေ့ကျွန်းစု |
| ၉။ | မဟာမဟိန္ဒထေရ်နှင့် အခြားလေးပါး | လင်္ကာဒီပ | သီဟိုဠ်ပြည် |

ဤပုံစံအတိုင်း ကျွန်ုပ်တို့ လေ့လာ သိရှိနိုင်ပါသည်။

မှတ်ချက်။ ။

နံပါတ် ၈ ဖြစ်သော သောဏ မထေရ်နှင့် အခြားလေးပါး သာသနာပြုအရပ်ဖြစ်သော သုဝဏ္ဏဘူမိသည် သထုံပြည် မဟုတ်။ စုမတြာကျွန်းဖြစ်သည်ဟု အချို့သော သုတေသီပညာရှင်များက အဆိုအမိန့်ပြုကြပါသည်။

(၁) မဇ္ဈန္တိက ထေရ်သည် အာသီဝိသောပမသုတ်ကို ဟောကြားပြီး သာသနာ့ အခြေခံအုတ်မြစ် (Foudation) ကို ချတော်မူလျက် သာသနာတော်အရောင် တောက်ပြောင်စေတော်မူခဲ့သည်။ ဗုဒ္ဓ၏ အမတ အမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့သည်။ လက်ငင်ဆွဲငြား၊ သည်သို့သွားဟု၊ လမ်းမှန်ကိုညွှန်ကြားခဲ့သည်။

(၂) မဟာဒေဝထေရ်သည် ဒေဝဒူတ သုတ်တော်ကို ထုတ်ဖော်ဟောကြားလျက် ဓမ္မအဖြေမှန်ကို အခြေခံကျကျ ပေးဝေငှလျက်၊ သာသနာပြုတော်မူခဲ့သည်။

(၃) ရက္ခိတထေရ်သည် အနမတဂ္ဂဒေသနာကို ဦးစွာပဌမ ဟောကြားခြင်းဖြင့် သာသာပြုတော်မူခဲ့သည်။

(၄) ယောနက ဓမ္မရက္ခိတထေရ်သည် အဂ္ဂိက္ခန္ဓောပမသုတ်ကို ဟောကြားတော်မူသည်။

(၅) မဟာဓမ္မရက္ခိတထေရ်သည် မဟာနာရဒကဿပဇာတ်တော်ကို ဟောကြားလျက် သာသနာ တည်စေတော် မူခဲ့သည်။

(၆) မဟာရက္ခိတထေရ်သည် ကာဠကာရာမသုတ်ဖြင့်။

(၇) မဇ္ဈိမထေရ်သည် ဓမ္မစက္ကပ္ပဝတ္တနသုတ် (ဓမ္မစကြာ) ဖြင့်—။

(၈) သောဏနှင့် ဥတ္တရမထေရ်သည် ဗြဟ္မဇာလသုတ် ဖြင့်....။

(၉) မဟာမဟိန္ဒထေရ်အဖွဲ့သည် စူဠဟတ္ထိပဒေါပမသုတ်၊ သမစိတ္တသုတ်၊ ပေတဝတ္ထု၊ ဝိမာနဝတ္ထု၊ သစ္စသံယုတ်၊ အစရှိ သော ဒေသနာတော်တို့ဖြင့်သာသနာပြုတော်မူခဲ့သည်။

ဤ"ကိုးတိုင်းကိုးဌာန"သာသနာပြု လုပ်ငန်းရပ်၏ ရည်ရွယ် ချက်မှာ အလွန်မွန်မြတ်ပြီး အလွန်လည်း ထိရောက်သည့် လုပ် ငန်းဖြစ်သည်။ ဓမ္မဒေသနာ ဖြန့်ဖြူးရာတွင် အလွန်လည်း တွင် ကျယ်သည်။ လူတစု ဗုဒ္ဓဘာသာမှ လူထုဗုဒ္ဓဘာသာ အဖြစ်သို့ လည်း ရည်ညွှန်းသည်။

စံစရာရှိလျှင် ဒို့စံမည်၊ ခံစရာရှိလျှင် မင်းတို့ခံ ဟူသော သဘောထားမျိုး ကင်းပြီး အေးအတူပူအမျှ ဖြစ်စေလိုသည့် သဘောထားများလည်း ပေါ်လွင်နေသည်။ လူသား အချင်း ချင်း အကျိုးစီးပွားဖြစ်ထွန်းစေလိုသည့် ပရဟိတ စိတ်ထား လည်း ထင်ရှားသည်။

ကျွန်ုပ်တို့၏ ဗုဒ္ဓသည်ပင် မိမိ၏ တရားဓမ္မများ ပြန့်ပွားစေ ရေး၊ သာသနာတော် ကျယ်ပြန့်စေရေးအတွက် ဤ"ကိုးတိုင်း ကိုးဌာနနည်း" ကို လက်ကတုံး တောင်ဝှေးသဘွယ် အသုံးပြု တော်မူခဲ့သည်။

ပထမဦးဆုံး သာသနာတော်၏ စံပြနည်းအဖြစ် အသုံးပြု တော်မူခဲ့သည်။ ပုံစံအားဖြင့်....

ဝိနည်းမဟာဝါပါဠိတော်၊ မဟာခန္ဓက၊မာရကထာတွင်၊

"စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝ မနုဿာနံ၊ မာဧကေနဒွေ အာဂမိတ္ထ"

"ရဟန်းတို့ သင်တို့သည်၊လူနတ်ဗြဟ္မာသတ္တဝါတို့၏ အကျိုး စီးပွားကို ငဲ့ညှာထောက်ထား၊သနားသမှု၊ရှေးရှု၍၊ ထိုထိုမြို့ရွာ ကျေးလက် ဇနပုဒ်၌ နေထိုင်ကြကုန်သော သူတို့အား တတ်သိ နားလည်လာကြ၍ အမြင်မှန်တရားရအောင် ဟောခြင်း ပြော ခြင်း ဆုံမခြင်းဖြင့် လှည့်လည်၍ သာသနာပြုကြ ကုန်လော၊ တကြောင်းတည်းသော ခရီးကို နှစ်ပါးမသွားကြကုန်လင့်"ဟု မိန့်တော်မူပြီး သာသနာပြု စေလွှတ်တော်မူခဲ့သည်။ ကိုယ်တော် တိုင်လည်း အတိုင်းတိုင်း အပြည်ပြည်သို့ ဒေသစာရီ ကြွချီကာ တရားစည်ကြီး ရိုက်တီးလျက်၊ ဓမ္မရတနာမိုးရွာသွန်းဖြိုးခဲ့သည်။ သာသနာပြန့်ပွားစေခဲ့သည်။ လူနတ်တို့ကိုချမ်းသာစေခဲ့သည်။ ဓမ္မအမွေ ဖြန့်ဝေခဲ့သည်။

ဗုဒ္ဓသည် စံပြပုဂ္ဂိုလ် အဖြစ်ဖြင့် ကျွန်ုပ်တို့ လူသားများကို ရှေ့ဆောင်ရှေ့ရွက်ပြုတော်မူသည်။သို့ရာတွင် ကျွန်ုပ်တို့ မှီအောင် မလိုက်နိုင်ကြ၊ကျွန်ုပ်တို့၏ ပိဋကစာပေတွင်ကျွန်ုပ်တို့အသုံးပြု၍ မကုန်နိုင်လောက်အောင် နည်းမှီစရာ၊ လိုက်နာစရာ၊ အတုယူ စရာ၊ ရှောင်ကြဉ်ဘွယ်ရာတွေ၊ သတိပေးချက်တွေ စုံလင် သ သည်။

သို့ရာတွင် "ငါးသိုင်းများတော့ ဟင်းဟုန်သည်" ဆိုသည့်

သဘောမျိုးလော မပြောတတ်၊ ယောဘုယျအားဖြင့် ကျွန်ုပ်တို့ ထိထိရောက်ရောက် အသုံးမပြုတတ်ကြချေ။

ပုံခပ် ရိုင်းရိုင်းဆိုရလျှင်၊ မျောက်အုန်းသီးရသကဲ့သို့ပင် ဖြစ်သည်။ ဤအကြောင်းများနှင့် ပတ်သက်၍ မိတ်ဆွေ ရဟန်းတပါးပြောဘူးသည်ကို သတိရမိသည်။

ထိုမိတ်ဆွေက "ဒို့ဘုန်းကြီးတွေဟာ လက်နက်ကောင်းတွေ ရှိရဲ့သားနဲ့ ခလုတ်မဖြုတ်တတ်ကြဘူး"ဟု ပြောသည်။ ကျွန်ုပ်အနေနှင့် ထိုစကားကို "ခလုတ်ပင်ဖြုတ်တတ်သော်လဲ တကယ် မဖြုတ်ချင်လို့ပါ၊ လက်ရှောင်နေလို့ပါ"ဟု ထပ်မံဖြည့်စွက်ချင်ပါသည်။

ကျွန်ုပ်တို့သည် ခလုတ်မဖြုတ်တတ်၍သော်၎င်း၊ခလုတ်ဖြုတ်တတ်လျက်သားနှင့် လက်ရှောင်နေကြ၍သော်၎င်း၊ ခံရပေါင်းများလှပြီမဟုတ်ပါလား။

သီရိဓမ္မာသောကမင်းကြီး၏ ကိုးတိုင်း ကိုးဌာန သာသနာပြုအစီအရင်သည်၊ဗုဒ္ဓ၏စံပြသာသနာပြုလုပ်ငန်းတရပ်ကို လက်တွေ့အကောင်အထည်ဖော်ပြီး ကျင့်သုံးလိုက်ခြင်းပင်ဖြစ်သည်။

ထိုကျင့်သုံးမှုသည် နှောင်း လူတို့ အတွက် စာရိတ္တရေးရာ၊ စာပေရေးရာ၊ အနုပညာရေးရာ၊ သမိုင်းရေးရာ စသည့် အကျိုးဆက်များနှင့်အတူ အလွန်တန်ဘိုးရှိလှသည်။ အလွန်ကျေးဇူးရှိလှသည်။ "မသိသူ ကျော်သွား၊ သိသူ ဖော်စား" ဟူသကဲ့သို့ သိသူတွေ ဖော်စားခဲ့ကြ သလောက်၊ မသိသူတွေ က တော့ ကျော်လွှားခဲ့ကြသည်။ သုံးတတ်ကြသူတွေမှာတော့ လက်တွေ့

ကျကျ အသုံးပြုခဲ့ကြသည်။အောင်မြင်မှုသရဖူကိုလည်း ဆောင်းနိုင်ခဲ့ကြပေသည်။

အထက်၌ တင်ပြခဲ့သော တတိယ သံဂါယနာတိုင်အောင် သံဂါယနာမှုအတိုင်း ဗုဒ္ဓ၏ သားတော် သံဃာတော်များသည် နှုတ်တက်ရွရွ အာဂုံဆောင်လျက် ဗုဒ္ဓ၏ "ပါဠိစန" များကို မပျောက်ပျက်ရအောင် ထိမ်းသိမ်း စောင့်ရှောက်လာခဲ့ကြပေသည်။

"အာစရိယပရမ္ပရ" ဆရာစဉ်ဆက် လက်ဆင့်ကမ်း၍ သာသနာ့အမွေ ဓမ္မအမွေတို့ကို မပြတ်ကွယ် မတိမ်ကောရအောင် အားထုတ်လာခဲ့ကြပေသည်။

ထိမ်းသိမ်းစောင့်ရှောက်သူများလည်း ကာလ ရှည်ကြာစွာ ထိမ်းသိမ်းစောင့်ရှောက်လိုပါသည်။

သို့ရာတွင် သခ်ါရသဘာဝဓမ္မ၏ ဒဏ်ကို မခံနိုင်ကြ၍သာ လျှင် လောကကို မျက်ကွယ်ပြုသွားရချေသည်။

သခ်ါရသဘာဝဓမ္မသည် သတ္တလောကသား များကိုသာမက သခ်ါရ လောကနှင့် ဩကာသ လောကကိုပါ ညှာတာထောက်ထားမှုမရှိခဲ့ချေ။

သူပြုသမျှနုကြရသည်၊ ခိုင်းသမျှလုပ်ကြရသည်၊ အဟောင်း အဟောင်းတို့သည် ချုပ်ငြိမ်း၍ အသစ်အသစ်တို့သည် ဖြစ်ပေါ်လာကြရသည်။

လူသားတို့၏ လောကကြီးသည်လည်း တခေတ်ပြီး တခေတ်မျက်လှည့်ပြဘိသကဲ့သို့ ဗလောင်းဗလဲနှင့် အပြောင်းအလဲတွေ များခဲ့သည်။

လူသားတွေသည် ထိုကဲ့သို့ အပြောင်းအလဲ များသော လောကတည်း ဟူသော သမုဒ္ဒရာထဲဝယ် အကြီးအကျယ် ကူး ခတ်ခဲ့ရသည်၊ လေငြိမ်မိုးငြိမ်နှင့် သိမ်သိမ်မွေ့မွေ့ ကူးခဲ့ရသည် လည်းရှိ၏၊ လှိုင်းပြေပြေတွင် သက်တောင့် သက်သာလည်း ကူးခဲ့ရသည်၊ ရှင်မှူးကြည်သာစရာနှင့်လည်း ကြုံခဲ့ဘူးကြသည်၊ လေထန်မိုးထန် လှိုင်းဂယက် သန်သန်ဝယ် နစ်မြုတ်မသွားရန် ကြောက်အားလန့်အားနှင့် ကူးရသည်လည်း ရှိသည်၊ ရင်လှိုက် ဖိုမော သေငယ်ဇောနှင့်လည်း ကြုံခဲ့ရသည်၊ ပရိယတ္တိ ဝန် ဆောင်တွေမှာလည်း လူသားတွေပင်မို့ ဤလို အခက်အခဲမျိုး တွေကြုံကြရမည်သာဖြစ်သည်။

လောကတည်းဟူသော သမုဒ္ဒရာဝယ် လေငြိမ် မိုးငြိမ်နှင့် လှိုင်းပြေပြေတွင် သက်တောင့်သက်သာ ကူးရပါမူ ပရိယတ္တိ ဝန် ဆောင်တွေ မည်သို့သော အခက်အခဲမျိုးကိုမှ ကြောက်ရွံ့ စိုး ရိမ်စရာမလို။

သို့သော်.... လေထန်မိုးထန် လှိုင်းဂယက်သန်သန်ဝယ် ကူး ခတ်ရမည်ဆိုပါလျှင် ကြောက်ရွံ့စိုးရိမ်စရာရှိလာပါသည်၊ စုံးစုံး မြုတ်သွားနိုင်သည့် အခြေအနေလည်း ထင်သာ မြင်သာသည်၊ ထိုသို့သော ဆုံးပါးမှုမျိုး ဖြစ်လာပါက အာဂုံပြန် နှုတ်တက် ရွရွ ကျက်မှတ်ထားသည့် ပရိယတ္တိသည်လည်း ဝန်ဆောင်ပုဂ္ဂိုလ် နှင့်အတူ ပျောက်ကွယ်နိုင်သည်၊ ထို့ကြောင့် တာရှည် တည် တံ့ ခိုင်မြဲရန်လိုသည်။

"နှုတ်တရာ စာတလုံး"ဟူ၍ ဆိုထုံးရှိသည်၊ နှုတ်တွင်ဆောင်

ထား၍သည်ထက် စာနှင့်ပေနှင့် မှတ်တန်းတင်ထားက ပို၍ တာရှည်ခိုင်မြဲချေမည်။

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးလာရာက ခရစ်တော် မပေါ်မီ (၄၃)နှစ်ခန့် အချိန်တိုင်လာသည်၊ ထိုအချိန်တွင် သီဟိုဠ်ကျွန်း၌ ဝဋ္ဋဂါမဏိမင်း မင်းပြု၍ ၅ လခန့်အချိန်ရှိပြီဖြစ်သည်။

မင်းပြု၍မှ မကြာသေး ဗြဟ္မဏတိဿ ဆိုသူ သူပုန်ခေါင်းဆောင်နှင့် ဒမိဠခေါ်(ကျေးကုလား)တို့ ထကြွ သောင်းကျန်းပုန်ကန်ကြသဖြင့် ပြည်တွင်းစစ်ကြီး ဖြစ်ပေါ်လာသည်။

ပြည်တွင်းရေး မငြိမ်မသက်ရှိလာသည်၊ တိုင်းသူပြည်သားတို့ ကျိုးလန့်စာစားနေရသည့်အချိန်လည်းဖြစ်သည်။

ပြည်တွင်းရေးမငြိမ်မသက်မှုကို အကြောင်းပြု၍ သူခိုးဓါးပြတွေကလည်း သောင်းကျန်းကြသည်၊ အိမ်ခြေရာခြေနှင့် အတည်တကျ မနေနိုင်ကြသော အခါသမယပါပေ။

မဲမဲမြင်လျှင် ကြောက်နေရပြီး ကိုယ့်မယုံရ သူ့မယုံရနှင့် နေဝင်မီးမှိတ်၍ တော်ရာ ပုန်းအိပ်နေရသော ခေတ်ကာလဆိုးကြီးလည်း ဖြစ်သည်၊ အလုပ်အကိုင်ကလည်း ပျက်ပြားပြားမို့ စီးပွားရေးကလည်း ခပ်ဟာဟာ၊ ကုသိုလ်ကလည်းဗလာ၊ အမှုမတောင့်၍ သီလမစောင့်နိုင်သည့်အခါ ဖြစ်ချင်ရာဖြစ်ကရော့၊ နစ်ချင်ရာ နစ်ကရော့၊ မြုပ်ကရော့၊ စုတ်ကရော့၊ ပြတ်ကရော့ သတ်ကရော့ စိတ်ထား၍ သူ့မယားမျက်ရည်ယိုမှ၊ ကိုယ့်မယား ဝမ်းသာရသည့် အခါသမယ ဆိုပါကလည်း မှန်သည်။

သတ္တန္တရ ကပ်တည်းဟူသော လက်နက်ဘေးရန်များနှင့်အတူ

ဒုဗ္ဘိက္ခန္တရကပ်တည်းဟူသော ငတ်မွတ်ခေါင်းပါး အစာရေစာရှားပါးမှုလည်း ဖြစ်နေသည်။

ထို့ကြောင့် ရေကြည်ရာ မြက်နုရာသို့ ရဟန်းရှင်လူ အများပြောင်းသွားကြရသည်၊ ထိုကဲ့သို့သော ခေတ်ဆိုးခေတ်ပျက်ကြီးတွင် ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ သာသနာသုံးရပ်တွင် ပဌမဦးစားပေးရမည့် တာဝန်ကြီးဖြစ်သော ပရိယတ္တိသာသနာတော်ကို ထိမ်းသိမ်းစောင့်ရှောက်ရေးအတွက် ရဟန်းတော် ၇၆၀ ပေါ် ထွက်ခဲ့သည် ထိုရဟန်းတော်များအနက် ၇၀၀ သောရဟန်းတော်တို့သည် ပစ္စည်းလေးပါး လွယ်ကူမည့် သမုဒ္ဒရာတဖက်ကမ်းသို့ ရွှေ့ပြောင်းသွားကြသည်။

ကျန်သော ရဟန်းတော် ၆၀ တို့ကား သီဟိုဠ်မှာပင် နေရစ်ခဲ့ကြပြီး "ငါတို့ ဤသီဟိုဠ် ကျွန်းမှတပါး အခြားသောအရပ်သို့ မသွား ဤသီဟိုဠ်ကျွန်းမှာပင် မြဲမြဲနေ၍ ပိဋကတ်သုံးပုံကို အာဂုံနှုတ်တက် ဆောင်ရွက် စောင့်ရှောက်ကြအံ့"ဟု အချင်းချင်း ကတိကဝတ် ထားကြသည်။

ရဟန်းတော် ၆ ကျိပ်သည် သစ်ဥရသော် သစ်ဥ၊ သစ်ဥမရသော် သစ်မြစ်၊ သစ်မြစ်မရသော် သစ်ရွက်များကို စားသောက်လျက် အသက်မသေအောင် ထိန်းကျောင်းကြရသည်။

ရဟန်းတော် ၆ ကျိပ်၏ အသက် နှင့် သာသနာတော်၏ အသက် ဆက်စပ်လျက်ရှိသည်။

ရဟန်းတော် ၆ ကျိပ်သည် အစာအဟာရ ဖြည့်တင်းပြီးခါစ အားရှိသော အချိန် ကိုယ်ခန္ဓာ ဟန်နိုင်သောအခါ တင်ပလ္လင်ခွေထိုင်၍ ရွတ်ဆို သရဇ္ဈာယ်တော်မူကြသည်။

ရွတ်ဖတ်သရဇ္ဈာယ်ရ၍ ဝမ်းဗိုက်များ ပူလာသော အခါ အေးမြသော သံပုံကြီးကို စုပြီး သံပုံကြီးပေါ် ဗိုက်မှောက်၍ မလျော့သော ဇွဲလုံ့လဖြင့် ပိဋကတ်စာပေများ မပျောက်ပျက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြရပြန်ပါသည်။

ဤသို့လျှင် ပင်ပန်းကြီးစွာ ပိဋကတ်သုံးပုံကို တလုံးတပါဒမျှ ယိုယွင်း ကျပေါက်ခြင်း မရှိရအောင် ပရိယတ္တိ တာဝန်ကြီးကို ထမ်းဆောင်ကြရသည်မှာ ၁၂ နှစ်တိုင်တိုင် ကြာမြင့်ခဲ့ပေသည်။

တနေ့ တရက် မဟုတ်မှုဘဲ အရဲကြိုးကုတ်၊ စွန့်ရဲသုတ်သို့၊ အားထုတ်ခံမင် သင်အံပေးလာခဲ့ကြသည်၊ ဥဇ္ဇုဘူတ လုံ့လပြင်းစွာ သူ့ထက်ငါဟု နူတ်မှာရွရွ ကြိုးပမ်းခဲ့ကြသည်၊ အလွန်တရာ ကြီးလေးသော တာဝန်ကြီးကို ထမ်းရွက်ခဲ့ကြသည်၊ အာဇာနည်ပီသခဲ့ကြသည်။

ဤပြဟ္မဏတိဿ သူပုန်ဘေးကြီး (ပြည်တွင်းစစ်ကြီး) ပြီးဆုံးသောအခါ ဝဋ္ဋဂါမဏိမင်းပင် ပြန်လည် နန်းတက်ခဲ့သည်၊ ခေတ်ဆိုး ခေတ်ပျက်ကြီးထဲတွင် ပရိယတ္တိ တာဝန်ကို အားသွန်ခွန်စိုက် ကြိုးစားခဲ့ကြသော ပရိယတ္တိဇာနည် မထေရ်များသည် ဤကဲ့သို့သော အခက်အခဲမျိုးသာ ခဏခဏ ကြုံကြရလျှင် ပရိယတ္တိတွေ မကြာခင် ကွယ်ပျောက်နိုင်သည်။

သဒ္ဓါဆန္ဒ ဝီရိယ အားနည်းလာကြလျှင်လည်း မကြာမီ အစပျောက်သွားနိုင်သည်။

ထို့ကြောင့် သံဃာတော်များ အရှည်ကိုမျှော်ခေါ်၍ဝဋ္ဋဂါမဏိမင်းနန်းစံခြောက်နှစ်မြောက်တွင်သာသနာသက္ကရာဇ်(၄၅၀)

(ဘီစီ၁၀၁-၇၇) အချို့ဆရာတို့ အယူအားဖြင့် (ဘီစီ-၈၈-၄၆) တွင်သီဟိုဠ်ကျွန်း မလယ ဇနပုဒ် ဝဠဂါမဏိမင်း လက်ထက်ဝယ် မဟာဓမ္မရက္ခိတထေရ် အမှူးရှိသော ရဟန္တာ ၅၀၀ တို့သည် စတုတ္ထ သံဂါယနာတင်တော်မူကြသည်။ ဤ စတုတ္ထသံဂါယနာ တွင် ပေါတ္ထကာရုဠ္ဍခေါ် ပေထက်အက္ခရာတင်သည်။

**မှတ်ချက်။** ။ကက်ရှ်မီး(သို့)ဂျလန္ဓာကနစ်သျှကမင်း သာ သနာသက္ကရာဇ်(၆၄၄)ခု (အေဒီ-၁၀၀)တွင် စတုတ္ထ သံဂါယ နာတင်သည်ဟု မှုကွဲရှိသည်။

အစဉ်အလာအားဖြင့် သံဂါယနာတင် သမိုင်းသည် ခြောက် ကြိမ်မြောက်ရှိပြီဖြစ်သည်။

ပဉ္စမသံဂါယနာ ကို သာသနာ သက္ကရာဇ် (၂၄၁၅) ခု (အေဒီ ၁၈၇၁) မန္တလေးနေပြည်တော် မင်းတုန်းမင်း လက် ထက် ဒက္ခိဏာရာမ ဘုရားကြီးဆရာတော် ဘဒ္ဒန္တဇာဂရထေရ် ကြီးမှူး၍ သံဃာတော်(၂၄၀၀)တို့ တင်တော်မူကြသည်။

ဤပဉ္စမ သံဂါယနာတင်ပွဲကို သေလက္ခရ ခေါ် ကျောက် ထက်အက္ခရာတင်သည်။

ဆဋ္ဌမသံဂါယနာကို သာသနာသက္ကရာဇ်(၂၄၉၈) ခု (အေဒီ ၁၉၅၄-၅၆) တွင်၊ ဝန်ကြီးချုပ် ဦးနုလက်ထက် ရန်ကုန်မြို့ သီရိ မင်္ဂလာကုန်းမြေ ကမ္ဘာအေးစေတီအနီး လိုဏ်ဂူတော်ကြီးဝယ် သက်တော် ၈၀ ဝါတော် ၆၀ ရှိအဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ ပဏ္ဍိတ ညောင်ရမ်းဆရာတော် ဘဒ္ဒန္တရေဝတထေရ် ကြီးမှူး၍ တင်တော်မူကြသည်။

ဆိုခဲ့ပြီးသော သံဂါယနာတင်သမိုင်းကို လေ့လာကြည့်

ခြင်းအားဖြင့်လည်း ချီးမြှောက်ထိုက်သူကို ချီးမြှောက်ခြင်း၊သာသနာရေးအတွက် နှိပ်ကွပ်ထိုက်သော အနှောက်အယှက် အဟန့်အတားတို့ကို ပြတ်ပြတ်သားသား နှိပ်ကွပ် တိုက်ခိုက်ခြင်းဖြင့်သာသနာ့တာဝန် ထမ်းဆောင်ခဲ့ကြသည်ကို ကျွန်ုပ်တို့ သိနိုင်သည်။

ယင်း သံဂါယနာတင် သမိုင်း၏ ကျေးဇူးကြောင့် သာသနာအရှည် တည်တန့်သည်၊ သန့်စင်သည်၊ သာသနာတော်၏အဓိကဖြစ်သော ပရိယတ္တိ သာသနာသည်လည်း စည်ကားသည်၊ခိုင်မာသည်၊ တောင့်တင်းသည်။ အထပ်ထပ်ဆန်ခါတင် ရွေးချယ်ထားပြီးဖြစ်သောကြောင့်လည်း ကျွန်ုပ်တို့အဘို့အလွယ်တကူအသုံးပြုရပေါင်ရှိသည်။

နောက်လာ နောက်သားဖြစ်သော ကျွန်ုပ်တို့အဘို့ ထမင်းပွဲ အသင့်မို့ လက်ဆေးစားရုံပင်ဖြစ်သည်။ ဘယ်လောက်များကျေးဇူးတင်ဘို့ ကောင်းလိုက်ပါသနည်း။

တကယ်တော့ ကျွန်ုပ်တို့အဘို့ အနှစ်ရှိသည်ကို ရွေးချယ်ထုတ်နှုတ်၍ မလိုသော အကာကို ဘေးဖယ်ထားရုံသာရှိသည်။ဘာမှ ဇီဇာကြောင်နေစရာမလိုပေ။

သို့ရာတွင် ကျွန်ုပ်တို့ လူသားတွေကား "ဘုန်းကြီးစာချ–မိချောင်းမင်းရေးကင်းပြ"လုပ်ချင်ကြသည်။ ဘယ်ပါဠိတော်ကဘယ်ကဆက်လာသည်။ ဟိုဟာက ဘုရားဟောမဟုတ်ဘူး။ဒါက အဋ္ဌကထာစကား။ ဒီဟာက ဘယ်သာဝကဟောတာစသည်ဖြင့် ဘုရားဟော ပါဠိတော်မဟုတ်၍ ပစ်ပယ်ချင်သလိုလိုသာဝကဟောမှု့ မလေးစားချင်သလိုလိုဖြစ်နေကြသည်။

ဒို့က ဘုရားဟောပါဠိတော်စစ်စစ်မှ စကားပြောချင်တာဟု ဆိုသူကဆိုသည်။ ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်ကိုမှ ဘုရားဟော အစစ် ထင်သူကထင်သည်။ ဘုရားဟောပါဠိတော်ကိုပင် ပိဋကတ်ဆရာတွေ၏ လက်ရာမကင်းဟု သံသယဝင်ပြီး ဖြုတ်ရန် ပယ်ရန် လက်ယားနေကြသူတွေ၊ သဘာဝအတိုင်း ထားချင်သူတွေ၊ ဒါနဟာ သံသရာ ရှည်သည်ဟု ဆိုသူတွေ၊ ဒါနသည် သိင်္ဂါလသူဌေးသားတို့လို လူပြိန်းတွေအတွက်သာ လုပ်သင့်သည်လို့ ဆိုသူတွေ၊ သေရည်သေရက်ကို ဓရအမှတ်နှင့်သောက်လျှင် အပြစ်မရှိဟု ပြောဟော သူတွေ၊ ဤကဲ့သို့ ဘုရားလွန် ပုဂ္ဂိုလ် (ဖရယ်လွန် ပုဂ္ဂိုလ်ဟု ဖတ်ပါ) တွေကလည်း ပေါလိုက်ပါဘိတော့သည်။

ကျွန်ုပ်တို့ လူသားတို့သည် တော်တော် ဝိလုပ်ချင်ကြသည်။ နည်းနည်းလေးတော့ ညှန့်လိုက်ရဦးမှ၊ သို့မဟုတ်လျှင် ခေါင်းမူးချင်ကြသည့် လူသားများဖြစ်သည်။ ထမင်းစား မမြိန်သည့် လူသားများဖြစ်သည်။

သာသနာ့သမိုင်းအဆက်ဆက် ကြိုးစားတော်မူခဲ့ကြသည်။ သာသနာ့တာဝန်ကျေပွန်ခဲ့ကြသည်။ ကိုယ်အားစိတ်အား အပင်ပန်း ခံပြီး၊ ဇွဲ လုံ့လ ဝီရိယ တို့ဖြင့် ကြိုးစားတော်မူခဲ့ကြသည့် သာသနာ့အာဇာနည် သံဃာယနာတင်ထေရ်ကြီးများကို ငွဲညာဘို့ကောင်းသည်။ ရွှေမျက်နှာတော်ထောက်ထားဘို့ကောင်းသည်။ အားနာစရာတောင်ကောင်းသည်မဟုတ်ပါလား။

ဆိုသာဆိုရသည်။ ကျွန်ုပ်တို့ လူသားလောကကြီးကလည်း အခက်သား၊ ထူးလျှင်လည်း ထူးမှ၊ ရူးလျှင်လည်း ရူးမှတဲ့၊ ဒါမှ

လူ့လောကစင်တော်တွင်ထင်ပေါ်သည်။ အထင်အမြင်ကြီးခံရသည်။ ဂုဏ်ရှိသည်။ ကျွန်ုပ်တို့ လူသားတွေမှာ စွဲထင်နေသော ညာဉ်တခုရှိသည်။ ထိုညာဉ်မှာ အမှန်တရားကို ရှာဖွေစိစစ်ရာ၌ အနှစ်သာရကို အဓိကမထား၊ အသွင်သဏ္ဌာန်ကို အဓိကထားပြီး ရှာဖွေကြသည်။ စူးစမ်းကြသည်။ အမိအရ ဖမ်းဆီးကြသည်။ မလွတ်တမ်းတွယ်ကုတ်ထားကြသည်။ အတွင်း အနှစ်အသားကို လေးစားမြတ်နိုးရမှန်းလည်း မသိကြချေ။ "အပေါ်ယံရွှေမှုံကြဲ အထဲကနောက်ချေးခံ"ကို ယေဘုယျအားဖြင့် ချက်ချင်း လက်ငင်း ကိုးကွယ်ပြစ်လိုက်ကြသည်။

ဥပမာအားဖြင့်၊ ရောင်ဝါပြိုးပြက် လှပသောရွှေခွက်ထဲတွင် အဆိပ်ရည်ထည့်ထားသော်၊ ၎င်းအဆိပ်ရည်ကိုပင် မြိန်ရေရှက်ရေ အားပါးတရသောက်သုံးကြလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အသွင်သဏ္ဌာန်၏ထည်ဝါခန့်ညားမှု လှပမှုကိုကြည့်ပြီး အတွင်း အနှစ်အသားကို မည်သို့မျှ ဂရုထားလိမ့်မည်မဟုတ်သောကြောင့်တည်း။

အမြိုက်သုတ် ဓါ ထည့်ထားသော မြေခွက်ကို တွေ့လျှင်မူ၊ အသွင်သဏ္ဌာန်၏ ထည်ဝါခန့်ညားမှု၊ လှပမှု မရှိသောကြောင့် မျက်နှာရှောင်လွှဲလျက် သွားကြချေမည်။ ခြေထောက်နှင့်ပင် ကန်ပစ်ချင် ကန်ပစ်ခဲ့ပေလိမ့်ဦးမည်။

ကျွန်ုပ်တို့သည် ဤရွှေဤမျှ အသိခေါက်ခက် အဝင်နက်နေကြသည်။ အမှန်ဖြစ်သင့်သည်မှာ၊ အသွင်သဏ္ဌာန်တည်းဟူသော အကာကို ဖယ်ခွာ၍ အတွင်း အနှစ်အသားကို စိစစ် ဖွေရှာခါ အသုံးပြုတတ်ကြရမည်ဖြစ်သည်။ ဤသို့ အသုံးမပြုတတ်ကြသမျှ

ကာလပတ်လုံး အသွင်သဏ္ဍာန်ဟန်ပန်သမားတို့၏ အလိမ်အညာ လောင်းရိပ်မှ ထွက်မြောက်နိုင်ကြလိမ့်မည်မဟုတ်ချေ။ အသွင်သဏ္ဍာန်ကို အထင်ကြီးမှု မြတ်နိုးမှုကြောင့်လည်း ဘတ်စ်ကားပေါ်မှာ မီးရထားပေါ်မှာ ခါးပိုက်နှိုက်ခံရတာတွေ ရွှေငွေအလိမ်ခံမိရတာတွေ၊ဘိုးတော် နောက် မယားပါသွားတာတွေ၊ ဗိုက်ဘလုံးနှင့် အဖေ မဖော်နိုင်သည့် အမျိုးသမီးတွေ၊ ရုံးပြင်ကန္နားရောက်ရှသူတွေ အောင့်သက်သက်နှင့် ခံခဲ့ရသူတွေ၊ အဖြစ်တော်ပေါင်း စုံလင်လှပြီမဟုတ်လော။

အပေါ်ရံ ရွှေမှုန့်ကြဲသဘောမျိုးဖြစ်သော အသွင်သဏ္ဍာန်ကို ဖယ်ခွာပြီး အတွင်းအနှစ်အသားကို ရှာဖွေနိုင်ရေးအတွက် ပညာရှိများက အောက်ပါ ဩဝါဒတို့ကို ပေးတော်မူခဲ့ကြပါသည်။

အညစ်အကြေးတင်လျက်၊ မစင်လိမ်းကျံသည် ဖြစ်လျက်လည်း၊ ရွှေခွက်မှန်က ယူရာသည်။ ပညာရှိဟုတ်မူ အမျိုးယုတ်သူပင်ဆရာ၊ သို့မီးကညာ၊ ရတနာစစ်က၊ ဒွန်းစဏ္ဍာလ်းပင် ဖြစ်သော်လည်း၊ ချစ်ခင် လေးမြတ်ရာ၏။ ပညာရှိကို ရှာသောယောကျ်ားမှာ ဟောကြားပြသ ဆုမ္မပေလျှင် ဒွန်းစဏ္ဍာလ်းပင်ဖြစ်ခဲ့မူ လူတွင်အမြတ်မှတ်ရာသည်(လုံးတော်ဆရာတော် ဟံသာဝတီ ဆုမ္မစာ ပေါင်းချုပ်)

ကျီးအာသီးသည် အသွေးအရောင် တောက်ပြောင်သည်၊ အသွင်သဏ္ဍာန် လှပသည်။သို့ရာတွင် အတွင်းအနှစ်အသားမှာ မူကားအပြင်သဏ္ဍာန်နှင့် များစွာကွာခြားလှသည်။ ရွှံစဘွယ်လိလိ ဖြစ်သည်။

သင်္ကြံအတွင်းမှာ ပစ်ဖောက်သော အမြောက်သံသည် အသံပင်မြည်ဟိန်းသော်လည်း အဆံမပါချေ။

အချို့ပုဂ္ဂိုလ်တို့သည် အာဘောင်အာရင်းသန်သန် လေလုံးထွားထွား သူတပါးကျလောက်အောင် ပြောင်ပြောင်မြောက်မြောက်နှင့် ပြောဆိုတတ်သည်။ သူတပါး နားဝင်ဆိမ့်အောင် မဟုတ်မဟတ် လုပ်ဇာတ်ခင်းပြီး ပြောတတ်သည်။ သို့ရာတွင် အဆံမပါချေ။

ကျွန်ုပ်တို့သည် များသောအားဖြင့် "လူ့ကျီးအာသီး" အနှစ်အဆံမလှောက်သည့် "လူ့သင်္ကြံအမြောက်" တို့ကိုမှ မှန်ပါ့ဘုရား ထူးချင်သည်။ ဖော်လံဖားချင်ကြသည်။ ကပ်ပါးယပ်ပါး လုပ်ချင်ကြသည်။ အခုဘဲ ထိုင်ရှိခိုးတော့မလိုလိုပင် ဖြစ်သည်။

အသွင်သဏ္ဍာန်မလှပ မထည်ဝါ မခန့်ငြားသော်လည်း အတွင်းအနှစ်အသား ထူးခြားကောင်းမွန်သော "လူ့ဒူးရင်းသီး" "လူ့ပိန္နဲသီး" မျိုးကိုမူ ချောင်ထိုးထားချင်ကြသည်။ ဖိနှိပ်ချင်ကြသည်။ လူရာမသွင်းချင်ကြချေ။ ထို့ကြောင့်လည်း "ဘုရားကားအောက်-မြောက်ကားအထက်" ဆိုသည့် "ပုံပျက်-ဉနံးပျက်" ပ လေးလုံး ပုံစံမျိုးတွေ ကျွန်ုပ်တို့ကြုံတွေ့နေကြရခြင်းဖြစ်သည်။ အမှန်တရား ထာဝရသစ္စာကို ချာဖွေစူးစမ်းရာ၌ ကျွန်ုပ်တို့ လမ်းလွဲနေကြသည်။ တဒင်္ဂသစ္စာကို ထာဝရသစ္စာလုပ်နေကြသည်။

ကျည်းကန်ရှင်ကြီးက ဤသို့ အဆိုအမိန့် ပြုခဲ့သည်။

"လူရည်ချော၍ မလိမ္မာ၊ လူလိမ္မာ၍ အရုပ်ဆိုး၊ သည်နှစ်

မျိုးတွင် ရုပ်ဆိုးကျင့်ကောင်းကိုပေါင်းမှ သိုက်မြိုက်သည်။ မိုက်သောသူမှာ လူရည်ပင်ချောသော်လည်း ထောပတ်ကြက်ဝက် သားကြော်တွင် မစင်တပဲသားကျ၍ ပစ်ရသကဲ့သို့ ဖြစ်ချေသည်" (ဟံသာဝတီဆုမွစာပေါင်းချုပ်)

ကျွန်ုပ်တို့ လူသားတို့သည် အထက်ပါ အရိုးစွဲ ဉာဉ်တို့ကို အစပျောက် မြေမြှုပ် သင်္ဂြိုဟ် မပစ်နိုင်ကြသေးချေ။ စွဲထင်ကောင်းဆဲပင်ဖြစ်သည်။

ပညာရှိကြီးတို့၏ ဆုမွဩဝါဒကို သတိမထားမိကြသေး၍လည်း ဖြစ်နိုင်သည်။ သတိပင်ထားမိသော်လည်း လက်တွေ့ မလိုက်နာနိုင်သေး၍လည်း ဖြစ်နိုင်သည်။

ကျွန်ုပ်တို့ လူသားလောကကြီးသည် ထူးသည်ထက်ထူး ရှုးသည်ထက်ရှုးသော လူသားများကိုလည်း မြှောက်စားကြသည်။ ဤတွင် ချီးကျူးမြှောက်စားခံရသူကတော့ ဘဝင်မမြင့်ဘဲ နေနိုင်အံ့လော။

ကျွန်ုပ်တို့ လူသားတွေ အတတ်ကျူးလျှင် အရူး ဖြစ်တတ်သည်၊ "တန္ဒယ်ငင် တစင်ပါ"ဆိုသလို ဆရာဖြစ်သူ အတတ်ကျူးမှတော့ ဆရာ့ဩဝါဒခံ တပည့်တွေလည်း ဘုမသိ ဘမသိနှင့် ရူးကြရချေဦးတော့မည်။

သိလျက်နှင့် ရူးသူက သူ့သဘောနှင့်သူမို့ မထောင်းတာ၊ မသိဘဲနှင့် ရူးကြရသူတွေကား နစ်နာလှချေသည်တကား၊ မြေပြိုပြီ အထင်နှင့် ရင်ဖိုလိုက်မောအမောတကောပြေးရှာသော ယုန်သူငယ် နောက်သို့ "သူများ ယောင်လို့ယောင် အမောင်တောင်မှန်းမြောက်မှန်းမသိ"ဘဲ ရွှေသမင် အလိုက်မှားဘိသကဲ့

သို့သော တိရစ္ဆာန်အပေါင်းတို့ ရောယောင် ပြေးလိုက်သည်နှင့် တူလှချေသည်။

"လင်ရှိုးလျှင် တသက်လုံးမှောက်, ကုန်ရှိုးလျှင် တခေါက်, ဆရာရှိုးလျှင် တသံသရာလုံး မှောက်"တတ်ချေသည်။

ကျွန်ုပ်တို့ လူသားတွေ ရောယောင်ပြီး လူမိုက်မလုပ်မိရန် အရေးကြီးသည်၊ အားနာပါးနာနှင့် မရောမိရန် သတိထားရမည်၊ အားနာတတ်သော ရှေးက အမျိုးသမီးတယောက် ဟိုလူ့အားနာ ဒီလူ့အားနာနှင့် နောက်ဆုံး ကလေးတဆယ်ကျော်နှင့် အဖေမဖော်နိုင်သော ဘဝမျိုး ဖြစ်မှာစိုးရသည်။

အားနာပြီး လူမိုက်မလုပ်စေလိုပေ၊ အဘယ့်ကြောင့်ဆိုသော် အပါယ်လေးပါးသည် သူမိုက်တို့၏ သွားရာပန်းတိုင် ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးက "အပါယ်ထိုထို၊ ဥဒဟိုသည်၊ နင်လိုလူမိုက် သွားလမ်းတည်း" ဟု ဆုံးမ သတိပေးတော်မူခဲ့ပါသည်။

ကျွန်ုပ်တို့ လူသားတွေသည် အတဟ်လွန်လျှင် ဆန်းချင်ကြသည်၊ ရမ်းချင်ကြသည်၊ ငါမှငါဆိုသော သဘောတွေ အားကြီးကြသည်။

ဤသို့ဖြစ်ကြသည်မှာ ပညာတတ်သော်လည်း ပညာရှိ မပီပြင်သေးကြောင်းကို ဖော်ပြရာ ရောက်နေပါသည်၊ တကယ့်ပညာရှိများသည် စပါးပင်ကဲ့သို့ ကျင့်ကြ၏။

စပါးပင်များသည် စပါးသီး မသီးသေး၍ အနှစ်မရှိသေးခင် မိုးသို့မျှော်ခါ ထောင်ထောင်နှင့် နေသော်လည်း အသီး

သီး၍ အနှစ်တည်လာသောအခါ မြေသို့လဲလျောင်းတော့မည့် ပုံပမာအပေါ်သို့ ထောင်ရာမှ တဖြည်းဖြည်း အောက်သို့ နိမ့်ကျပါသည်၊ အနှစ် အဆံ များလေ အောက်သို့ ငိုက်လေ ဖြစ်သည်။

ဤကဲ့သို့ပင် တကယ့်ပညာရှိများသည် အနှစ်အသားတည်ရှိလာသောအခါ မောက်မာ ဝါကြွားမှုမရှိတော့ဘဲ မိမိကိုယ်ကို နှိမ့်ချ ရိုကျိုးလာကြသည်၊ ခြေသုတ်ပုဆိုး မြေခွေးကျိုးပမာ ကျင့်ကြံလာကြသည်။

အတတ်လွန်၍ တဖက်စွန်းရောက်အောင် ဆန်းပြား ရမ်းကားခြင်းမရှိချေ၊ မိမိကိုယ်ကို မှန်ကန်စွာ ဝေဘန် သုံးသပ်၍ ထိန်းသိမ်းမှုရှိလာသည်။

"မဖည်မသွေ၊ မှတ်သားလေတော့၊ နေလည်း သူ့နောက်၊ ဆိုလည်းသူ့အောက်၊ စိတ်မြောက်ကိုယ်မြောက်၊ မကွေ့ကောက်နှင့်၊ ထေ့ာက်ထေ့ာက်ထားထား၊ သတိနှင့်စဉ်းစား" (ညောင်ပင်သာ ဦးပုည)လာကြသည်။

ဆောင့်ကြွားကြွား မှာဆတ်ဆတ် မာကြောကြော အပြောရိုင်းရိုင်း မဟုတ်တော့ဘဲ အဖက်ဖက်မှ ကြည်ညိုလေးစား အားထားဘွယ်ရာ ဖြစ်လာသည်။

ဤတွင် မြတ်စွာဘုရား ၏ လကျ်ာရံ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး၏ ပညာရှိပီပီ ကျင့်သုံးသွားပုံလေးကို တင်ပြလိုပါသည်။ အခါတပါး၌ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် သင်းပိုင်ကို မညီမညာ ဝတ်ထားမိသောကြောင့် ၇ နှစ်အရွယ် သာမဏေငယ်က "အရှင်ဘုရား....အရှင်ဘုရားသင်းပိုင်

ဝတ်ထားတာဟာ၊ သေခိယနဲ့ မညီပါ၊ ပြင်ဝတ်တော်မူပါ''ဟု သတိပေးသည်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်က သာမဏေငယ်လေးကို လေးစားသောအားဖြင့်၊သာမဏေလေးကွယ်ရာမှာ သင်းပိုင်ကို သေခိယနဲ့ ညီစွာ ပြန်ဝတ်ပြီး သာမဏေလေးထံ ပြန်လာပြီး ''ညီပြီလား''ဟုမေးလေသည်။ထိုသို့မေးရာမှာလည်း ''အဋ္ဌလိ ပဂ္ဂယှ''လက်အုပ်ချီပြီး ရိုရိုသေသေနေလေသည်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည်၊ ငါ့လို လကျာ်ရံ ဧတဒဂ်ရ ဘုရားပြီးလျှင် ပညာအရာ ထိပ်သီး ပုဂ္ဂိုလ်ပင်ကြီး ကိုများ ဒင်း-မလောက်လေး မလောက်စား သာမဏေငယ် ချာတိတ်ကလေးက ပြောရပါမည်လားဟု ပြောဆို ငေါက်ငန်း တော် မမူပေ။အပြစ်ပြ၍ ဆုံးမသည့်အတွက်၊သာမဏေငယ်ကိုပင် ကျေးဇူးတင်ပေသေးသည်။

သာမာန် ပုဂ္ဂိုလ်များဆိုပါမူ ''တော်တော် လျှာရှည် တဲ့ မိကျောင်းမျိုးဘဲ၊ မင်းကဆရာလား၊ ငါကဆရာလားကွ၊ဟော့ ကလေး....ကလေးလိုနေစမ်း လာမရှုတ်နဲ့၊ ဟာ....ဖအေ့ထက် သား တလကြီးလုပ်နေပြန်ပြီ။ ဟဲ့...ဒီကောင်ခလေးကတော့ မိဘ ကိုတောင် ရောင်းစားအုံးမှာဘဲ၊ အကောင်က လက်မလောက် ရှိသေးနော်၊ အဖေ့ ဝေဖန် အမေ့ ဝေဖန်နဲ့၊ ဒီကောင်လေး ဒီကောင်မလေး အဇာတသတ်မျိုးဘဲ''ဟု ပြောဆိုကြိမ်းမောင်း မိကြပေမည်။ ရိုက်နှက် ပုတ်ခတ်ကြလိမ့်မည်။ ကိုယ့်တပည့်က သော်ငြင်း၊ကိုယ့်သားသမီးကသော်ငြင်း၊ အကျိုးနှင့်အကြောင်း

ဆက်စပ်တင်ပြပြီး ပြောဆိုဝေဖန်မှုကို ကျွန်ုပ်တို့ လက်မခံနိုင်ကြချေ။ ခါးခါးသီးသီး ငြင်းပယ်ချင်ကြသည်။

ဤသည်ပင်လျှင် ကျွန်ုပ်တို့၏အမှားတော်ပုံဖြစ်တော့သည်။ အရှင်သာရိပုတ္တရာလို သူတော်ကောင်းများ၏လုပ်ရပ်နှင့် အံဝင်ဂွင်ကျ မဟုတ်တော့ဘဲ အန်ချော်နေတော့သည်။

ပညာရှိများမှာမူကား၊ ဆုမ္မမည့်သူ ဝေဖန်မည့် သူ ကို ပင် မျှော်လင့်နေကြသည်။ ဆုမ္မဝေဖန်မှုပြုလာလျှင် ဝမ်းသာကြသည်။ ဗုဒ္ဓ၏သားတော် အရှင် ရာဟုလာသည် နံနက်စောစော အိပ်ရာထပြီး သဲကို လက်ခုပ်ဖြင့်ကျုံးခါ ဘုန်းတော်ကြီးသော ဘုရားထံမှရင်း၊ ဥပဇ္ဈာယ်ဆရာ၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာကဿပတို့၏ အထံမှရင်း၊ ဤသဲလုံးမျှလောက်သော ဩဝါဒစကားကို ယနေ့ရပါမူကား ငါ့အား ကောင်းလေစွဟု နေ့စဉ်နေ့တိုင်း တောင့်တလေ့ရှိသည်။ တောင့်တသည့် အတိုင်းလည်း ဆရာ ဥပဇ္ဈာယ်တို့ဆုမ္မသော သိက္ခာပုဒ်တို့ကို တဆံဖျားမျှမတိမ်း ပါးရအောင် ကျင့်သည်။ လူလေးစားရုံ တော်ပါပေတယ်ဟု လူအချီးမွမ်းခံရရုံလောက်သာ ပြုလုပ်သည် မဟုတ်ပေ။

တခါကလည်း အိန္ဒိယ အမျိုးသား ခေါင်းဆောင်ကြီး မဟတ္တမ ဂန္ဒီသည်၊ အခါတပါး၌ မီးရထားမှဆင်း၍ နေအိမ်သို့ ပြန်မည်ရှိရာ၊ မိန်းမကြီး တယောက်က ကူလီ ထင်မှတ်၍ သူ၏ ပစ္စည်းများကို အိမ်သို့ လိုက်ပို့ရန် ခေါ်သဖြင့်၊ ငါဟာ ဂန္ဒီ ဖြစ်တယ် ဟူ၍ မပြောဘဲ၊ အိမ် အရောက် လိုက်ပို့ပြီးမှ အခကြေးငွေမယူဘဲ ပြန်လာခဲ့၏။ မိန်းမကြီးသည် နောက်မှ ဂန္ဒီဟု သိသောဟူ၏။

ပညာရှိ သူတော်ကောင်းများသည်။ ဤသို့ မြင့်မြတ်သော စိတ်ဖြင့်မာန်မာနကို ပယ်ရှားကြလေသည်။ ကျွန်ုပ်တို့သည် ဤကဲ့သို့ အတုလိုက်ဘို့နေနေသာသာ အရှင်သာရိပုတ္တရာ၊ အရှင်ရာဟုလာတို့ကိုတော့ပြောမဖြစ်တာအရင့်အမာတွေဘဲ၊ဒီလောက်တော့ ဖြစ်မှာပေါ့ ဟု ကိုယ့်အပြစ်ကိုယ်မဟုတ်တာကို မဖော်ထုတ်လိုဘဲ ရသေ့စိတ်ဖြေ သဘောမျိုးဖြင့် ကပ်သီးကတ်သတ် စောဒက ဝင်ချင်ကြသေးသည်။

ကျွန်ုပ်တို့သည် အနှစ်ရှိသည့် စပါးကဲ့သို့ပင် မကျင့်ကြဘဲ အသီးမသီးသေး၍ အနှစ်မရှိသေးသော စပါးကဲ့သို့ပင် ကျင့်ချင်ကြသည်။ ပညာမာနပြချင်ကျသည်၊ ဥစ္စာမာန ပြချင်ကြသည်၊ အလှူရှင်မှန်းသိအောင် မဏ္ဍပ်တိုင် တက်ပြချင်ကြသည်၊ နဂါးမှန်းသိအောင် အမောက်ထောင်ပြချင်ကြသည်၊ ဝ မရှိဘဲ ဝိလုပ်ချင်ကြသည်၊ ရှိတာထက်ပိုပြီး ဟန်ရေးပြချင်ကြသည်။ ဤကဲ့သို့သော လူများကို “အာကာကလေး လက်တအုပ်မျှ ရသည်နှင့် နတ်ပြည်ခြောက်ထပ်ကို အစိုးရသော သိကြားမင်းနှင့် အန်တုဖက်ပြိုင်မည်ဟု ကြိမ်းဝါးသောသူများ” ဟု ရှိတ်စပီး ယားက ဆိုထားဘူးသည်။

ပညာမာန် တက်ကြသော ထိုပညာတတ် ပုဂ္ဂိုလ်တို့သည် ပညာမာန်အားကိုးဖြင့် ပတ်ဝန်းကျင်လူသားတို့ကို အပေါ်စီးမှ ကြည့်တတ်လာသည်၊ မြင်တတ်လာသည်၊ အထင်သေးလာသည်။

ထိုသို့ဖြစ်ရသည်မှာ ပညာရှိတို့၏ အဆိုအမိန့်ကို သတိမပြုမိကြသောကြောင့်ဖြစ်သည်။ “ငါသိသော အရာတခုတည်းသာ

ရှိသည်၊ ထိုအရာသည်ကား အခြားမဟုတ်၊ ငါ ဘာမျှမသိသေး ဟူ၍ သိခြင်းပင်ဖြစ်သည်”(ဆိုကရေးတီး)

“လူကလေး တတ်နိုင်လျှင် အခြားသူများထက် ပို၍ ပညာ ရှိအောင်ကြိုးစားပါ၊သို့ရာတွင် ဤကဲ့သို့ ပို၍ပို၍ ပညာရှိကြောင်း ကို အခြားသူများအားမပြောလေနှင့်” (လော့ချက်စတားဖီး) ဤသို့ ပညာရှိတို့၏ အဆိုအမိန့်ဌတိုင်းပင်၊ ငါသိသည်၊ငါတတ် သည်ဟူသည်မှာ၊ ငါဘာမျှမသိသေး မတတ်သေးသော အသိ မျှဖြစ်သည်ကို ကျွန်ုပ်တို့ အထူးသတိပြုမိကြသည်။ဇီးစေ့လောက် ကို မြင့်မိုရ်တောင့်သဖွယ် ယူဆလျှင် အကျိုးနည်းကြ လိမ့် မည်။

အမှာတော်ရေး ဦးရှင်ကလေးက သူ၏ လောကနီတိပျို့တွင် “နည်းပါးပညာ၊ သူတို့မှာကား၊ ငယ်စွာသုတ၊ တခုရသော်၊ များလှုထင်ယောင်၊ မာန်စောင်တက်ကြွ၊ လွန်ပြောပ၏၊ လှိုင်း မသမုဒ္ဒရာ၊ မမြင်ပါ၍၊ တွင်းမှာရေကို၊ များ၏ဆိုငြား၊ ငမိုက် ဖားသို့” ဟု စပ်ဆိုထားဘိသကဲ့သို့ အနည်းငယ်မျှသော ရေကို သမုဒ္ဒရာသဘွယ် ကြီးကြီးကျယ်ကျယ် အထင်ရောက်နေသော “ဖားမိုက်” လို မဖြစ်ကြရန်လည်း အရေးကြီးပါသည်။

ပညာရှိတို့၏ အဆိုအမိန့်ကို သတိပြုမိကြသဖြင့် ပတ်ဝန်း ကျင်လူသားတို့ကို ပမာမခန့် မထိလေးစား အထင်အမြင် သေး ခြင်း သဘောတွေ ဝင်လာကြသောအခါ ပတ်ဝန်းကျင် လော ကနှင့် ဆက်ဆံရေး မပြေပြစ်ကြတော့ပေ။

လူမှုဆက်ဆံရေး နယ်မြေတွင် ဝိရောဓိအသွင် စစ်ဆင်လာ ကြသည်။ ကမောက်ကမဖြစ်လာသည်။ ပညာတတ် ပညာမဲ့

အတန်းစားခွဲခြားမှုတွေ ဖြစ်ပေါ်လာသည်။ ယင်း ပဋ္ဌိပက္ခ အသွင်များသည် ထိုပညာတတ် ပုဂ္ဂိုလ်တို့မိမိတို့အလိုအလျောက် အမြင်မှန်ရပြီး ပညာမာန်ကျသွားခါမှ သို့မဟုတ် ထိုပညာတတ်ပုဂ္ဂိုလ်ကို နှိပ်ကွပ်နိုင်သော ပုဂ္ဂိုလ် ပေါ်လာပါမှ ပြေပြောက်သွားနိုင်သည်။

မှန်ပေသည် ဘီစီတစ်ရာစုလောက်ကပေါ်ပေါက်လာခဲ့သော မိလိန္ဒပဥှာပါဠိတော်တွင် ဤပြဿနာမျိုးကို ကျွန်ုပ်တို့ လေ့လာနိုင်သည်။

ဘက်တီးရီးယန်း ဂရိလူမျိုးဖြစ်သော ဘုရင် မိလိန္ဒသည် သာဂလမြို့တော်တွင် စိုးစံတော်မူသည်၊ သာဂလမြို့သည် ယခုအခါ ပါကစ္စတန်ပြည်ထဲမှာ ရှိ၍ ဆီယာလ်ကော့ဟု ခေါ်သည်။

ဘုရင်၏ နာမည်ရင်းမှာ မေနန္ဒာ ဖြစ်၍ ကျွန်ုပ်တို့က ပါဠိသံလှယ်ပြီး မိလိန္ဒဟု ခေါ်ကြသည်။

မိလိန္ဒသည် စာပေကျွမ်းဂန် တတ်ကျွမ်းသည်၊ ဝါသနာလည်း ထုံသည်၊ ခဲရာခဲဆစ် အဖုအထစ်ကို ကပ်ကပ်သပ်သပ် မေးမြန်းတတ်သည်၊ နိုက်နိုက်ချွတ်ချွတ် ပညာသားပါပါ မေးခွန်းထုတ်တတ်သည်။

မဖြေနိုင်သောအခါ ပညာရှိတွေ ဆိပ်သဉ်းလှချေတကားဟု ကြွေးကြော်တတ်သည်၊ ရှုံ့ချတတ်တည်။ ထို့ကြောင့် ပညာရှိပုဂ္ဂိုလ်တွေ ခေါင်းမထောင်ဝံ့ကြတော့ပေ။

ပြဿနာ မေးမှာကိုပင် စိုးတရွံ့ရွံ့နှင့် မလုံမလဲ ရှိနေကြ

သည်၊ ရဟန်းသံဃာတွေမှာလည်း သာဂလမြို့တော်တွင် သီတင်းသုံးတော်မမူဝံ့ကြတော့ပြီ။

ရွှေမြို့တော်မှ ခတ်သုတ်သုတ်ထွက်ပြီး ဇနပုဒ်များသို့ ပြေးလွှားခိုအောင်း သီတင်းသုံးတော်မူကြရသည်၊ ဤအခြေအနေကို တွေ့မြင်ရသူ မိလိန္ဒအဘို့ မိမိကိုယ်ကိုယ် ဘဝင်ကိုင်လာသည်။

ငါနှင့် ဘက်ပြိုင်ပြောဆိုမည့် ပညာရှိတွေ ဆိပ်သုဉ်းပြီ ဟူသော အသိဖြင့် ပညာမာန်ကလည်း ထိပ်သို့ ပြေးတက်လာခဲ့သည်၊ ဤတွင် ပတ်ဝန်းကျင် လူသားတို့နှင့် ဆက်ဆံရေး ကမောက်ကမနိုင်လာသည်။

မြို့တော်အလုံး ချောက်ခြားလာသည်၊ ပညာသည် မြတ်နိုးဘွယ်ကောင်းသလောက် ပညာမာန်ကား ကြောက်စရာကောင်းလှ၏။

ပညာတတ်ကို ပညာမာန်က သတ်တတ်ပါသည်၊ ပညာသည် သုံးတတ်လျှင် ကောင်းသလောက် မသုံးတတ်လျှင် များစွာ ဒုက္ခပေးတတ်သည်။

ဥပမာအားဖြင့် မီးကဲ့သို့တည်း၊ မီးသည် နေရာတကျ သုံးစွဲတတ်လျှင် လူသားတွေကို အကျိုးပြုသကဲ့သို့ နေရာတကျမသုံးစွဲတတ်လျှင် ကြီးစွာ ဒုက္ခပေးတတ်သည်။

ကျွန်ုပ်တို့သည် ပညာတတ်ရုံနှင့် မပြီးသေးချေ၊ မိမိတတ်ကျွမ်းသော ပညာနှင့်အတူ လက်တွေ့ အကောင်အထည်ဖေါ်ပြီး ကျင့်သုံးနိုင်မှ တန်ဘိုးရှိပါသည်။

လောကီပညာတတ်သူဖြစ်စေ လောကုတ္တရာပညာ တတ်သူ

ဖြစ်စေ စာအုပ်စာတန်းထဲမှာသာ တတ်မနေဘဲ အသိ အလိမ္မာ ဆောင်စရာ ရှောင်စရာ လက်တွေ့လိုက်နာစရာတို့ကို "စာတွေမှ ငါတွေသို့" အနေမျိုး ရောက်အောင် ကြိုးစားကြရမည် ဖြစ်သည်၊ စာထဲမှ အတတ်ကို ကိုယ်သို့ တတ်ပေးရန် ဆိုလိုသည်။

ဤသို့ မတတ်နိုင်ကြပါလျှင် ငါလောက် ပညာတတ်သူ ပြောနိုင် ဆိုနိုင်သူမရှိဟူသော ပညာမာန်ဖြင့် မောက်မာခြင်း ဝင့်ကြွားခြင်း ဂုဏဝုဍ္ဎိ (ဂုဏ်အားဖြင့် ကြီးမြတ်သူ) ဝယဝုဍ္ဎိ (အရွယ်အားဖြင့် ကြီးသူ)တို့ကို ဂါရဝ နိပါတ မထားတော့ဘဲ ထင်ရာရမ်းတတ်ခြင်း မာနတရားဆိုးတွေ၊ ပညာကြောင့် ဖြစ်ပေါ်လာသော ပစ္စည်းဥစ္စာတွေအပေါ် နှစ်သက် သာယာခြင်း၊ မရ ရအောင် ကုတ်ကုတ် ကပ်ကပ် ရှာဖွေခြင်း၊ ရရှိသော အရှိန် အာဏာ ပါဝါကို အလွဲသုံးစား လုပ်ခြင်း၊ မတရား လောဘတွေ များခြင်း စသော တဏှာတရားတွေ။ ပညာကို အကြောင်းပြု၍ မိမိကိုယ်ကို အဘိုးထိုက် အဘိုးတန် ကြီးသဘွယ် ထင်မှားနေခြင်း။ ကိုယ်ဟူ၍ ငါဟူ၍ အခေါ် အဝေါ် ပညတ်မျှသာဖြစ်သော သဘောတရားတွေကို သတိမထားနိုင်တော့ဘဲ "တော်တော်ဟုတ်တဲ့ ငါပါလား မဆိုးဘူးဟ" ဟု ထင်မြင်ယူဆနေမိခြင်း။

သက္ကာယဒိဋ္ဌိတွေ ဝင်ရောက်ခံရပြီး အကျိုးနဲ့ဘွယ်ရာ ကြုံကြရပေမည်။

ကိုယ်မှာ ပညာမတတ်မိကြ၍ လောဘကြီးလွန်းသော ပညာတတ်ကြီးတွေ၊ ဒေါသကြီးလွန်းသော ပညာတတ်ကြီးတွေ၊ မော

ဟကြီးလွန်းသော ပညာတတ်ကြီး အသောက်အစား အားကြီး သော လောင်းကစားမှု အားကြီးသော ပညာတတ်ကြီးတွေး ပညာကတော့ တော်ပါပေရဲ့ လူရှုတ်လူပွေမို့ နတ်အိုးကွဲ ဖြစ် နေတာဆိုသော အပြောမလွတ် ဖြစ်တာတွေ စသည်ဖြင့် လော က အလယ်တွင် သူများတံထွေးကွက်ထဲ ပက်လက်မျောနေကြ သူတွေ အနန္တမဟုတ်ပါလော။

ဤသို့ဆိုသော် ပညာတတ်သော်လည်း အချိုးနှိုးပင် ဖြစ်ရ ချေတော့သည်။ ပညာရှိရင့် ပွဲလယ်လည်း မတင့်နိုင်ချေပြီ။ ပညာရှေ့အိုး့လူမခိုးဟုဆိုကြပေမည့် ဒီလိုပညာမျိုးကိုတော့ မည် သူမျှ ခိုးကြလိမ့်မည်မဟုတ်ပါပေ။

ဤလို ပညာတတ် နတ်အိုးကွဲ စာတတ် နတ်အိုးကွဲတွေထက် ပညာပင်မတတ်သော်လည်း လူ့လောကအလယ်တွင် ထိမ်းထိမ်း သိမ်းသိမ်း ပိပိရိရိဖြင့် လူကြီးသူမတို့၏ ဆုမ္မဩဝါဒကို ကိုယ်မှာ တတ်ခါ လိုက်နာခါဖြင့် လူကြည်ညို နတ်ကြည်ညို နေထိုင်ကြ သော ရိုးသားမှန်ကန်သူ ပုဂ္ဂိုလ်များကမှ အဘိုးတန် အမျိုး မှန်ချေသည်။

ထို့ကြောင့် တတိယ ရွှေကျင် သာသနာပိုင် ဒုတိယ မဟာ ဝိသုဒ္ဓါရုံ ဒိပဲရင်းဆရာတော်ဘုရားကြီးက "မနောဒိဋ္ဌ ဝန္ဒနာ ဘုရားရှိခိုးကျမ်း" တွင်

ကိုယ်မှာမတတ်၊ စာမှာတတ်၊ ဂါဟတ်ကိုက်တတ်သည်၊ စာမှာ တတ််မတတ်၊ ကိုယ်မှာတတ်၊ ဂါဟတ်ကင်းပြတ်သည်၊ ဟု မိန့် ဆိုတော်မူခဲ့သည်။

(ဤ၌—ဂါဟတ်ဟူသည်၊ ၁။ တဏှာဂါဟ။ ၂။ ဒိဋ္ဌိဂါဟ။

၃။ မာနဂါဟ ကို ဆိုလိုပါသည်။ ဂဏ္ဍာတိ ဥပပါဒါယတိ တိ ဂါဟော (ဝိဂ္ဂဟ်)

အနက်မှာ ဂဏှာတိ၊ ဖမ်းယူကိုက်စားတတ်၏။ ဥပါဒါယတိ၊ စွဲလမ်းတတ်၊ ငြိတွယ်တတ်၏၊ ကိုက်စားတတ်၏၊ ဣတိတသ္မာ၊ ထို့ကြောင့် ဂါဟောဂါဟမည်၏)

ဆရာတော်ဘုရားကြီးက ပညာတတ်လျှက်နှင့် ဂါဟတ် အကိုက်မခံကြဘို့ရန် သတိပေးဟော်မှုခြင်း ဖြစ်ပါသည်။

ဆိုခဲ့သည့်အတိုင်း ပညာမာန် ဝင့်နေသော မိလိန္ဒမင်းကြီးသည် တနေ့တွင် အရှင်နာဂသိန် ရဟန္တာနှင့် မင်းပရိသတ်-ရဟန်းပရိသတ် မြောက်များစွာသော အစည်းအဝေးကြီးတွင် အခြေအတင် တွေ့ဆုံဆွေးနွေးခွင့်ရသည်။

အရှင် နာဂသိမ်(အရှင်နာဂသေန) သည် တင်ပြဆွေးနွေးလာသော ပြဿနာ မှန်သမျှကို အကြေအလည် ဖြေရှင်းနိုင်သည်။ လက်ဝယ်တင်ထား၊ မျက်ရှင်ပတ္တမြားကဲ့သို့ ထင်ရှားစေသည်။ ပြက်ပြက်ထင်ထင် မြင်စေသည်။ ရဝန့်ပွင့်လင်းစွာ ဥပမာ ဥပမေယျ အစုံအလင်ဖြင့် ဒိုးဒိုးဒေါက်ဒေါက် ချက်ခြင်းဖြေရှင်းနိုင်သည်။

မိလိန္ဒမင်းကြီးသည် အပွဲပွဲတွင် နွံခဲ့သမျှ ဤအချိန်တွင် ပညာမာန်အိုးကြီး ပိုက်ကွဲ သွားခဲ့ရပေတော့သည်။ အရှုံးပေးလက်မြှောက်ရပေတော့သည်။ စိတ်ကြမ်းမာန်လျှော့ ကန်တော့လိုက်ရပေပြီတကား။

ဤအခါကျမှပင် ရွှေမြို့တော် သာဂလမှ ခေတ္တ တိမ်းရှောင်ပြေးလွှား ဇနပုဒ်ကြားသို့ခိုအောင်းနေကြရသော သံဃာတော်

များသည် သာဂလမြို့သို့ပြန်လာနိုင်ကြတော့သည်။ နံနက်ခင်းတွင် သင်္ကန်းရောင်တို့ဖြင့် ပြောင်ဝင်းရှိန်လက်စွာဆွမ်းခံထွက်ဝန့်ကြပေပြီ။

မိလိန္ဒမင်း၏ ရန်ကြောင့် ပြေးလွှား ပုန်းအိပ် ပညာရှိတွေ ဆိပ်နေရာမှ လူပညာရှိ ရဟန်း ပညာရှိတွေ သာဂလမြို့တော်မှာ စည်ကားလာနိုင်ကြ ပေပြီ။ သာဂလ မြို့ တော်မှာ ပြန်လည် စည်ကားလာပြီဖြစ်ပါသည်။

မိလိန္ဒကို နှိမ်နင်းနိုင်သော အရှင်နာဂသိန်သာ၊ နေအသွင် လ,တပါးကဲ့သို့ မထင်ရှားခဲ့ပါသော်၊ လူမှုဆက်ဆံရေး နယ်မြေတွင် ဝိရောဓိအသွင် စစ်ခင်းမှုသည် ငြိမ်းအေး သွားလိမ့်မည် မဟုတ်ပါချေ။ အရှင်နာဂသိန်၏ နှိပ်ကွပ်နိုင်သော ပညာ ဓါးကြောင့် သာလျှင်၊ ဖြစ်ပေါ်လာသော ပဋိပက္ခများ ငြိမ်းအေး သွားရပေသည်။

ကျွန်ုပ်တို့သည် အရာရာတွင် ပညာစွန်း-ချွန်းကဲ့သို့အုပ်နိုင်မှ တန်ကာကျသည်။ အတတ်လွန်သူတွေ အထူး သတိထားရမည် ဖြစ်သလို၊မတတ် တတတ် ဇိမ်းဇတ်ဇတ် (စိမ်းဆတ်ဆတ်) တွေလည်း အထူးသတိထားကြရပါမည်။

သို့မဟုတ်လျှင် ဘုရားလွန်ဂိုဏ်း (ဖရယ်လွန်ဂိုဏ်း)ထဲ လက်မှတ် ထိုးပြီး ဖြစ်ပေလိမ့်မည်။ ဤဘုရားလွန်ဂိုဏ်းသည် ပဋိပက္ခ အခြေအနေကို ပေါက်ပွားစေနိုင်သည်။အခြေခံ ရေသောက်မြစ်ဟုလည်းဆိုနိုင်သည်။

အထူးအားဖြင့် ကျွန်ုပ်တို့သာသနာသည်၊ ယခုအခါ ဂိုဏ်းဂဏတွေ ကျစ်လစ် သိပ်သည်းမှု မရှိဘဲ၊ ဖေါင်းပွလွန်းသည်ဟု

ဆိုသော် လွန်အံ့မထင်၊ ဂိုဏ်းဂဏတွေဖေါင်းပွသလောက် အယူဝါဒရေးရာတွေလည်း ထူးထွေဆန်းပြား ရမ်းကားလွန်းသည်။ တတ်ယောင်ကားတွေ၊ ယောင်သုံးဆယ်တွေမနည်းလှ။

ဥပမာအားဖြင့် ကျွန်ုပ်ကိုယ်တွေ့လေးများကို တင်ပြလိုပါသည်။ ကျွန်ုပ်နှင့် ခင်မင် ရင်းနှီးသော ဦးပဉ္စင်းကြီး တပါး၏ အယူဝါဒ ဖြစ်သည်။ ကျွန်ုပ်က ဘယ်လိုပြောပြော ကျွန်ုပ်၏ စကားကို လက်မခံပါချေ။

မြန်မာပြည်ရှိဆရာတော် စာတတ်ပေတတ်ကြီးများကိုသွားပြီး အဆုံးအဖြတ်ခံမည်ဆိုတော့လည်း မေးဘို့မလိုပါ၊ သူ့ဝါဒ အမှန်တဲ့၊ လှေနံ ဓါးထစ် မှတ်ထားသည်။ သည်တော့ ကျွန်ုပ် ဘာတတ်နိုင်ဦးမည်နည်း။

ကျွန်ုပ်အနေနှင့်' အကြင်လူများ၊ယောကျ်ား မိန်းမ၊စသည် ထိုထို၊ပျက်စီးလိုက၊အဆိုအသွား၊ အမှားမှားနှင့်၊ ဘုရားသော်မှ ဟောမရဘူး”ဟူသော မဃဒေဝ လင်္ကာကို ရွတ်ဖတ် ဆင်ခြင်ပြီး နောက်ဆုတ်ရုံပင် ရှိတော့သည်။

ထိုဦးပဉ္စင်းကြီး၏ဝါဒမှာ“ရဟန္တာသည် ကိလေသာ လုံးဝ မကုန်သေး၊ ကျန်သေး၏။ ဥပမာအားဖြင့်အရက်ပုလင်းသည် အရက်ကုန်သွားသော်လည်း အနံ့အသက် မကုန်သေးသကဲ့သို့ တည်း”တဲ့။

ဥပမာကြီးနှင့်ပင် လာချေသေး၏။ ရင်ဖို ဘွယ် ကောင်း ပါဘိတောင်း။

ဆက်ပါဦးမည်။

ဤကိုယ်တွေ့ကတော့ ကျွန်ုပ်နှင့် ရင်းနှီးသော တခုသော ဌာနမှ ယုံတမ်းပုံပြင်လေးတပုဒ်ဟု ဆိုပါရစေ။

''ရဟန်းတော် ယောဂီတွေ ဝိကာလဘောဇန သိက္ခာပုဒ်ကို အထူး ထိမ်းသိမ်းဘို့မလို၊ ဆာလောင်မွတ်သိပ်မှုရှိလျှင် ခန္ဓာကိုယ် မျှတအောင် သုံးဆောင်နိုင်သည်၊ သိပ်ပြီး ချုပ်တီးမထားလေနှင့် အတ္တကိလမထ ဖြစ်လိမ့်မည်၊ ဆာလောင် မွတ်သိပ်မှုမရှိဘဲနှင့်လည်း မသုံးဆောင်လေနှင့် ကာမသုခလ္လိက နုယောဂ ဖြစ်လိမ့်မည်၊ လိုရင်းမှာ အစွဲမထားနှင့် မဇ္ဈိမပဋိပဒါကျကျ ကျင့်သုံးလေဟု''

ထို့ပြင် ရှိပါသေးသည် ဥစ္စမေန တန်ခိုးပါဝါအားဖြင့် ကြီးမားထင်ရှားသူများကို အမြင်အကြားရရှိသူ ပုံစံမျိုးဖြင့် မျက်မှောက် ကြီးပွါးချမ်းသာရေးကို မျှော်တွေးလျက် ဘာသာရေးအားဖြင့် သိမ်းသွင်းထားမှုလည်း ရှိကြသေးသည်။

ဂိုဏ်းဂဏယောင်ယောင်ဖြင့် ဘာသာရေး အယူအဆများကို လက်သိပ်ထိုး ဖြန့်ဖြူးပေးနေသူများလည်း ရှိသည်၊ ထိုပုဂ္ဂိုလ်တို့၏ လက်သုံးစကားမှာ ဘယ်နှစ်ဘဝလောက်က ဘယ်ပုံ ဘယ်နည်း တော်စပ်ခဲ့ကြသည် (သားအမိ၊ သားအဖ၊ ဆရာတပည့် စသည်)၊ ယခု ဘယ်လို စောင့်ရှောက်နေသည်၊ အတိတ်က ဘယ်ပုံ ကူညီခဲ့သည်၊ ဘယ်ပုဂ္ဂိုလ်သည် ဘယ်လိုအရည်အချင်း တွေနှင့် ပြည့်စုံ၍ နောက်ထပ် သံသရာကြင်လည်စရာမလိုတော့၊ နောက်ဆုံးဘဝဖြစ်သည် စသည်တို့ ဖြစ်ကြပါသည်။

ဗျာဒိတ်ရသူ တပည့်ကြီးများ ဟုတ်သည် မဟုတ်သည် အတိအကျ မစုံစမ်းနိုင်တော့ဘဲ ''ပုဂ္ဂိုလ်ခင်မှ တရားမင်သည်'' ဆိုသည့်

အတိုင်း ဆရာ့စကား အမှန်ချည်း သဘောထားလျက် ပုထုဇဉ် မိပိ သဘောမနော အတွေ့ကြီးတွေ့ခါ အမေ့ကြီးမေ့ပြီး ကျေနပ်နေကြတော့သည်၊ ထင်တလုံးနှင့်ပြုံးခဲ့ကြသည်။

ရဟန္တာမှသာလျှင် နောက်ဆုံးဘဝဖြစ်သည်ကို သူတို့ မသိကြရော့သလား၊ သိသူကို လိမ်လည်လှည့်ပတ်၍ မရသော်လည်း မသိသူကိုကား လှည့်ပတ်၍ရသည်။

ထို့ပြင် အမြောက်ကြိုက်သမားများကိုလည်း လှည့်ပတ်၍ ရသည်၊ မြှောက်၍ရသည်။

လှည့်ပတ်မှုအားကောင်းလေလေ ထိုပုဂ္ဂိုလ်ကို "ဘုရားတဆူ ဂူတလုံး"ကိုပင် အားမရတော့ဘဲ သာသာထိုးထိုးဖြင့် "ဘုရား နှစ်ဆူ ဂူနှစ်လုံး"အသွင် သဘောထားခါ ကိုးကွယ်ဆည်းကပ် ကြတော့သည်။

သည်တော့ ဘယ်လိုဖြစ်လာပါသလဲ၊ အမြောက်အစားတို့ ဖြင့် ပြီးသော လောကကြီး၏ သချာသဘောကို အဖြေမှန် မထုတ်နိုင်တော့ဘဲ အနှုတ်လက္ခဏာအပြခံရပြီး မိမိအတွက် သုည သာလျှင် ရလာဒ်အဖြစ် ကျန်ရစ်ခဲ့ပေလိမ့်မည်။

အပေါင်း လက္ခဏာဖြင့် အဖြေမှန်ထုတ်နိုင်ပြီး သုညရှေ့မှ ဝစ်ဂဏန်းပေါင်း မြောက်များစွာ ရလာဒ်အဖြစ် ကျန်မှစ်လိမ့် မည် မဟုတ်ချေ။

ပြီးတော့.... အချို့အချို့သော ကမ္မဋ္ဌာန်းဆရာများက လည်း သောတာပန်ဆုံးဖြတ်ပေးသူ ရဟန္တာဟု မိမိ တပည့်ကို ဆုံးဖြတ်ပေးသူ ရဟန္တာ ဘွဲ့ထူးရသူက ဃရာဝါသ အိမ်ထောင် တွေ့ကျလို့ ရှေ့နောက် အဆီငေါ်မတည့် ဖြစ်ပုံတွေလည်း ရှိကြ

သေးသည်၊ လောက ဆိုသည်အတိုင်း လောလောပြီး ကျ နေသလော လောပြီကျ နေသလား မပြောတတ်ချေပြီ။

မာန်လည် ဆရာတော် ဘုရားကြီးက မဃဒေဝ လင်္ကာကြီးတွင်....

"လောကီအစုတ်၊ လူတို့နှုတ်ကား၊ မဟုတ်လည်းပြော၊ဟုတ်လည်း ပြော၏"ဟု ဖွဲ့ဆိုတော်မူသည်၊ ဘိုးတော်ယောင်တွေကလည်း "နောက်ဆုံးဘဝ"လို့ မြှောက်လိုမြှောက် သောတာပန်လို့ ပြောသူပြော မဟုတ်လည်းပြော ဟုတ်လည်းပြော ကိုင်း.... မခက်ပါလား ဤဝါဒများကလည်း ဘုရားလွန်ဂိုဏ်းဝင် ဖြစ်ချေသည်။

"ဟင်....ကြားရ ကြားရ နားဝမသက်သာ ရင်ဝမှာဆို့လှချည့်" ဟူသော မင်းသားကြီး ငိုချင်းမျိုးဖြင့် ငိုချင်းချမရလိုဖြစ်နေသည်၊ ဤအတိုင်းသာဆိုလျှင် ငါးပါးမက တသာသနာလုံးပင် မှောက်မည့် ကိန်းဖြစ်သည်၊ ဘာသာတရားတခုတွင် အယူအဆတွေ ရှုတ်ထွေးများပြားလာခြင်းသည် အဖေအခေါ် အခံလိုသူတွေ များပြားလာခြင်းပင် ဖြစ်သည် ဘာသာရေးအခြေခံ မပြည့်ဝကြသော ဘာသာဝင် အများစုတို့အဖို့ ဟိုဝါဒက ဟုတ်သလိုလို ဒီဝါဒက မှန်သလိုလိုနှင့် သလို သလိုတွေများပြီး ဘယ်သူ့ အဖေ ခေါ်ရမှန်းတောင် မသိကြတော့ပေ။

ဗုဒ္ဓ၏ ပိဋကတ်တော်များကို မိမိတို့လိုရာဆွဲပြီး ထုံးလိုချေ ရေလိုနောက် သွန်လိုသွန် မှောက်လိုမှောက် လက်ဖဝါးလို

မှောက်ချီ လှန်ချီ သဘောမျိုးလုပ်နေကြသည်ဟု မဆိုသော်လည်း ဆိုဘိသကဲ့သို့ အဓိပ္ပာယ်သက်ရောက်နေချေသည်။

မိဂပဒ-ဝလဥ္ဇန နည်းအားဖြင့် ကျောက်ဖျာ၏ အဆင်း အတက်ဝယ် သားကောင်၏ ခြေရာကို မြင်သောအားဖြင့် ကျောက်ဖျာပေါ်တွင် သားကောင် မုချဖြတ်သွားသည်ဟု ကောက်ချက်ချနိုင်သကဲ့သို့တည်း။

"ငါ့မြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက်" "ငါ့လှေငါထိုး ပဲခူးရောက်ရောက်" စခန်းသွားနေကြလျှင် သာသနာရောင်လင်း မပြောင်းဝင်းဘဲ သာသနာ့ဂုဏ်သိရ် ညှိုးမှိန်ဘို့ပင် ဖြစ်တော့သည်။

ပစ္စက္ခ အခြေအနေအရ ဆိုပါလျှင် သတ္တမနှင့် အဋ္ဌမသံဂါယနာတွေ ဆက်တိုက်တင်ဘို့ပင် အခြေအနေက တောင်းဆိုနေသည်၊ တခါက မိသားတစုထမင်းစားကြရာ သားငယ်မှာ အောက်စလွတ်နေသည်ကို ဖခင်ကြီးက တွေ့ရှိရသည်၊ မိမိ၏ မယားကလည်း ထိုနည်းရင်း၊ မိမိကလည်း ထိုနည်းရင်း တွေ့ရှိရသဖြင့် ဖအေကြီးက ပြောလိုက်သည်မှာ....

"ကိုင်း....ဒို့မိသားတစု ပြင်ထိုင်ကြဦးစို့" ဟူသတည်း၊ ဤမိသားစု ထမင်းဝိုင်းပုံပြင်အတိုင်း ကျွန်ုပ်တို့ သာသနာဝင် မိသားတစုလည်း ပြင်ထိုင်ကြဦးမှ အချိုးကျလိမ့်မည်ထင်သည်၊ ပြုပြင်သင့်သည်တို့ကိုလည်း ပြုပြင်ရန် အချိန်တန်ပြီ၊ ဖြစ်သည် လျှော့လျှော့ပေါ့ပေါ့ နေရန် အချိန်မဟုတ်တော့ပြီ ကျွန်ုပ်တို့သည် ဇာတ်သဘင်တခုမှ လူရွှင်တော်များ တပ်တောင်တာ ဗိုလ်ထုနှင့် လူစုပြီး ရန်သူဖမ်းခန်း ပျက်လုံးတွင်....

ဝိုလူလေးများ ဆိုသလေး....ခင်ညာ။

ရန်သူဘယ့်နှယ်စိုင်းမယ်.... တော်သလို ကြည့်စိုင်းကြတာ ပေါ့။

ရန်သူ ဘယ့်နှယ်ဖမ်းမယ်....တော်သလို ကြည့်ဖမ်းကြတာ ပေါ့။

ညီစေနော်....ဟုတ်ကဲ့....ခင်ညဟု ကြားဘူးပါသည်။ဤကဲ့သို့ အားမာန်မရှိ ရေ့ဘပက်ပက်သဘောမျိုးဖြင့် တော်သလို ကြည့် လုပ်နေကြ၍ ဖြစ်မည်မဟုတ်ချေ။ တော်သလိုကြည့်လုပ်ရန် အ ချိန်လည်းမဟုတ်ပါပြီ။

သာသနာ့ ဦးစီးဦးကိုင် သက်တော်ရှည် ထေရ်ကြီးများနှင့် သာသနာရေးဆိုင်ရာ လူပုဂ္ဂိုလ်များအပါအဝင် သာသနာရေး ဆိုင်ရာ အဖွဲ့အစည်းတရပ် ဖွဲ့စည်းခါ—

(၁) သာသနာတော်သန့်ရှင်းရေး

(၂) သာသနာအစွန့်ရှည်ရေး

(၃) ဗုဒ္ဓဝါဒ အစစ်အမှန် ထွန်းကားရေးတို့ကို လက်တွေ့ အကောင်အထည်ဖော် လုပ်ဆောင်သင့်ပြီဟု ကျွန်ုပ်တို့ ယုံကြည် မိသည်။

ဤသို့ အကောင်အထည် ဖော်ရာ၌ ဓမ္မစက်တင်မဟုတ်ဘဲ အာဏာစက်ကိုပါ အသုံးပြုတန် ပြုရမည်ဟု ထင်မြင် ယူဆမိ ပေသည်။

ဤသို့အားဖြင့် ကျွန်ုပ်တို့၏ ဗုဒ္ဓဂေါတမသည်၎င်း၊ ဗုဒ္ဓ၏ တပည့် သာဝကကြီးများသည်၎င်း၊ သံဃာယနာတင် သမိုင်း အ ဆက်ဆက်သည်၎င်း၊ အားပေးချီးမြှောက်ထိုက်သူများကို အား

ပေးချီးမြှောက်ခြင်း၊ နှိပ်ကွပ်ထိုက်သူများကို နှိပ်ကွပ်ခြင်းဖြင့် သာသနာကို အဓွန့်ရှည်စေခဲ့သည်။ ထွန်းပြောင် စေခဲ့ကြသည်။

လူသားတို့၏ ပစ္စုပ္ပန် တမလွန် ကြီးပွားချမ်းသာရေးတို့ကို ကိုယ်အားစိတ်အားဖြင့် ဆောင်ရွက်တော်မူခဲ့ကြသည်။ လူသားတို့၏ အရေးကို အလေးပြုတော်မူခဲ့ကြသည်။

ထိုသို့ ကြိုးစားတော်မူခဲ့သောကြောင့်လည်း ဗုဒ္ဓ၏ သာသနာတော်ကြီးသည် နှစ်ပေါင်း ၂၅၀၀ ခရီးရှည်ကြီးကို ဖြတ်သန်းလာခဲ့သော်လည်း သစ်လွင်တောက်ပနေဆဲပင် ရှိသည်။အောင်ပွဲအဆင့်ဆင့် ခံယူနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ဗုဒ္ဓနှင့်တပည့်သာဝကကြီးများသည် သာသနာတော်အောင်ပွဲများနှင့် လူသားတို့ကို အောင်ပွဲအသီးသီး ရယူစေခဲ့ကြသလို မိမိတို့ ကိုယ်တိုင်လည်း အောင်ပွဲတွေ ရယူတော် မူခဲ့ကြသည်။

သံသရာ့ စစ်မြေပြင် တလင်းဝယ် ကိလေသာရန် စစ်သည်တို့ကို ကျူးပင်ခုတ် ကျူငုတ်မှ မကျန်အောင် ဖြိုခွဲဖျက်ဆီးနိုင်ခဲ့ပေပြီ။

နိဗ္ဗာန်တည်းဟူသော အေးငြိမ်းရာ သာစခန်းသို့ အောင်ပွဲချီနိုင်ခဲ့ကြပေပြီ။

အိုနာ သေခြင်းနှင့်တကွ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲရခြင်းတို့ဖြင့် မွမ်းမံချယ်လှယ် ကြီးစိုးရာဖြစ်သော ဂုဏ်တရားတို့မှ မလွတ်ကင်းနိုင်သေးသော သံသရာ၏ သာမည အောင်ပွဲမှ အိုနာသေခြင်းကင်း၍ စိုးရိမ်ပူဆွေး

ငိုကြွေးခြင်းတို့ ရှင်းသော သံသရာ၏ ဟိုမှာဘက် ဖြစ်သော နိဗ္ဗာန်တည်းဟူသော အောင်ပွဲထက်သို့ လှမ်းတက်တော်မူခဲ့ကြပေပြီ။

တနည်းဆိုသော် "အောင်ပွဲမှ အောင်ပွဲသို့" ထပ်ဆင့်တော်မူခဲ့ကြပေပြီ။

ကျွန်ုပ်တို့သည်လည်း ဘဝပေး အခြေအနေအရ ဘဝပေး အင်အားအလျောက် စီးပွားရေး အောင်ပွဲ၊ ပညာရေး အောင်ပွဲ၊ လူမှုရေးအောင်ပွဲ၊ နှလုံးသားရေးအောင်ပွဲ၊နိုင်ငံရေးအောင်ပွဲ စသည်တို့ကို ရရှိပြီး ရရှိဆဲ ရရှိလတန့်ပင် ဖြစ်ကြပါသည်။ တကယ်တော့ ဤအောင်ပွဲများသည် အနှောင်အဖွဲ့မလွတ် သေးသော အောင်ပွဲများဖြစ်ကြပါသည်။ ထို့ကြောင့် အောင်ပွဲမှ အောင်ပွဲသို့ ကူးမြောက်ကြရန် တာဝန်ရှိပါသေးသည်။ ကူးမြောက်ရန်လည်း အချိန်တန်ပါပေပြီ။ ပို၍ပို၍ အချိန်တန်ပြီဟု ဆိုသော် ဆိုနိုင်ရာသည်။

အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ဗုဒ္ဓဝါဒ (Buddhism) ကိုလက်ခံယုံကြည်သော ဗုဒ္ဓဝါဒီများ ဖြစ်ကြသော ကြောင့်တည်း။

ကျွန်ုပ်တို့၏ ဗုဒ္ဓသည် ၄၅ ဝါ ကာလပတ်လုံး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူရာဝယ် သံသရာမှ လွတ်ရေးကျွတ်ရေးကို အဓိကထား၍ ဟောတော်မူခဲ့သည်ချည်း ဖြစ်သည်။ ဗုဒ္ဓ၏ နောက်ဆုံးပန်းတိုင်သည် နိဗ္ဗာန်ကို မျက်မှောက်ပြုရေးပင်ဖြစ်သည်။

လောကီအောင်ပွဲမှ တကယ့် လောကုတ္တရာစစ်စစ် အောင်ပွဲသို့ ကူးရေးပင်ဖြစ်သည်။ လောကုတ္တရာစစ်စစ် အောင်ပွဲသည် ဇာတိ ဇရာ မရဏမှ လွတ်မြောက်ရေးပင် ဖြစ်သည်။ ဗုဒ္ဓကိုယ်တော်တိုင်ကလည်း

"တယောမေ ဘိက္ခဝေ ဓမ္မာလောကေ နသံဝိဇ္ဇေယျုံ၊ န တထာဂတော လောကေဥပ္ပဇ္ဇေယျ၊ ကတမေတယော၊ ဇာတိစ ဇရာစမရဏဉ္စ" (အင်္ဂုတ္တရပါဠိ ဒသကနိပါတ် အာကင်္ခဝဂ် တယောဓမ္မသုတ်) စသည်ဖြင့် ဟောတော်မူခဲ့သည်။

အဓိပ္ပါယ်မှာ။ ပဋိသန္ဓေနေရခြင်းဆင်းရဲ၊ အိုရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲဟုဆိုအပ်သောတရားသုံးပါးကြောင့် ငါဘုရား ပွင့်တော်မူလာရသည်။ ဤတရားသုံးပါး ဤလောကမှာ ထင်ရှားမရှိဘူးဆိုလျှင် ငါဘုရား ပွင့်တော်မူလာစရာ မလိုဟု ဆိုလိုသည်။

ကျွန်ုပ်တို့၏ ဗုဒ္ဓသည် မိမိ၏ ပင်ကိုယ်ရည်ရွယ်ချက်နှင့် လျော်ညီစွာ ဤတရားသုံးပါးတို့၏ လက်အောက်ခံ ဘဝမှ ရုန်းထွက်ခဲ့ပြီး သတ္တဝါတွေကိုလည်း ဤတရားသုံးပါး၏ အချုယ်အလှယ်ခံဘဝမှ လွတ်မြောက်ကြစေရန် ကြိုးစားတော်မူခဲ့သည်။ နည်းလမ်းကို ညွှန်ပြတော်မူခဲ့သည်။

ထို့ကြောင့်လည်း ကျွန်ုပ်တို့ ဗုဒ္ဓဝါဒီများအတွက် အောင်ပွဲမှ အောင်ပွဲသို့ ကူးမြောက်ရန်အချိန်တန်ပြီဖြစ်ကြောင်း အလှန့်အလှန် လိုအပ်နေကြောင်း ကျွန်ုပ် ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ ဗုဒ္ဓဝါဒီများသည် အနှောင်အဖွဲ့ မလွတ်သေးသော

အောင်ပွဲများကို ရရှိနေရုံမျှဖြင့် ကျေနပ်အားရ တင်းတိမ်၍ မနေသင့်ကြသေးချေ။

ဗုဒ္ဓ၏ အလိုအရဆိုသော် အနှောင်အဖွဲ့ လွတ်သော အောင်ပွဲသည်သာလျှင် တကယ့်အောင်ပွဲ ဖြစ်ပါသည်။

ဗုဒ္ဓ၏ အလိုကျဖြစ်သော တကယ့်အောင်ပွဲအတွက် ကျွန်ုပ်တို့ အချိန်ရှိခိုက် လုံ့လစိုက်ပြီး အားသစ်မာန်သစ် လူသစ် စိတ်သစ်ဖြင့် ရှေ့သို့ တိုးကြရပါဦးမည်။

"ဘိုးသူတော် ကျပ်တလုံးဖြင့် ညောင်ညိုကုန်းမှာ အိပ်ပျော်နေတုန်း" ဆိုသော ပုံမျိုးတော့ မဖြစ်သင့်ကြချေ။ အခွင့်သာတုန်း ရုံးကြရပါဦးမည်။ အခွင့်သာခိုက် လိုက်ကြရပါဦးမည်။ လယ်တီဆရာတော်ဘုရားကြီး၏

"ခွင့်သာတုန်းမှ မရုံးချင်လျှင် အရှုံးနှင့်ပြင်ရှိသေးလိမ့်လား အခွင့်သာခိုက်မှ မလိုက်ခြင်လျှင်၊ အမိုက်နှင့်ပြင် ရှိသေးလိမ့်လား" ဆိုသော ဆုမ္မသြဝါဒကဲ့သို့ အခွင့်သာတုန်း မရုံးကြပါလျှင် ကျွန်ုပ်တို့ထက် မိုက်သောသူများ ရှိပါဦးမည်လော။ အခွင့်သာတုန်း မရုံးမိကြပါလျှင် အခွင့်သာခိုက် မလိုက်မိကြပါလျှင် အရှုံးသံသရာ အမိုက်သံသရာ ရှည်လျှားနေကြပါလေဦးမည်။အရှုံးသံသရာ ရပ်ဘို့ဆိုသည်မှာ ကိုယ့်အားကို ကိုယ်ကိုးမှသာလျှင် ဖြစ်နိုင်သည်။ ကိုယ့်ကိုယ်ကို ဆုံးမရမည်၊ ကိုယ့်ကိုယ်ကို သနားမှသာလျှင်ဖြစ်သည်။ ကိုယ့်ကိုယ်ကို မသနားလျှင် ကိုယ်ဘဲခံရမည်။

ထို့ကြောင့် ထွဋ္ဌခေါင်ဆရာတော်က—

နှင့်ကိုနင်အား၊ နင်မသနား၊ နင်မှားချာတော့သည်

နှင်မဆုံးမ၊ နှင့်တာပ၊ ဘယ်ကခံလိမ့်မည်
ဒါနသီလာ၊ ဘာဝနာ၊ နှင်သာပြုသင့်သည်
အရတော်စွ၊ သည်ဘဝ၊ လှလှကျင့်ထိုက်ပြီ၊ ဟု ဆုမ္မတော်မူခဲ့ပါသည်။

ဝဋ်သံသရာ စက်ယန္တရားကို ကိုယ်ကိုယ်တိုင်ဖျက်ဆီးနိုင်ရမည် ဖြစ်သည်။ ဗုဒ္ဓ ကိုယ်တော်တိုင် ကျွန်ုပ်တို့ကို ဝဋ်ဒုက္ခယန္တရား လည်ပတ်မှုရပ်သွားအောင် လုပ်မပေးနိုင်ပေ။

ဗုဒ္ဓကိုယ်တော်တိုင်ကလည်း ချစ်သား ချစ်သမီး အေးအေးသာ နေကြလော့၊ သင်တို့ကို နိဗ္ဗာန်သို့ မရောက် ရောက်အောင် ငါဘုရား ကယ်တင်တော်မူမည်ဟု ဘယ်တုံးကမှ ဟောတော်မမူခဲ့ပေ။ ဗုဒ္ဓဟူသည် ဤလမ်း ဤစခမ်း အတိုင်း သွားလျှင် ဤသို့ဤပုံဖြစ်မည်။ ဤ အလုပ်ကို လုပ်လျှင် ဤအကျိုးကို ရလိမ့်မည်စသည်ဖြင့် ခရီးလမ်းညွှန်ပြသူသာဖြစ်သည်။ လမ်းမှန်လိုက်ရန်ကိုသာ တိုက်တွန်းတော်မူသည့် ပုဂ္ဂိုလ်ဖြစ်သည်။

ဤသဘောကို ကျွန်ုပ်တို့ အထူးသတိထားရမည်ဖြစ်၏။ ဤသဘောကို မသုံးသပ်နိုင်ဘဲ မြတ်စွာဘုရား တပည့်တော်ကိုဝဋ်ဆင်းရဲမှ ကင်းလွတ်ရန် စောင့်ရှောက်တော်မူပါဘုရား၊ ကယ်တော်မူပါဘုရား၊စသည်ဖြင့် ဆီမန်းမန်းသလို တတွတ်

တွတ်နှင့်တွတ်ထိုးရုံနှင့်ဝဋ်ဆင်းရဲမှ လွတ်မြောက်
သွားလိမ့်မည် မဟုတ်ချေ။

ကျွန်ုပ်တို့ ငယ်စဉ်က အပေါင်းအဖော် များ
စွာနှင့် လမ်းဆုံထွက်၍ ကစားဘူးသည်။

လမင်းကြီးကလည်း လင်းထိန်နေသည်။ သူ၏ သဘာဝ ရောင်ခြည်ဖြင့် လောကကြီးကို သာယာ ကြည်နူးစေခဲ့သည်။ ပြာသော ကောင်းကင်နောက်ခံနှင့် လင်းကြီး၏ ကြက်သရေကို ကျွန်ုပ်တို့ ကလေးများကြည့်၍ အားမရကြပေ။ ကျွန်ုပ်တို့ ကစားဖော် ကလေးတစုသည် လမင်းကြီးကိုကြည့်၍

"ဖိုးလမင်းကြီးရေ ရွှေလင်ပန်းနှင့် ထမင်းဆီဆမ်းပေးပါ" ဟု ပါးစပ်ကို လက်ဝါးနှင့် ပိတ်ခါဖွင့်ခါ ဝါ-ဝါ-ဝါနှင့် အော်ဟစ်ခါ တောင်းကြသည်။ ရလိမ့်နိုးနိုး ပေးလိမ့်နိုးနိုး ဆိုပါဘော့။

သို့ရာတွင် အချိန်တန်၍ အိမ်သာပြန်ကြရသည် ဘာထမင်း ဆီဆမ်းမှလည်း မစားခဲ့ရ၊ မြှော်လင့်သလိုလည်း ဘာမှ မဖြစ်ခဲ့ချေ။

ဤ ဥပမာကဲ့သို့ ကျွန်ုပ်သည် ဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် တနည်းအားဖြင့် ဝဋ်ယန္တရားကြီးကို ဖြတ်တောက်ရန် ဆီမန်းမန်းသလို တတွတ်တွတ်နှင့် တွတ်ထိုးခါ ဆုတောင်းနေရုံမျှနှင့် ကျွန်ုပ်တို့ ငယ်စဉ်ကလေးဘဝက ရွှေလင်ပန်းနှင့် ထမင်းဆီဆမ်း တောင်းသလိုသာ ဖြစ်ကြပါမည်။

"ဟဲ့ ကောင်မ ဝမ်းဆဲကြီးလဲအားမကိုးနဲ့ ကိုယ့်ဟာကိုယ်လဲ ဟိုဒင်းပြုအုံး....."ဆိုသော အရပ်သုံး ဥပမာ စကားကဲ့သို့ ကျွန်ုပ်

တို့ကိုယ်တိုင်လည်း ကိုယ့်အားကို ကိုးပြီး လွတ်မြောက်အောင် ကျင့်ကြံအားထုတ်မှ ဖြစ်သည်၊ သူများကိုချည်း အားကိုးနေ၍ မဖြစ်ချေ ဘာမဆို တန်ရာတန်ကြေးတော့ ပေးကြရသည်၊ ကျွန်ုပ်တို့သည် တရာတန်သောပစ္စည်းကို တကျပ်ပေးရုံနှင့် ရလိမ့်မည် မဟုတ်ချေ၊ တကျပ်ပေးလျှင် တကျပ်တန် ပစ္စည်းကိုသာ ရမည်ဖြစ်သည်။

ဆိုလိုသည်မှာ ဝဋ္ဋဒုက္ခမှ လွတ်ရေး ကျွတ်ရေးဖြစ်ချင်လျှင် ဝဋ္ဋဒုက္ခမှ လွတ်ရေး ကျွတ်ရေး လမ်းစဉ်ကို လိုက်မှ လွတ်ရေး ကျွတ်ရေး အလုပ်ကိုလုပ်မှ လွတ်မည် ကျွတ်မည် တနည်းအားဖြင့် အောင်ပွဲသို့ ကူးနိုင်ပါမည်၊ လူဆိုး သူခိုးတို့၏ ဝိုင်းရံထားခြင်းကို ခံရသော လူတယောက်သည်၊ ပြေးပေါက် ပြေးလမ်း လွတ်စရာစခမ်းရှိပါလျက် ဖမ်းမိခံရသည်ဆိုသော် လမ်းအတွက် တာဝန်မဟုတ်ပေ၊ လမ်းအတွက် အပြစ်မဟုတ်ပေ၊ ထိုလူ ကိုယ်တိုင် ထွက်မပြေးသောကြောင့်သာ ဖြစ်သည်။

ထိုလူမှာသာ အပြစ်ရှိပါသည်၊ ထိုဥပမာ ကဲ့သို့ပင် ကျွန်ုပ်တို့ မလွတ်နိုင် မကျွတ်နိုင် ဖြစ်နေကြသည်မှာ နည်းပေးလမ်းပြ မရှိကြ၍လည်း မဟုတ်ပေ၊ နည်းမှန်လမ်းမှန် မူဝါဒလမ်းစဉ်မရှိကြ၍လည်း မဟုတ်ပေ။

ဤသို့ဆိုသော်.... ဗုဒ္ဓ၏ တာဝန်မရှိတော့ပါပေ၊ ကျွန်ုပ်တို့၏ ချို့ယွင်းချက်သာလျှင် လယ်ပြင်ဆင်သွားသကဲ့သို့ ထင်ရှားလှပေတော့သည်၊ ဗုဒ္ဓကလည်း....

အတ္တာဟိ အတ္တနော နာထော....မိမိကိုယ်သာအားကိုးကြ

ကောဟိနာထော ပရောသိယာ....သူတပါးကို အားမကိုးရာ

အတ္တနာဟိ သုဒန္တေန ကိုယ်တိုင်ကြိုးစားခြင်းဖြင့်
နာထံ လဘတိဒုလ္လဘံ....ချမ်းသာသုခ ပြည်စုံနိုင်သည်။ ဟု ဓမ္မပဒ ပါဠိတော်တွင် ဟောတော်မူခဲ့သည်။ ထို့ပြင်....

"အတ္တဒီပါ ဝိဟရထ၊ အတ္တသရဏာ၊အနညသရဏာ" ကိုယ့်ကိုယ်ကို မှီခိုရာ ကျွန်းကြီးသဘွယ် သဘောထားလျက်၊ အားကိုးပြုနေကြသူတပါးကို မှီခိုအားထား မနေကြနဲ့ ဟု သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာန သုတ်တွင်လည်း ဟောတော်မူခဲ့ပေသည်။

ထို့ကြောင့် ကျွန်ုပ်တို့ ကိုယ့်ကိုယ်ကို အားကိုး အားထားပြုရမည်မှာ ယုံမှားသံသယ ဖြစ်စရာ မလိုတော့ပေ။

ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကို အားကိုး၍ ခန္ဓာ၏ ဒုက္ခ အစစ်အမှန်ကို သိရှိကြရန် အားထုတ်ကြရမည် ဖြစ်ပါသည်၊ ခန္ဓာ၏ ဒုက္ခ အစစ်အမှန်ကို သိမှသာလျှင် ကျွန်ုပ်တို့ အောင်ပွဲသို့ ကူးနိုင်ကြပါမည်၊ ကူးခြင်စိတ်လည်း ရှိပါမည်၊ ခန္ဓာသည် ကျွန်ုပ်တို့ ဖြစ်စေချင်သလို သုခ မဟုတ်ပါပေ။

ဒုက္ခတို့ဖြင့် ပြည့်နှက်လျက်ရှိသော ဝန်ထုပ်ဝန်ပိုးကြီး ဒုက္ခတုံး ဒုက္ခခဲကြီးသာတည်း။

မှန်ပါသည်၊ ဗုဒ္ဓကလည်း "ဘာရာဟဝေ ပဉ္စက္ခန္ဓာ" ခန္ဓာ

၅ ပါးသည် စင်စစ် ဝန်ထုပ်ဝန်ပိုးကြီးသာတည်း”ဟု ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် ဘာရသုတ်တွင် ဟောတော်မူခဲ့ပါသည်။

ကျွန်ုပ်တို့သည် အလွန်လေးလံလှသော ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းပိုးသယ်ဆောင်ထားရသော်လည်း လေးလံလှသည်ဟု မမြင်ကြချေ။

“နတ္ထိ ခန္ဓသမာ ဒုက္ခာ” ခန္ဓာနှင့် တူသော ဆင်းရဲသည် မရှိ”ဟု ဓမ္မပဒ ပါဠိတော်တွင် ဟောတော်မူခဲ့သော်လည်း ဆင်းရဲသည်ဟု ကျွန်ုပ်တို့ မထင်မြင်ကြချေ။

ကျွန်ုပ်တို့ အလိုမရှိသော ဆင်းရဲဒုက္ခမှန်သမျှသည် ခန္ဓာမှ ပေါက်ဖွားလာကြခြင်းပင်ဖြစ်သည်၊ ခန္ဓာသာမရှိလျှင် ဆင်းရဲဒုက္ခဟူသည်လည်း တွေ့ကြုံခံစားဘွယ်ရှိတော့မည်မဟုတ်ပေ။

ကျွန်ုပ်တို့သည် ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊ ဆံဖြူ သွားကျိုး မျက်စိသိဝေ သွားရေယိုယွင်း အိုမင်းခြင်း ဆင်းရဲ၊ မချစ်ခင် မကြင်နာ မမြတ်နိုးသော ပုဂ္ဂိုလ်တို့နှင့် ယှဉ်တွဲ ပေါင်းဖေါ် ဆက်ဆံနေထိုင်ရခြင်း ဆင်းရဲ၊ ချစ်လို့ ခင်လို့ မင်လို့ ကြင်လို့ ကျွမ်းလိုသောသူတို့နှင့် ရှောင်လွဲဇကွကွင်းနေထိုင်ရခြင်း ဆင်းရဲ၊ ရတာမလို လိုတာမရလို့ မှိုင်တွေငေါင်ငေး ပူဆွေးရခြင်း ဆင်းရဲ အမျိုးမျိုးတို့ကို တွေ့ကြုံခံစားကြရပါသည်၊ မည်သူမျှ ရှောင်လွဲ၍ မရကြပါ။

မြေပြင်, ရေပြင်, လေပြင်, ဝေဟင်, ဥမင်လိုဏ်ခေါင်း အပေါင်းမကျန်, မတွေ့လိုကြောင်း ပုန်းအောင်းသော်မှ မလွတ်ကြချေ။

ဤမျှ ဗရုတ်ကျသော ဒုက္ခမှန်သမျှသည် အခြေခံမမှ ရှာ၍ အဖြေမှန်ကျကျ အကျဉ်းသားရုပ် ထုတ်ချေသော် ဥပါဒါနက္ခန္ဓာ ၅ ပါးသာလျှင် ဖြစ်ပါတော့သည်။

ထို့ကြောင့် ကျွန်ုပ်တို့ ဗုဒ္ဓသည် ပဥ္စဝဂ္ဂီတို့အား မဟာဝဂ္ဂ သံယုတ် ပါဠိတော် သစ္စသံယုတ်၊ ဓမ္မစက္ကပ္ပဝတ္တနဝဂ်၊ ဓမ္မစက္ကပ္ပဝတ္တနသုတ်၊ ဝိနည်းမဟာဝါ ပါဠိတော်၊မဟာခန္ဓက၊ ပဥ္စဝဂ္ဂိယ ကထာ၌....

"ဣဒံခေါပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊ မရဏံပိဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ နလဘတိ၊ တမ္ပိဒုက္ခံ၊ သံခိတ္တေနပဥ္စုပါဒါနက္ခန္ဓာဒုက္ခာ" ဟု ဟောတော်မူခဲ့သည် မဟုတ်တုံလော။

ကျွန်ုပ်တို့၏ ခန္ဓာသည် "လောကဓံ မကင်း၍ ဖြဟ္မာမင်း ဖြစ်တုန်းက လျှပ်စစ်ကိုယ်ရောင် တပြောင်ပြောင် တလက်လက်၊ ဝက်ဖြစ်တော့ တအွတ်အွတ်၊ မြင့်မိုရ်ထိပ်ဖျား၌ သိကြားမင်း ဖြစ်တုန်းက နတ်ဘုရင်၊ လူ့ပြည်တွင် လူတိုက် မောဟိုက်၍ တရှုရှု။

ချောတဲ့ဘဝ ချော၊ ကြမ်းတဲ့ဘဝ ကြမ်း၊ ဘရမ်းဘတာ ကြောက်စရာ့ သံသရာ၊ ရေမှာကျက်စား၊ ကောင်းကင်မှာကျက် စား၊ ငါးဖြစ်တို့၊ သားဖြစ်တို့၊ ကြုံရသည်အကြိမ်ကြိမ်။

ရှိန်တခါ မှိန်တခါ၊ တောက်တခါ မှေးတခါ၊ အောက်မှာ နရက်၊ အထက်မှာဘဝဂ်၊ ကြွက်ကြွက်ဆူ ဗလဘော့၊ ရှုတ်၍သာနေ ချော့၊ သေလို့လည်း မဆုံး၊ နာလို့လည်း မဆုံး၊ ဓလှည့်သည့် သစ်

တုန်းကဲ့သို့၊ ဆုံးမမြင်စမမြင်၊ စက်ရှင်ယန္တယား၊ချာလည်ပတ်တဲ့ ရဟတ်ချား၊ ဆုံလည်သည့် နွားကဲ့သို့ ငါးပါးသော ဂတိဖြင့် တယိုယိုပင်ပန်း(ညောင်ပင်သာဦးပုည) လူခန်း၊နတ်ခန်း၊ ခွေး ခန်း၊ဝက်ခန်း စခမ်းစုံလင်စွာ က,ပြ အသုံးတော်ခံရပေသည်။

ထိုကဲ့သို့သော အခန်းကဏ္ဍပြောက်များစွာတို့သည် သုခခန်း မပါ၊ ဒုက္ခခန်းချည်းပင်ဖြစ်ပေသည်။ သုခဟူသည် မှုမျှမကွက် အဆက်ဆက်၌ သက်သက်ဒုက္ခချည်းပါတကား။ တလောကလုံး ပြောပလို့မဆုံးလောက်အောင် ဒုက္ခအစုအဝေးကြီးသာဖြစ်ပေါ် နေသည်။ဒုက္ခတုံးကြီးသာတည်တန့်နေသည်။ချုပ်ငြိမ်း ပျက်စီး သွားပြန်တော့လည်း ဒုက္ခအစုအဝေးကြီးသာ ချုပ်ငြိမ်းပျက်စီး သွားပေသည်။

ထို့ကြောင့် သဂါထာဝဂ္ဂ သံယုတ် ပါဠိတော် ဘိက္ခုနီ သံယုတ်၊ဝဇိရာသုတ်၌၊ ဝဇိရာထေရီမ,က မာရ်နတ်ကို....

"ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိစ၊

နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။

အို....မာရ်နတ်....ထိုစကားသည် မှန်သည်သာတည်း။ ခန္ဓာ ၅ ပါးဟုဆိုအပ်သော ဓမ္မသဘာဝ ဒုက္ခအစုသာလျှင် ဖြစ်ပေါ် ၏။ ဒုက္ခသည်သာလျှင်တည်ရှိ၏။ ခန္ဓာ ၅ ပါးတည်းဟူသော ဆင်းရဲမှ တပါးတပါးခြားသည် မဖြစ်၊ ခန္ဓာ ၅ ပါးတည်းဟူသော ဒုက္ခမှ တပါးသောတရားသည် မချုပ်ငြိမ်း။ ခန္ဓာတည်းဟူသော ဒုက္ခသည်သာလျှင် ချုပ်ငြိမ်း၏....ဟု ပြောကြားခဲ့ပေသည်။

ကျွန်ုပ်တို့သည် ခန္ဓာ၏အပြစ်အနာဆာ ဒုက္ခတည်းဟူသော ဘေးဘယာကို မထင်မြင်ဘဲဖြစ်နေကြသည်မှာ၊ ခန္ဓာ၏ အပြစ်

အနာအဆာဒုက္ခတည်းဟူသော ဘေးဘယာကို လက်တွေ့ မရှာကြသေး၍လည်းဖြစ်သည်။

ခန္ဓာ၏အဖြစ်ကိုမမြင်၍ ချစ်ချင်ကြသည်မဟုတ်လား၊ မသိကြလို့တွယ်တာသည်။ သိကြလျှင် ပြယ်ပါမည်။ မသိလျှင်ဘော့ဘေးများသည်။ သိလျှင်တော့ အေးသွားမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ခန္ဓာ၏အဖြစ်အနာအဆာကို၊ ခန္ဓာမှာ ရှာကြရန် ဖြစ်ပါသည်။ "တရားရှာ ကိုယ်မှာတွေ့သည်" ဟု ဆိုရိုး စကား ရှိပါ၏။

ကျွန်ုပ်တို့၏ဗုဒ္ဓကလည်း....

"အပိစာဟံ အာဝုသော ဣမသ္မိံယေဝ ဗျာမ မတ္တေ ကဠေဝရေ သသညမှိ၊ သမနကေ၊ လောကဉ္စ ပညာပေမိ၊ လောက သမုဒယဉ္စ၊ လောက နိရောဓဉ္စ၊ လောကနိရောဓ ဂါမိနိဉ္စ ပဋိပဒန္တိ"

"အို....နတ်သား၊လောကသည်ရင်း၊လောက ဖြစ်ကြောင်းသည်ရင်း၊ လောက၏ ချုပ်ရာ နိဗ္ဗာန်သည်ရင်း၊ နိဗ္ဗာန်သို့ ရောက် ကြောင်း လမ်းစဉ်သည်ရင်း၊တလံမျှ ရှည်လျားသော ဤ ခန္ဓာကိုယ် အတွင်း၌သာ ရှိသည်ဟု ငါဘုရား ဟောတော်မူ၏" ဟု ရောဟိတ နတ်သားကို၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ရောဟိတ ဒေဝ ပုတ္တသုတ်၊ အင်္ဂုတ္တရပါဠိ၊စတုက္ကနိပါတ၊ ရောဟိ

တဿဝဂ်၊ ရောဟိတဿသုတ်တို့၌ဟောတော်မူခဲ့
ပါသည်။

ထို့ပြင် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ခန္ဓသံယုတ် ဓမ္မကထိက ဝဂ်၊ သီလဝန္တသုတ်တွင် အရှင်ကောဋ္ဌိကမေး၍—အရှင် သာရိပုတ္တရာက-

"သီလဝတာဝုသော ကောဋ္ဌိက ဘိက္ခုနာ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော(ပ)သောတာပတ္တိဖလံ သစ္ဆိကရေယျ"

"ငါ့ရှင် ကောဋ္ဌိက သီလနှင့် ပြည့်စုံသော ရဟန်းသည် ဥပါဒါနက္ခန္ဓာ ၅ ပါးတို့ကို အနိစ္စ ဒုက္ခ မမြဲဆင်းရဲ စသည်ဖြင့် နည်းမှန်လမ်းမှန် ရှုမြင်သုံးသပ်လျှင် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ရန် အကြောင်းရှိပေ၏"

စသည်ဖြင့် ဖြေကြားသော တရားဒေသနာတော်ကလည်း တရားရှာလိုသူတိုင်းအား တိတိကျကျ ညွှန်ကြားပြသလျက်ရှိပေသည်။

ထို့ကြောင့်လည်း တရားရှာလိုသူတိုင်း အောင်ပွဲသို့ ကူးလိုသူတိုင်း ခန္ဓာမှတပါး တခြားရှာဖွေစရာမလိုပေ။

ဤတွင် ခန္ဓာမှာ အပြစ်ရှာ၍ အနှစ်ဗလာ ချစ်စရာ မတွေ့သဖြင့် ပြစ်ခွာကာ အောင်ပွဲသို့ ကူးမြောက်ခဲ့သော ဓမ္မပဒအဋ္ဌကထာ့ဇရာဝဂ်လာ့ ဇနပဒကလျာဏီခေါ် ရူပနန္ဒာထေရီမ၏ ဇာတ်လမ်းမှတ်တမ်းကို နိဂုံးချုပ်အားဖြင့် တင်ပြလိုပါသည်။ ဇနပဒကလျာဏီသည် မောင်တော်နန္ဒမင်းသား အပါအဝင် ဆွေတော်မျိုးတော်တွေ ရဟန်းပြုသွားကြသဖြင့် ရောယောင်

ပြီး ရဟန်းပြုလာသူဖြစ်သည်။ သဒ္ဓါတရားဖြင့် ရဟန်းပြုလာသူ တော့ မဟုတ်ချေ။

ဘိက္ခုနီမ ပတ်ဝန်းကျင်မှာတော့ အယဉ်အလှတွင် တသိမ့်မြူးပြီး တိမ်ဦးမှ ပေါ်လာသည့် သော်တာလဝန်းလို အလှသွေးကြွယ်ဝသူမို့ "မရူပနန္ဒာ"ဟု ထင်ရှား ရေပန်းစားလှသည်။ သူ့နာမည်ခေါ်လိုက်ရုံနှင့် ရုပ်ဆိုးအကျည်းတန် ဘိက္ခုနီမများပင် အချောအလှ စာရင်းထဲ ဝင်သွားရလေပြီဟုပင် ထင်မှားလောက်အောင် ချောသည်၊ လှသည်၊ ယဉ်သည်၊ နုသည်၊ ချောလွန်း လှလွန်းသတောက် လှဂုဏ်မောက်သည်။ လှမာန်ဝင့်သည်။

လောကနီတိဆရာက ဣတ္ထိကဏ္ဍတွင်—

ဣတ္ထိနဉ္စဓနံရူပံ၊ ပုရိသာနံ ရိဇ္ဇာဓနံ

ဘိက္ခုနဉ္စ ဓနံသီလံ၊ ရာဇာနဉ္စဓနံဗလံ၊ ဟု မိန့်ဆိုသည်။

ထိုအဆိုကို လောကနီတိ ပျို့ဆရာက

"ထိုမှတခြား၊ မိန်းမများဝယ်၊ ရင်းပွားဥစ္စာ၊အဆင်းသာတည့်၊ ပြင်လျာကျိုင်းထွား၊ ယောကျ်ားဥစ္စာ၊ တတ်ပညာတည့်၊ သင်္ဃာရဟန်း၊ မည်မှန်းဥစ္စာ၊ သီလသာတည့်၊ ရာဇာမင်းကျော်၊ ဥစ္စာတော်ကား ရဲဘော်ဆင်မြင်း၊ ကျွန်သင်းပင်းတည့်" ဟု ဖွဲ့ဆို သီကုံးသည်။

ထို့ပြင် "ဘရိယာနံ ရူပဝတီ"ဟူသော အဆိုကို "မယားတို့ဝယ်၊ တင့်တယ်ဆင်းပြင်၊ ရုပ်သွင်မှူရှု၊ လှသည်သူသာ၊ မြတ်တိုပါ၏" ဟု ဖွဲ့ဆိုသီကုံးသည်။ ထိုစကားများကို ကောက်ချက်ချကြည့်သော်

(၁) မိန်းမတို့၏ ဥစ္စာပစ္စည်းကား၊ ရုပ်ဆင်းလှပခြင်း
(၂) ယောကျ်ားတို့၏ ဥစ္စာပစ္စည်းကား အတတ်ပညာ
(၃) ရဟန်းတို့၏ ဥစ္စာပစ္စည်းကား အကျင့်သီလ
(၄) မင်းတို့၏ ဥစ္စာပစ္စည်းကား ရဲမက်ဗိုလ်ပါ အင်အား
(၅) မယားတွင် ရုပ်သွင်ချောမောသောမိန်းမသည်အမြတ်ဆုံးဟူသော အဖြေများထွက်လာသည်။

လောကနီတိ ဆရာက ဤ၅ဤမျှ အလှအပကို ချီးကြူးမြှောက်စား အမွန်းတင်ထားခဲ့သည်ဖြစ်ရာ မရူပနန္ဒာအဘို့ အလှရတနာ ကိုယ်ပိုင်ဥစ္စာမို့ မာန်တက်မိသည်မှာ အဆိုးတော့မဆိုသာ။ လှဂုဏ်မောက်ပေလိမ့်မည်၊ မာန်ဝင့်ပေလိမ့်မည်။

သို့ရာတွင် မရူပသည် အဆင်းမာန်ဝင့်ရှိဖြင့် အားရကျေနပ်မှု မရှိသေးဘဲ ဗုဒ္ဓကိုတောင် ရန်သူလို သဘောထားခဲ့သည်။

ဗုဒ္ဓသည် ခန္ဓာကို အနိစ္စ ဒုက္ခ အနတ္တ အသုဘ စသည်ဖြင့် အပြစ်မြင် ငြီးငွေ့အောင် ဟောတော်မူသည်။ ခန္ဓာအပြစ်ဟောသူကို ခန္ဓာချစ်သူက ဘယ်သောအခါမှ ကျေနပ်လိမ့်မည်မဟုတ်ပေ။ ဟုတ်တာဆို နာလိုခံခက် သဘောမျိုး ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ဗုဒ္ဓနှင့်အတွေ့မခံဘဲ အမြဲတစေ တိမ်းရှောင်နေခဲ့သည်။ တနေ့တော့ အကြောင်းကတိုက်ဆိုင်လာသည်။ အခြားမဟုတ်။

ဗုဒ္ဓ၏ဂုဏ်တော်များသာ အတူနေ ဘိက္ခုနီမများထံမှုရင်း၊ ဥပုသ်သည် တကာမများထံမှုရင်း၊ ဗုဒ္ဓ၏ လက္ခဏာတော်ကြီး လက္ခဏာငယ်တို့ဖြင့် လွန်စွာ သပ္ပါယ်လှသော ရူပ ပမာဏိက

ဂုဏ်တော် အသံတော်တည်းဟူသော ဃောသပမာဏိက ဂုဏ်တော် ခြိုးခြံချွေတာခြင်း လူခပမာဏိကဂုဏ်တော် သီလသမာဓိ ပညာဘည်းဟူသော ဓမ္မပမာဏိကဂုဏ်တော်တို့ကို ချီးကျူး ထောပနာသံ ကြားရဖန်များသောအခါ ဗုဒ္ဓကို ဖူးတွေ့လိုစိတ် တွေ ဖြစ်ပေါ်လာရသည်။

ဤသို့ဖြင့် ဗုဒ္ဓထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားခဲ့သည်။ ဗုဒ္ဓကလည်း ဉာဏ်ကြီးရှင်ပီပီ—ခန္ဓာချစ်သူကို ခန္ဓာအပြစ်မြင် အောင် ပထမဦးစွာ ငါးပွက်ရာ ငါးစာချ၍ တဖြည်းဖြည်း ဆွဲ ယူသည်၊ သိမ်းသွင်းသည်။

ဗုဒ္ဓသည် နိမြန်းသော ဝတ်စားတန်ဆာတို့ဖြင့် ပုတီးနား ဋ္ဌောင်း လက်ကောက် လက်စွပ် စသော အခြယ်အလှယ် အမွမ်း အမံတို့အပြင် နုပျိုလန်းဆန်း ပွင့်သစ်စပန်းကဲ့သို့သော ဆယ့် ခြောက်နှစ်ရွယ် အမျိုးသမီးငယ်ကို ယပ်ခပ်နေဟန် ဖန်ဆင်း တော်မူလိုက်သည်။

အမျိုးသမီးငယ်သည် "ဥဒေါင်းရင်လား၊ သားလိုးခေးသို့၊ အဖျားကော့တွန့်၊ ဖြန့်သော်လွန့်တက်၊ မည်းနက်ကျောလှ၊ ကေ သာစသား၊ မံသအဠိ၊ ဆဝိဝယ၊ ကလျာဏဟု၊ ဤမျှအပြား၊ အင်ငါးပါးနှင့်" ဟူသော ဘူရိဒတ် ဇာတ်ပေါင်းမျိုလာ အ တိုင်း....

ဆံပင်၏ကောင်းခြင်း၊ အသားအရေ၏ကောင်းခြင်း၊ အရိုး ၏ကောင်းခြင်း၊ အရေ၏ကောင်းခြင်း၊ အရွယ်ကောင်းခြင်းဟု ဆိုအပ်သော ကောင်းခြင်းငါးဖြာနှင့်လည်း ပြည့်စုံဘိသည်။ အမျိုးသမီးငယ်၏ ဖွံ့ဖြိုးသော ခန္ဓာကိုယ်ပင်စည်ဝယ် ကြည့်မြင်

ရသူတိုင်း၏ ရင်ခုန်ဘွယ်ရာ အလှပန်းမှုံတို့ စုံစုံငုံငုံ ဂုဏ်ဝင့် တင့်တယ် ဖူးပွင့်ကြွယ်နေသည်။ အမျိုးသမီးငယ်၏ အလှအပ အနုအယဉ် အချောကို မရှုပ မအံ့သြ မချီးကျူးဘဲ မနေနိုင်တော့ချေ....။

ဪ....ရွှေပန်းချီမရေးနိုင်လို့ ငေးမှိုင်ရသည် ဆိုသည်မှာ ဒါမျိုးဘဲ ဖြစ်လေရော့သလား၊ မရှုပ၏ မျက်လုံး အစုံသည် အမျိုးသမီးငယ်၏ထံပါးမှ ခွာမဖြစ်၊ ရစ်ကာ သီကာ ဝေ့ကာ ဝိုက်ကာ ဖြစ်နေသလို၊ စိတ်ကလည်း မခွဲရက်၊ သိပ်ခက်နေရသည် ပါလေ။ မရှုပအဘို့ "ရေငတ်သူ-ရေတွင်းထဲကျ" "အချိုရှာ သကာတွေ့နေရသည်ပါလေ" ဉာဏ်ကြီးရှင် ဗုဒ္ဓ၏ ငါးပွက်ရာ ငါးစာချမှုသည် ထိရောက်လှပေသည် တကား။

အချိုကြိုက်သူ အချိုကျွေး။ အချဉ်ကြိုက်သူ အချဉ်ပေး၊ အစပ်ကြိုက်သူ အစပ်လွေးကရော့၊ မှတ်လောက်သောဥပဒေမှာ အတုလည်း ယူထိုက်၊ နှစ်လည်း နှစ်ချိုက်စရာပါပေ။ ကွက်ကျော် မြင်တတ်သော ကျွန်ုပ်တို့၏ ဗုဒ္ဓသည် မရှုပ၏ အရိပ်အကဲကို သုံးသပ်တော်မူလိုက်သည်။ "ရွှေရိပ်, ငွေရိပ်, လေရိပ်, မိုးရိပ်ထက် လူရိပ်ကို အလွန်တရာသိရခဲသည်" ဟု ကျည်းကန်ရှင်ကြီးက ဆိုဘူးသည်။

ကျွန်ုပ်တို့လို သာမညပုဂ္ဂိုလ်တွေအဘို့တော့မှန်သည်။ သိပ်ကို မှန်ပါသည် သို့သော်....ဗုဒ္ဓ အတွက်တော့ ဤ စကားများသည် ရီစရာ ပျက်လုံး တခုနှယ်ပါလေ။

ဗုဒ္ဓသည် မရှုပ၏အရိပ်အကဲကိုဖမ်းထောက်၍၊ ဆယ့်ခြောက်

နှစ် အရွယ် အမျိုးသမီးငယ်ကို၊အသက်နှစ်ဆယ်အရွယ် ဖန်ဆင်းပြတော်မူလိုက်သည်။

သည်အခါ ကြိုက်မုန့်မဟုတ်ဘဲ၊မကြိုက်မုန့်ကိုရသောကလေးသူငယ်များ ပမာ၊ တနည်း ဆိုသော်....အပြောချို၊ အဆိုဟုတ် ရုပ်ချော အခြေသတင်းကြီးသည့် ခေါင်းဆောင် ရွှေမင်းသမီး ထွက်မလာဘဲ၊ အပြောမှာ တမာ၊ အဆိုမှာက လင်ကွင်းပဲ့ ပမာ ရုပ်ရည်က ကချလာ၊ က ရှာတော့ ပလပ်တတ်တတ် ရုပ်တတ်တတ်၊မဟုတ်မဟုတ် အချိုးမပြေ၊ အခြေသတင်း မမွှေးတဲ့ ရွှေမင်းသမီးလေးထွက်လာ၍ မကြည့်တတ် မကြည့်လို၊ စိတ်နောက်ကိုယ်နောက် တကိုယ်လုံး ဒေါင်းတောက်နေကြသော ရွှေပွဲလာပရိသတ်များ ပမာ၊ မရူပသည် ထို အမျိုးသမီးငယ် အပေါ် အချစ်နည်းနည်းလျော့သွားသည်။အကြိုက်နည်းနည်း ပေါ့သွားသည်။ လေးလေးပင်ပင်မရှိတော့။

ထို့နောက် ဗုဒ္ဓက၊ အရွယ်တော်တဆိတ်ဟိုင်းသည့်နှစ်ဆယ်ကျော် အစိတ်ပိုင်း အရွယ်....

ထိုမှတဆင့်... ကလေးတယောက်ရပြီးသား အရွယ်၊
ထိုမှတထွေး....ကလေးတကျိပ်ဖွားပြီး အရွယ်၊
ထို့ပြင်တရပ်....သွေးပြယ် ဟိုင်းသည့် လေးဆယ်ကျော်ပိုင်း အရွယ်၊
ထို့နောက်တခြား....ခြေသုံးချောင်းနှင့် သွားရသည့် ဇရာဖိစီး တညီးညီးညင်ညို အဖွားအိုအရွယ်၊
ထို့ပြင်တပါး....ဗျာဓိနှိပ်စက် အခံခက်၍၊ ပွက်ပွက် ညံ့ဟီး၊

အသံကြီးနှင့်ထန်သည်းပြင်းပြ၊ပစ်လဲကျပြီး၊
ကျင်ကြီးကျင်ငယ်ထဲ လူးလိမ့်နေရပုံ၊
ထို့ပြင် တဝ.... ဒုက္ခအနည်းနည်း၊ ခံစားပြီး၍၊ ဖြည်းဖြည်း
ငြိမ်ကုတ် ဇီဝိန်ချုပ်သွားရပုံ၊
ထို့ပြင်တမျိုး ကိုးပေါက်ဒွါရ၊ အမာဝမှ၊ယိုကျပြည်သွေး၊
ပုတ်ပွဆွေး၍၊ အရေးမလှသည့်ပုံ၊
ထို့နောက်တသီး....ကျီးနှင့်စွန်ရဲ၊ သဲသဲရုတ်ရုတ်၊ ထိုးသုတ်
ကိုက်ဖေါက်စားသောက်နေကြပုံ၊

ဤကဲ့သို့ ပုံမျိုးအထွေထွေကို၊တန်ခိုးတော်အခြေဖြင့် တကန့်ပြီး တကန့်၊ တသန့်ပြီး တသန့်၊ တခန်းပြီး တခန်း၊ တကွက်ပြီး တကွက်၊ ဆက်၍ဆက်၍ ရုပ်ရှင်ပြဘိ သကဲ့သို့ ဖန်ဆင်းပြတော်မူသည်။

အသံထွက်မပါတ်သော အသံတိတ်"ရုပ်ပုံဒေသနာ"ဟုလည်း ဆိုနိုင်ပါသည်။

မရူပသည် ထိုဒေသနာကို ကြည့်ရင်း နာရင်း ကြည့်ရင်း နာရင်း အမျိုးသမီးငယ်၏ လှယောင်,ချောယောင်, ယဉ်ယောင် နုယောင်, ခန္ဓာ အပုတ်ကောင်မှ၊ သည်....စကြာဝဠာတခွင်လုံး အလှဆုံး အချောအနိုတ်ဟု ထိပ်ထိပ်ကြဲ မာန်မာနတွေ ပိုကဲပြီး သဲကြီးမဲကြီး၊ အထင်ကြီးထင် အကြွားကြီးကြွား၊ ငါတကားဟု အမှားကြီးမှား "တံလျှပ်ကိုရေထင်-ရွှေသမင်" အလိုက်မှားခဲ့ ရသော မိမိ၏ ခန္ဓာအပုတ်ကောင်သို့" ဩော်....အလှဘုရင်ရယ် လို့ ငါထင်ခဲ့တဲ့မချောလေးဟာ၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သူ့စက်ကွင်းက မလွတ်ကင်းသလို၊ ငါလဲဘဲ ဒီစက်ကွင်း ဇွတ်

ဆင်းရမှာပါကလား၊ တာရှည်မမြဲ ဖေါက်လွဲတတ်စွာ ဤခန္ဓာသည် တဆိတ်ကမှ မအေးရသည့် အနိစ္စဘေးကြီးပါကလား။ ရောဂါ ဒါဏ် ဘေး၊ စုဝေး ညှဉ်းသတ်၊ ဒလစပ်နှင့်၊ စိတ်စက်မအေး၊ဒုက္ခဘေးကြီးပါကလား၊ အလိုမကြိုက်၊ အလိုက် မပါ၊ ဖြစ်ချင်ရာဖြစ်၊ ပျက်ချင်သလိုပျက်၊စေတိုင်းလည်းမပြီး၊တ တိုင်းလည်း အချိုးနှိုး အနတ္တ ဘေးဆိုကြီးပါကလား" ဟု ဘေးသုံးတန်ဖြင့် အဖန်ဖန်သုံးသပ်မိသည်။ဆင်ခြင်မိသည်။အတန်တန်ရှုမိသည်။ အပြန်ပြန်ပွားမိသည်။

ထိုအခါ မရှုပ၏ သဏ္ဍာန်ဝယ် ကြုံရဆုံရ ဘဲဘဝဟူသည်ကို ရဲရဲပြောင်ညီး မီးပုံကြီးကဲ့သို့ရင်း၊ လည်ပင်း၌ဆွဲအပ်သော အကောင်ပုတ်ကဲ့သို့ရင်း ထင်မြင်မိသည်။

မရှုပ၏ စိတ်သည် ကမ္မဋ္ဌာန်းသို့ တန်းတန်းမတ်မတ် တဒိုင်းဒိုင်းနှင့် ဒုန်းစိုင်းပြေးခဲ့လေပြီ။ ဤတွင် ဗုဒ္ဓက....

ကျင်ကြီး ကျင်ငယ် နှပ် တံထွေး သွေး ပြည် အစရှိသော အလီလီ မသာတီစက်ဆုတ်ဘွယ်တို့ အသွယ်သွယ်ယိုစီးပြီး၊ ကိုးဆယ့်ခြောက်သီး၊ အနည်းနည်းရောဂါ နှိပ်စက်ခါမှို့ နာကျင်မစဲသော ဤခန္ဓာပုတ်ကြီးကို၊ တမက်မောမော ရမက်ဇောဖြင့် သောသောလှုပ်လှုပ် အုတ်အုတ်သဲသဲ လူနာ အမဲခြောက်စွဲသလို တဝဲထဲဝဲ တဆွဲထဲဆွဲပြီးနေကြသူတွေဟာ လူမိုက်မဲတွေဘဲ။

သင့်ရှေ့မှာ အမျိုးသသီးငယ်ရဲ့ ခန္ဓာပုတ် ဆုတ်ယုတ် ပျက်စီးသွားသလို သင်ရဲ့ခန္ဓာ အတ္တဘောကလည်း လတ်တလော သေကြေပျက်စီးမည် အမှန်မလွဲ။

ဓါတ်သဘော အနေ အနှစ်အသားမလှုံကြတဲ့ သညာတ သဘောအနေ ရှုလေတော့ဆိုသည့် သဘောအဓိပ္ပါယ်ဖြင့်....

အာတုရံ အသုစိံ ပူတိံ၊ ပဿနန္ဒေ သမုဿယံ
ဥဂ္ဃရန္တံ၊ ပဃရန္တံ ဗာလာနံ အဘိပတ္ထိတံ။
ယထာဉ္စဒံ(ပ)ဥပသန္တော စရိဿတိ။ ဟူသော....

ဒေသနာကို ဟောတော်မူလျှင် သောတာပတ္တိဖိုလ်တည်သည်၊ ငထမအဆင့် အောင်မြင်သော်လည်း မဂ်သုံးဆင့် ကျန်ပေသေးသည်၊ ရှေ့သို့လှမ်းရပေဦးမည်၊ ထို့ကြောင့် ဗုဒ္ဓက....

အဋ္ဌီနံ နဂရံကတံ၊ မံသလောဟိတလေပနံ
ယတ္ထ ဇရာစ မစ္စုစ၊ မာနောမက္ခောစဩဟိတော။

"အရိုးတို့ကို အသား အသွေးတို့ဖြင့် လိမ်းကျံထားသည့် အတ္တဘောတည်း ဟူသော ခန္ဓာအိမ်ကို တဏှာယောကျ်ား လက်သမားက ဆောက်လုပ်ထား၏၊ ယင်း အတ္တဘောတည်း ဟူသော ခန္ဓာအိမ်၌ အိုခြင်းသေခြင်း၊ မာန်ထောင်လွှားခြင်း၊ သူ့ကျေးဇူးကို ချေဖျက်ခြင်းတွေ တည်နေကြ၏" ဟူသော ဓမ္မဒေသနာကို ဆက်လက်ဟောကြားတော်မူပြန်ပါသည်။

တရားအဆုံးတွင် မရူပ သို့မဟုတ် ရူပနန္ဒာထေရီမသည် အရဟတ္တဖိုလ်သို့ ရောက်တော်မူပါသည်။

ထေရီမသည် ခန္ဓာတည်း ဟူသော ဝန်ထုပ်ဝန်ပိုးကြီးကို ပစ်ချ၍ အိုနာသေခြင်းနှင့်တကွ စိုးရိမ်ပူဆွေးရခြင်း၊ ငိုကြွေးရခြင်းတို့ စိုးမိုးမင်းမူရာ သံသရာ့နယ်မြေမှ လွတ်လပ်သော အောင်မြေသို့ အပြီးတိုင် ပြေးထွက်နိုင်ခဲ့ပေပြီတကား။

ကျွန်ုပ်တို့ ဗုဒ္ဓဝါဒီများသည်လည်း အထက်ပါ ထေရီမကဲ့သို့ အို-နာ-သေခြင်း အနှောင်အဖွဲ့တို့ လွတ်ကင်းသော နိဗ္ဗာန်တည်း ဟူသော မဟာအောင်မြေသို့ ကူးမြောက်နိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုလိုက်ရပါသတည်း။ ။

ဓမ္မာစရိယ ဦးဝိဇယ
၁၄-၇-၇၇

## ဓမ္မာစရိယအောင်ပွဲ၌
## ဂုဏ်ပြု သီဆို ဖတ်ကြားသော

### လူးတားညှပ် ထပ်တွန့် ထပ်ကွန့် ရှစ်ဆယ်ပေါ် တေးထပ်

ဂုဏ်မှာ တုံ့စွာ မုံ့ရွာခရိုင့်၊ စုံလာသမိုင့် အကဲဖြာ၊ အရာတော်ပိုင့် မလဲသာမှာ၊ အမြဲရှည်ကြာ နေကြမြဲ၊ (စာမှာရှိပ လာလာကြည့်ကြ) မာတာပိတ ထူးစဉ်ဆောင်နှင်၊ ဦးတင်မောင်လျှင် ဖခမည်းတော်ဘဲ(မြူးရွှင်ပြောင်လွှင် အမတာ ခရီးမျှော်ဆဲ)....

[ (ကျမ်းလာရှိကြ မှန်းကာကြည့်ရ) လျှမ်းဖြာဇိန မှူးသခင်တောင်ပင်၊ ဖူးခြင်အောင်ပင် ဓမ္မ ကမ္ဘည်းပေါ်မြဲ ]....

(**လူးတား**)။ ။ကျောင်းလေသာရုံ၊ သာပုံ တင့်ဆန်း၊ နတ်နန်းဘုံမြင့်၊ ပြိုင်ဝင့်လေ၊ ရွှေလဲသာ ေမြ၊ ပစ္စိမေရှိ၊ ဌာနေရပ်ဘုံ၊ လေသာရုံဝသ်၊ မွေးထုံသင်းစွာ၊သတင်းဖြာ၍၊ပညာရှာကြောင်း၊ တပည့်ပေါင်းတို့၊ ညွတ်ပြောင်းစိတ်ကြည်၊ လောကုတ်ကိနှင့်၊ နှစ်လီသိမ်းထုပ်၊ မယုတ်စေရန်၊ ဦးပဏ္ဍိစ္စ၊ ထိုမှဆက်ကြည့်၊ လက်ရှိနာယက၊ ဦးအာသဖတိုင်၊ အမှန်ဓမ္မ၊ လက်ကိုင်ဆွေဖြင့်၊ စေတနာထား၊ ကြိုးစားခဲ့ပြီ၊ တလီခုခါ၊ ကျောင်း

တော်သာမှ၊ ဓမ္မာစရိယ၊ အောင်ပန်းရငြား၊ ဦးဝိဇယ၊ တပည့်တပါးကို၊ မြှောက်စားကျူးချီ၊ ဂုဏ်ပြုသည်တည့်၊ စုံညီသိုက်မြိုက်၊ နှစ်ခြိုက်အံ့သြော်၊ စိတ်ရွှင်ပျော်ကြ၊ တပည့် တကာ-တကာမ၊ များလှစုံစွာ၊ ပွဲချီးငြာ၍၊ သာယာသီပြူ၊ မြတ်သာဓုကို၊ ယခု ခေါ်ကြပွဲတည့်လေ၊ အောင်မြေထက်နွဲ၊ ပွဲထက်ပွဲ။

(တေးဆက်)။ ။(စိတ်ကြံမှန်းလို့ မိဋ္ဌာန်လှမ်းစို့) နိဗ္ဗာန်နန်းသို့ မျှော်မြင်ရည်သည်၊ ဒေါ်ခင်ကြည်မည် မယ်တော်တနဲ၊ ပျော်ရွှင်ညီညီ ဇမ္ဗူ့အထဲမှာလ၊ အလှူမစဲ နွဲကြပုံ၊ ထူးညွှန်းမည် ဦးထွန်းရီ ရဟန်းတကာ့၊ ရဟန်းအမ ဒေါ်သန်း မောင်မယ်စုံ (မသန်းဘယ မျှော်မှန်းအောင်နယ်လို့)....

[ဇာတ်အလာ မှတ်ဖရာ ဖြေမှန်အပြ၊ ဝေဿန္တရာ့ ဇာတ်လမ်းပမာယုံ]....

(ပစ္စယာလေးဝ ချစ်မပါတွေးဆ) စစ်သဒ္ဒါအေးမြ ထန်ပြင်းဟုန်ကြွယ်၊ စံခင်းမကုန် တကယ် ကြဲပြတော့၊ အလယ်လဲဗျ အံ့သြစိတ်ဝေဖြာ၊အောင်ပွဲ ဓမ္မာစရိယာ....

(သြဘာတက်သစ် ဝေါဟာတွက်စစ်) ကောဇာ သက္ကရာဇ် သုံးကိုးမှာကွယ်၊ ထုံးရိုးစဉ်လာ ထောင့်သုံးရာတဲ့ယေး....

(ပြောင်ငွေ ခရု အောင်ဇေယတု) အောင်စေအမှူ အောင်ဆုချွေသည်၊ အောင်စေ့....အောင်စေ အောင်ပန်းဝေလို့လေး....။

ပထမ အကြိမ်

၁၃၃၉ ခု၊ ဒုတိယဝါဆိုလ

၁၉၇၇ ခု၊ ဇူလိုင်လ

အုပ်ရေ (၁၀၀၀)

## ဓမ္မာစရိယ

# အောင်ပွဲ အထိမ်းအမှတ်

စစ်ကိုင်းတိုင်း
အရာတော်မြို့နယ်၊ မလဲသာရွာ
ရဟန်း ဒါယကာကြီး ဦးထွန်းရီ
ရဟန်းဒါယိကာမကြီး ဒေါ်သန်း တို့၏

( ဓမ္မဒါန )